
# မတူကွဲပြားမှု၏ အင်အားစု
# မြန်မာ့တိုင်းရင်းသားဒေသ ပညာရေးအဆင့်အတန်း မြင့်မားရေး

ကင်မ်ဂျိုလိဖ် နှင့် အီမီလီ စမီးယား မာလ်

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ် အမှတ် (၁၄)




The Asia Foundation
Improving Lives, Expanding Opportunities

# မတူကွဲပြားမှု၏ အင်အားစု
# မြန်မာ့တိုင်းရင်းသားဒေသ ပညာရေးအဆင့်အတန်းမြင့်မားရေး

ကင်မ်ဂျိုလိဖ် နှင့် အီမီလီ စမီးယား မားလ်

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်
အမှတ်(၁၄)

အောက်တိုဘာလ၊ ၂၀၁၆

ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်သည် မတူကွဲပြားအင်အားစု မြန်မာ့တိုင်းရင်းသားဒေသ ပညာရေးအဆင့်အတန်းမြင့်မားရေး ၊ အောက်တိုဘာလ ၂၀၁၆၊ ကင်မ်ဂျိုလိဖ်နှင့် အီမီလီ စမီးယားမားလ် တို့၏ မူရင်းသုတေသန စာစောင်အား အနှစ်ချုပ်ထားခြင်းဖြစ်ပါသည်။ မူရင်း သုတေသနစာစောင်ကို ဖော်ပြပါ ဝက်ဆိုက်ဒ်လင့်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ http://asiafoundation.org/publication/strength-in-diversity-burmese-version/

ရည်ညွှန်းကိုးကား - ကင်မ်ဂျိုလိဖ်နှင့် အီမီလီ စမီးယားမားလ်၊ အောက်တိုဘာလ ၂၀၁၆၊ *မတူကွဲပြားအင်အားစု မြန်မာ့တိုင်းရင်းသားဒေသ ပညာရေးအဆင့်အတန်းမြင့်မားရေး*၊ အာရှဖောင်ဒေးရှင်း

ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်နှင့် မူရင်း သုတေသနစာတမ်းကို ဗြိတန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) နှင့် ဩစတြေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်မှုဌာန (DFAT) မှ ရန်ပုံငွေ ထောက်ပံ့ ပေးထားပါသည်။

## တစ်။ ။ မိတ်ဆက်

ဗမာလူမျိုးများနေထိုင်ခြင်းမရှိသည့်ဒေသများတွင် ဒေသခံလူမျိုးစုအဖွဲ့အစည်းများဖြစ်သော ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများ (ethnic armed organizations (EAOs) က အခြေခံပညာရေးကို တာဝန်ယူပံ့ပိုးကြသည်။ ယင်းကဲ့သို့ လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ (ethnic basic education providers" (EBEPs) သည် ကျောင်းကော်မတီမှ လမ်းညွှန်ချက်နှင့်အညီ ရပ်ရွာများမှ ငွေကြေးထောက်ပံ့၊ စီမံ၊ ပြုစုမွမ်းမံသည့် ရပ်ရွာကျောင်းများနှင့် လက်တွဲပြီး လုပ်ငန်းအကောင်အထည်ဖော်လေ့ရှိသည်။ မြန်မာ့ပညာရေးကဏ္ဍတွင် EBEPs များ၏ အရေးကြီးပုံအသေးစိတ်ကို ယခုမူဝါဒစာတမ်းတွင် ဖော်ပြထားပါသည်။နိုင်ငံ၏ပညာရေးရည်မှန်းထားချက်အောင်မြင်ရေးတွင် EBEPs များအနေဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်ရန် အတွက် အစိုးရ၊ EAOs၊ EBEPs၊ နှင့် နိုင်ငံတကာမှ အထောက်အပံ့ပေးနေသည့် အဖွဲ့အစည်းများကို ကဏ္ဍတစ်ခုလုံးအတွက် ခြုံငုံလျက် လက်တွေ့ အကောင်အထည်ဖော်နိုင်သည့် တိုက်တွန်းချက်များကို ဖော်ပြထားပါသည်။

ငွေကြေးထောက်ပံ့မှုမရှိခြင်း၊ EAO နယ်မြေများသို့ ဝင်ထွက်ရန် လမ်းကြောင်းမရှိခြင်းတို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့တွင် ပညာရေးစနစ် ဖြန့်ကျက်ဆောင်ရွက်နိုင်ရန် အခက်အခဲရှိနေသည်။ အစိုးရ၏ ပညာရေးဝန်ဆောင်မှု လွှမ်းခြုံနိုင်ခြင်းမရှိသည့် နေရာများတွင် ဝင်ရောက်ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် EBEPs များကို ဖွဲ့စည်းကြသည်များလည်းရှိသည်။ ပညာရေးဝန်ကြီးဌာန၏ စနစ်သည် ဗမာဗဟိုပြုသည့်စနစ်ဖြစ်ခြင်း၊ ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အနေဖြင့် မိခင်ဘာသာစကားဖြင့် သင်ကြားခြင်းမှာလည်း သင်သည့်ဆိုရုံမျှသာဖြစ်ခြင်းကြောင့် EBEPs များအဖို့ ပညာရေးဝန်ကြီးဌာန မရောက်ရှိနိုင်သည့် နေရာတွင် ဝင်ရောက်ဖြည့်စွက်သည်သာမက ၎င်းတို့ရပ်ရွာများတွင် မိခင်ဘာသာစကားအခြေပြုပညာရေး (Mother-tongue-based (MTB) ဖြင့် သင်ကြားနိုင်ရန်လည်း အားထုတ်လေ့ရှိသည်။ ထို့ပြင် EAOs များနှင့် အခြားတိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများသည် နိုင်ငံတော်၏ ထိန်းချုပ်မှုမှ ကင်းလွတ်လျက် ၎င်းတို့ပြည်သူများကို လွတ်လပ်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရည်ရွယ်လျက်လည်း EBEPs များကို ဖွဲ့စည်းကြသည်။ နိုင်ငံတော်၏ အုပ်ချုပ်မှုအောက်သို့ မည်သည့်အခါမှ မရောက်ခဲ့ဖူးသည့်အရပ်ဒေသများ အများအပြားရှိပြီး အချို့သော EAO နေရာများတွင် ၎င်းတို့သည် အစိုးရတစ်ရပ်အနေဖြင့် ဆယ်စုနှစ်ချီ ရပ်တည်နေခဲ့ကြသည့် ဒေသအရေအတွက်မှာလည်း မနည်းလှပါ။ တိုင်းရင်းသားလူမျိုးမှ အရေးကြီးပုဂ္ဂိုလ်များအနေဖြင့် အစိုးရပညာရေးသည် ဗမာမဟုတ်သည့်လူမျိုးများကို ဗမာမှုပြုရန် သို့မဟုတ် ပုံစံတစ်ခုအောက် သွတ်သွင်းရန် အားထုတ်မှုအဖြစ် ရှုမြင်ကြပြီး အုပ်ချုပ်ရေးတစ်ခု၏ အစိတ်အပိုင်းတစ်ခုအဖြစ် အသွင်ပြောင်းသွားစေသည်။

EBEPs များအနေဖြင့် မစို့မပို့ရရှိသည့် နိုင်ငံတကာ အကူအညီများပေါ်တွင် ကာလရှည်ကြာ မှီခိုနေရသည်သာမက ၎င်းတို့ ပံ့ပိုးပေးသည့် ကျောင်းများသည်လည်း ၎င်းတို့ပြည်သူထဲမှ ဩဇာရှိသူများ၊ ရပ်ရွာသားများ၏ အချိန်နှင့် ငွေကြေးရင်းမြစ်ပံ့ပိုးမှုပေါ်တွင် အကြီးအကျယ်မှီခိုနေရသည်။[၁] မြန်မာအစိုးရနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်လိုက်ခြင်း၊ လူများစုမှီခိုနေရသည့် ပညာရေးဝန်ကြီးဌာနကို ပံ့ပိုးရန် အခွင့်အရေးများ ရလာခြင်းကြောင့် အလှူရှင်များအနေနှင့် ရွေးရခက်သည့် အခြေအနေကို မကြာသေးမီနှစ်များမှ စပြီး ရင်ဆိုင်နေကြရသည်။ မြန်မာအစိုးရ၏ ပညာရေးအသုံးစရိတ်သည်လည်း လွန်ခဲ့သည့်နှစ်များအတွင်း ၄ ဆခန့် တိုးတက်လာခဲ့ပြီး အပစ်အခတ်ရပ်စဲရေးများကြောင့် MoE အနေဖြင့် နေရာသစ်များတွင် တိုးချဲ့ဆောင်ရွက်လာနိုင်ခဲ့သည်။ ပြည်သူများကို အကျိုးပြုနိုင်ခဲ့သည်များရှိသော်လည်း MoE ၏ တိုးချဲ့မှု အစီအစဉ်များသည် စီမံမှုအားနည်းပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေး အခက်အခဲအမျိုးမျိုးသို့ ဦးတည်စေနေသည်။ ငွေကြေးသုံးစွဲမှုသည်လည်း ပရမ်းပတာဆန်ပြီး အပစ်အခတ်ရပ်စဲရေးပေါ်တွင် အယုံအကြည် လျော့ပါးစေသည်။ MoE နှင့် EBEPs များကြားတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်သည်၊ ထိထိရောက်ရောက် လုပ်ငန်းဆောင်ရွက်နိုင်သည့် ပုံစံတစ်ခုကို ပြုစုဖော်ထုတ်နိုင်သည်ဆိုပါက ယင်းအခက်အခဲများအားလုံး ဖြေရှင်းနိုင်မည်ဖြစ်သည်။

EBEPs များသည် မြန်မာ့ပညာရေးကဏ္ဍကို များစွာအကျိုးပြုလျက်ရှိသည်။ အစိုးရနှင့် နိုင်ငံတကာဖွံ့ဖြိုးရေး အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်၏ ပညာရေးကဏ္ဍ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အရေးကြီးသည့် လုပ်ဖော်ကိုင်ဖက်အနေဖြင့် ရှုမြင်ရန်လိုသည်။ အကြောင်းရင်းခံ ၄ ချက်ကြောင့် ယင်းအဖွဲ့အစည်းများသည် အရေးပါနေရသည်။

၁။ နယ်မြေကျွမ်းကျင်မှု၊ ဝင်ထွက်ဆောင်ရွက်နိုင်မှု
၂။ မိခင်ဘာသာစကားအခြေပြု နှင့် ဘာသာစကားစုံ အသုံးပြုသည့် ပညာရေးစနစ်တွင် အတွေ့အကြုံရင့်ကျက်မှု
၃။ ပြည်သူများမှ ယုံကြည်တန်ဖိုးထားခြင်း
၄။ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် အထောက်အကူ ပြုခြင်း တို့ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံအနှံ့ ပညာရေးအဓိက ဆောင်ရွက်သူအဖြစ် ရှိနေဆဲဖြစ်သော်လည်း ၎င်းတစ်ဖွဲ့တည်းသာ ဆောင်ရွက်နိုင်သည်ဟု မသတ်မှတ်နိုင်ပါ။ ပညာရေးကဏ္ဍ မတူကွဲပြားမှုအမျိုးမျိုးရှိနှင့်ပြီးဖြစ်သောကြောင့် ဘုံသဘောတူညီချက် အောင်မြင်ရေးအတွက် ဘုံလုပ်ငန်းစဉ်တွင် အခြားသော ပညာရေးအဖွဲ့အစည်းများ ပါဝင်နိုင်ရန် ခွင့်ပြုခြင်း၊ နေရာပေးခြင်းများ ဖြစ်ပေါ်လာစေရန် အစိုးရသည် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းဖြင့် ပညာရေးကဏ္ဍတွင် ကြီးမား

[၁] နော်ဝေ၊ ယူကေ၊ ဩစတေးလျ၊ ဥရောပသမဂ္ဂနှင့် အခြား အနောက်နိုင်ငံများနှင့်တကွ အမေရိကန်သည် EBEPs များကို အဓိက ပံ့ပိုးပေးခဲ့သည်။ အထူးသဖြင့် အမေရိကန်မှ အဓိကပံ့ပိုးခဲ့သည်။

သည့် အောင်မြင်မှုများ ရရှိနိုင်ပါသည်။ EBEPs များကို ပြည်ထောင်စုအတွင်းမှ တန်ဖိုးထားရမည့် အဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုခြင်းသည် ပညာရေးဆိုင်ရာ အမြတ်ထွက်ရုံသာမက ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက်လည်း များစွာ အရေးပါမည်ဖြစ်သည်။ ကျောင်းသားများအနေဖြင့် စနစ်တစ်ခုနှင့် တစ်ခုကြား ချောမွေ့စွာ ကူးပြောင်းနိုင်ရန်၊ သတ်မှတ်အရည်အသွေးအားလုံးကို အသိအမှတ်ပြုရန်၊ ပညာရေးပံ့ပိုးသည့် အဖွဲ့အစည်းများအားလုံး အရည်အသွေးမြင့်မားစေရန်၊ အရေးအကြီးဆုံးအချက်အနေဖြင့် ငွေကြေးပံ့ပိုးမှုများသည် နိုင်ငံတွင်းမှဖြစ်စေရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် EBEP စနစ်များ ဟန်ချက်ညီလျက် တိုးတက်ဖြစ်ထွန်းစေရန် ပြုပြင်ပြောင်းလဲမှုများ အဆင့်ဆင့်ပြုလုပ်ရန် လိုအပ်သည်။

## နှစ်။ ။ မြန်မာ့ပညာရေး ပဋိပက္ခဖြစ်စဉ် အကျဉ်းချုပ်

ဧရာဝတီမြစ်ဝှမ်းအောက်ပိုင်းနှင့် အနီးအနားလွင်ပြင်နေ ဗမာအများစု နေထိုင်သည့် ဗဟိုနှင့် အစွန်အဖျားနေ အခြားလူမျိုးစုများကြား ပဋိပက္ခများသည် မြန်မာ့နိုင်ငံရေးဖြစ်စဉ်ပေါ်တွင် အဓိက သက်ရောက်လျက်ရှိသည်။ မြန်မာဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများကို နိုင်ငံရေးမကျေနပ်ချက် ပုံစံအမျိုးမျိုးဖြင့်ရှိနေသည့် ဗမာမဟုတ်သည့် (တိုင်းရင်းသားလူမျိုးများ) သို့ သွတ်သွင်းလျက် ဗမာဗဟိုပြု နိုင်ငံတည်ထောင်ရန် အစိုးရအနေဖြင့် အထူးအားစိုက်ဆောင်ရွက်နေသည် ဖြစ်သောကြောင့် ပညာရေးမူဝါဒ၊ လုပ်ကိုင်ပုံများသည် လက်နက်ကိုင် ပဋိပက္ခကို တစိတ်တဒေသအနေဖြင့် အားပေးလျက်ရှိသည်။ သက်ရောက်မှုအနေဖြင့်ယင်းပဋိပက္ခများသည်အခြေခံပညာရေးကဏ္ဍ ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းအများအပြားကို ပေါ်ပေါက်စေခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဘာသာရေး အဖွဲ့အစည်းများ၏ ပညာရေးဌာနများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစုနေရာများတွင် ပညာရေးကဏ္ဍ ဝင်ရောက်ဆောင်ရွက်သည့် ရပ်ရွာအကျိုးဆောင်များကို ပေါ်ပေါက်စေခဲ့သည်။

**လွတ်လပ်ရေးမရမီကာလ -** အနည်းဆုံး ၁၆ ရာစုနှစ်ခန့်မှစပြီး မြန်မာ့ပညာရေးသည် အဖွဲ့အစည်း အမျိုးမျိုးမှ စင်ပြိုင်ထောက်ပံ့ခဲ့သည့် ပညာရေးဖြစ်သည်။[၂] ယင်းနောက်ပိုင်းတွင် ကက်သလစ် သာသနာပြုများမှ မြန်မာနိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းတွင် သာသနာပြုကျောင်းများ တည်ထောင်ခဲ့သည်။ အင်္ဂလိပ်-ဗမာ ဒုတိယစစ်ပွဲ ၁၈၅၂ အပြီးတွင် ခရစ်ယာန်သာသပြုများအဖို့ ပညာရေးပိုင်းတွင် ထိထိရောက်ရောက် တိုးချဲ့ဆောင်ရွက်ရန် အခွင့်ရရှိလာခဲ့ကြသည်။[၃] အထူးသဖြင့် အမေရိကန် နှစ်ခြင်းသာသနာပြုကျောင်းများ သိသိသာသာ တိုးတက်လာခဲ့သည်။ မော်လမြိုင်နှင့် ရန်ကုန်တွင် အခြေစိုက်သည့် သာသနာပြုများသည် ကရင်၊ ကချင်၊ ချင်း၊ ဖိုမီး အစရှိသော လူမျိုးများနေထိုင်ရာ တောင်တူထပ်သည့်ဒေသတွင် ဗမာမဟုတ်သည့်အုပ်စုများ၊ တောင်ပေါ်နေလူမျိုးများကို ဒေသခံဘာသာစကားနှင့် ဥရောပဘာသာစကားများ သင်ကြားပေးခဲ့သည်။ ယင်းအချိန်နှင့်တပြိုင်နက်တည်း ဗြိတိသျှကိုလိုနီသည်လည်း နိုင်ငံအဆင့် ပညာရေးစနစ်ကို စတင်ပြုစုနေပြီဖြစ်သည်။ အထက်တန်းလွှာများအတွက် အင်္ဂလိပ်ဘာသာဖြင့် ကျောင်းများကို တည်ထောင်ထားခဲ့ကြသည်။ ပုံမှန်လူတန်းစားအတွက်မူ ရှိရင်းစွဲ ဘုန်းတော်ကြီးသင်ပညာရေးစနစ်တွင် အနောက် စံသတ်မှတ်ချက်များ၊ အယူအဆများ သွတ်သွင်း သင်ကြားရန် အစပိုင်းတွင် အားထုတ်ခဲ့သည်။ ယင်းပုံစံ အလုပ်မဖြစ်ကြောင်း သိရပြီးနောက်ပိုင်းတွင် ဗြိတိသျှများအနေဖြင့် သာသနာပြုများအကူအညီဖြင့် အလွတ်တန်းကျောင်းများ၊ မြန်မာ-အင်္ဂလိပ် ၂ ဘာသာ အသုံးပြုသည့်ကျောင်းများ ပေါ်ပေါက်လာစေရန် အားပေးခဲ့သည်။ နောက်ပိုင်းတွင် တက္ကသိုလ်များတည်ထောင်ခဲ့သည်။ ဘုန်းတော်ကြီးသင်ကျောင်းများ အနေဖြင့် နေရာဒေသအတော်များများတွင် ပညာရေးပံ့ပိုးမှုများ ပြုလုပ်ခဲ့သော်လည်း ကိုလိုနီအုပ်ချုပ်ရေးက အလွတ်တန်းကျောင်းများကဲ့သို့ ထောက်ပံ့မှု အလုံအလောက်ရရှိခဲ့ခြင်း မရှိပါ။

ပညာတတ် (အင်္ဂလိပ်စကားပြော) ပုဂ္ဂိုလ်များ မွေးထုတ်ပေးနိုင်ခဲ့ခြင်း၊ ကိုလိုနီစနစ်အတွင်း တိုင်းရင်းသားလူမျိုးများမှ အထက်တန်းလွှာများအနေဖြင့် အရေးပါသည့်ရာထူးများ ရရှိလာခြင်း သို့မဟုတ် ရိုးရာခေါင်းဆောင်မှုပုံစံကို ဆက်လက်ထိန်းထားနိုင်ခဲ့သဖြင့် ကိုလိုနီခေတ်တွင် ပညာရေးတိုးတက်မှုသည် တိုင်းရင်းသားလူမျိုးစုများ၏ အမျိုးသားရေး တက်ကြွလာမှုတွင် အဓိကနေရာမှ ပါဝင်ခဲ့သည်။ ပညာတတ် ခရစ်ယာန်ခေါင်းဆောင်များသည် ကရင်၊ ချင်း၊ ကချင် အမျိုးသားလှုပ်ရှားမှုများကို ပေါ်ပေါက်စေခဲ့သည်။ ယင်းအချိန်တွင် ဗုဒ္ဓအများစုဖြစ်သော ဗမာ နှင့် မွန်ကဲ့သို့သော လူမျိုးများအတွက် ပညာရေးအခွင့်အလမ်းမှာ အနည်းငယ်သာရှိသည်။[၄] ယင်းအခင်းအကျင်းသည် ဗမာအမျိုးသားရေးလှုပ်ရှားမှုပေါ်တွင် များစွာ လွှမ်းမိုးမှုရှိခဲ့သည်။ ၁၉၃၀ နှစ်များမှ စတင်ခဲ့သည့် လွတ်လပ်ရေးကြိုးပမ်းမှု လှုပ်ရှားမှုများတွင် ဗမာ ဘာသာစကားနှင့် ယဉ်ကျေးမှုသည် အဓိက အကြောင်းအရာဖြစ်ခဲ့သည်။[၅]

**လွတ်လပ်ပြီးခေတ် နှင့် နိုင်ငံစနစ်တည်ထောင်ခြင်း (၁၉၄၈-၁၉၆၂)** - ၁၉၄၈ လွတ်လပ်ရေးရပြီးသည်နှင့်တပြိုင်နက် တိုင်းရင်းသားလူမျိုးစု အမျိုးသားရေးလှုပ်ရှားမှုများ၊ လက်ဝဲလှုပ်ရှားမှုများကြောင့် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားခဲ့သည်။ ထို့ကြောင့် ဗမာအများစုပါဝင်သည့် နိုင်ငံလက်နက်ကိုင်တပ်များ (တပ်မတော်) သည် ပထမဆုံးအကြိမ် အနေဖြင့် ဗမာနေထိုင်ခြင်းမရှိသည့် ချောင်ကျသည့်ဒေသများသို့ အင်အားအများအပြား ဖြန့်ကျက်နေရာယူလိုက်သည်။[၆] တချိန်တည်းမှာပင် ဝန်ကြီးချုပ် ဦးနု ဦးဆောင်သည့် အစိုးရသစ်သည်လည်း နိုင်ငံတဝှမ်းမှ ကလေးငယ်များအားလုံးကို အနိမ့်ဆုံးအနေဖြင့် အခြေခံပညာသင်ကြားပေးနိုင်ရန် ရွာတိုင်းတွင် ကျောင်းများ ဖွင့်လှစ်သွားမည့် နိုင်ငံအဆင့် ပညာရေးစနစ်ကို တည်ထောင်ရန် အားထုတ်လျက်ရှိသည်။ ကိုလိုနီအစိုးရနှင့် လက်တွဲလုပ်ဆောင်ခဲ့သည့် တရုတ်စကားပြော၊ ဟန္ဒီစကားပြော လူနည်းစု အာဏာပိုင်များကို ချေဖျက်နိုင်ရန် အစိုးရအနေဖြင့် ဗမာစကားကို အဓိကဘာသာစကားအဖြစ် အသုံးပြုရန်

[၂] ရိုးရာအစဉ်အလာအရ ဘုန်းကြီးကျောင်းများသည် ပါဠိအခြေခံပြီး စာပေများကို သင်ကြားသည်။ မြန်မာ၊ မွန်၊ ရှမ်း၊ ရခိုင် နှင့် အခြားဘာသာများကိုလည်း သင်ကြားပေးသည်။ ဗုဒ္ဓသာသနာသည်လည်း အနီးအနားမှ နတ်ကိုးကွယ်သူများထံသို့ ချဲ့ထွင်နိုင်ခဲ့ပြီး ပညာရေးကို အဓိကအသုံးချလျက် သာသနာပြုခဲ့ကြသည်။

[၃] Jolliffe, K. (2016).

[၄] Lall and South (2011), 11.

[၅] Callahan (2003b), 151.

[၆] တပ်မတော်၏ မူလအင်အား ၅၀ ရာခိုင်နှုန်းနီးပါးသည် တောခိုသွားကြသည်။ လူသစ်စုဆောင်းမှုများကို အလျင်အမြန် ဆက်တိုက်ပြုလုပ်ခဲ့ပြီး တပ်မတော်တစ်ခုလုံးသည် ဗမာအများစုပါဝင်သည့် အစုအဖွဲ့ဖြစ်လာခဲ့သည်။

အရှိန်မြင့်ဆောင်ရွက်နေသည်။[၇] ပြည်တွင်း စည်းလုံးညီညွတ်ရေးကိုလည်း တဖက်က ဆောင်ရွက်လျက်ရှိသည်။[၈] သို့သော်လည်း ဗမာနေထိုင်ခြင်းမရှိသည့် ဒေသများမှ အမျိုးသားရေးထက်သန်သည့် ခေါင်းဆောင်ပိုင်းမှ ယင်းဆောင်ရွက်ချက်များသည် ဗမာမှုပြုခြင်း သို့မဟုတ် ပုံစံတစ်ခုအတွင်း သွတ်သွင်းခြင်းလုပ်ငန်းစဉ် အစိတ်အပိုင်းတစ်ခုအနေဖြင့် ရှုမြင်ကြသည်။ ဗမာမဟုတ်သည့် ဘာသာစကားများ၏ စာပေပို့ချမှုများကို ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ကျောင်းနှင့် အခြား အလွတ်တန်းကျောင်းများတွင် ဆက်လက်သင်ကြားလျက်ရှိသည်။ အချို့သော တိုင်းရင်းသားလူမျိုးစုဒေသများရှိ အစိုးရပညာရေးစနစ်တွင် မိခင်ဘာသာစကားဖြင့် သင်ကြားနိုင်ကြသည်။ အချို့သော နယ်မြေများမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်မှုအောက်တွင် ရောက်သွားသဖြင့် EAO များသည် ၎င်းတို့ ကိုယ်ပိုင်စနစ်ဖြင့် ပညာရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကြသည်။

**နေဝင်းဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈) -** ၁၉၆၂ တွင် တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းယူပြီး ဗဟိုဦးစီးမှု ပုံစံတစ်ခု ဖွဲ့စည်းကာ ဗမာ့နည်းဗမာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်ကို အစပြုခဲ့သည်။ ၁၉၆၄-၆၅ တွင် ဘာသာရေးသာသနာပြုများ ဖွင့်လှစ်ထားသည့် ကျောင်းများ၊ ပုဂ္ဂလိကကျောင်းများကို ပြည်သူပိုင်သိမ်းခဲ့ပြီး နိုင်ငံ အဆင့်သင်ရိုးကို သင်ကြားစေပြီး ဗဟိုချုပ်ကိုင်မှုအောက်သို့ သွတ်သွင်းလိုက်သည်။ ယင်းသို့ဆောင်ရွက်မှုကြောင့် အနိမ့်ဆုံးအနေဖြင့် ဒေသခံဆရာများသည် တိုင်းရင်းသားဘာသာစကားများကို တရားဝင် ဘာသာရပ်အနေဖြင့် သင်ကြားရန် ခက်ခဲလာသည်။ အချို့သော နယ်မြေများတွင် တိုင်းရင်းသားဘာသာစကားကို ကျောင်းတွင် သင်ကြားခွင့်ရသော်လည်း အချို့နေရာများတွင် ဖျက်သိမ်း သို့မဟုတ် အကြီးအကျယ်ဖိနှိပ်ခြင်းခံရသည်။[၉] ၁၉၆၄-၆၅ ခုနှစ်အတွင်း အစိုးရသည် နာမည်ကြီးကျောင်းပေါင်း အနည်းဆုံး ၁၃၇ ကျောင်းကို ပြည်သူပိုင် သိမ်းခဲ့ပြီး ကျေးလက်ရပ်ရွာမှ ရွာကျောင်းများကိုလည်း စနစ်တစ်ခု အောက်သို့ ပေါင်းစည်းခြင်းကို စတင်ပြုလုပ်ခဲ့သည်။ ပုဂ္ဂလိကကျောင်းများကို ပိတ်ပင်ထားသည့်အလျှောက် စနစ်အောက်သို့ ပူးပေါင်းနိုင်ခြင်း မရှိသည့် ကိုယ်ထူကိုယ်ထကျောင်းများကိုလည်း ပိတ်သိမ်းခဲ့သည်။

ကချင်လွတ်လပ်ရေးအဖွဲ့ (Kachin Independence Organization (KIO) တောခိုခြင်း၊ ရှမ်းလက်နက်ကိုင် လှုပ်ရှားမှုများ စတင်လာခြင်းတို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ပိုမိုပြင်းထန်လာရသည်။[၁၀] ၁၉၇၂ တွင် မွန်ပြည်သစ်ပါတီ ( ၁၉၅၈ တွင် တည်ထောင်) သည် ဗဟို ပညာရေးဌာနကို တည်ထောင်ခဲ့သည်။ KIO ပညာရေးဌာနကို ၁၉၇၈ တွင် တည်ထောင်ခဲ့သည်။ ၁၉၆၈ တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် တရုတ်နယ်စပ်တလျှောက် နယ်မြေအများအပြားကို ထိန်းချုပ်နိုင်ခဲ့ပြီး အခြားနယ်မြေများရှိ EAO အများအပြားနှင့် မဟာမိတ်ဆက်ဆံရေး ထူထောင်ခဲ့သည်။ ပါတီအနေဖြင့် ပညာရေးဝန်ဆောင်မှုပေးခြင်း ရှိမရှိမှာ ရှင်းလင်းခြင်းမရှိပါ။ ၁၉၇၀ နှစ်များတွင် KNU ကို ဧရာဝတီမြစ်ဝကျွန်းပေါ် နှင့် ပဲခူးရိုးမတို့မှ အပြီးတိုင် တိုက်ထုတ်နိုင်ခဲ့သည်။ သို့သော်လည်း ၎င်းသည် အရှေ့တောင်တစ်ခြမ်းတွင် ၎င်းထိန်းချုပ်နယ်မြေကို တစုတစည်းတည်း စုဝေးထားနိုင်ခဲ့သည်။ ၁၉၇၆ တွင် KNU KIO မွန်ပြည်သစ်ပါတီ KNPP နှင့် အခြားသော ကွန်မြူနစ်မဟုတ်သော EAO ၆ ဖွဲ့ ပေါင်းပြီး အမျိုးသားဒီမိုကရေစီတပ်ဦးကို ဖွဲ့စည်းခဲ့ပြီး ဖက်ဒရယ်ကိုအခြေခံသည့် ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတည်ထောင်ရေးအတွက် အတိုက်အခံအဖြစ် တိုက်ပွဲဝင်ခဲ့ကြသည်။

**စနစ်သစ်၊ မူဝါဒအသစ်များ (၁၉၈၈-၂၀၁၁) -** ၁၉၈၈ ခုနှစ်တွင် စစ်တပ်မှ ဒုတိယအကြိမ် အာဏာသိမ်းပြီးနောက်ပိုင်း စစ်အစိုးရသစ်သည် အဓိက EAO အဖွဲ့ကြီး ၁၇ ဖွဲ့၊ အခြားခွဲထွက်အဖွဲ့ငယ်ပေါင်း တစ်ဒါဇင်ကျော်နှင့် အပစ်အခတ်ရပ်စဲရေး ရယူနိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် KNU မှ ခွဲထွက်အဖွဲ့ကြီးသည် ဒီမိုကရက်တစ် ကရင် ဗုဒ္ဓဘာသာ တပ်မတော် (Democratic Karen Buddhist Army) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး တပ်မတော်၏ လက်ဝေခံအနေဖြင့် KNU နှင့် ၁၆ နှစ်တိုင်တိုင် တိုက်ခိုက်ခဲ့သည်။

၁၉၉၀ နှစ်များအတွင်း အချို့သော အပစ်ရပ် EAO များသည် ၎င်းတို့ဒေသများတွင် အုပ်ချုပ်ရေးစနစ်များကို အခိုင်အမာ ထူထောင်နိုင်ခဲ့ကြပြီး စစ်တပ်အစိုးရနှင့် ပူးပေါင်းမှုများ စတင်ပြုလုပ်ခဲ့သည်။ NMSP နှင့် KIO ပညာရေးဌာနအနေဖြင့် ၎င်းတို့ကျောင်းသားများကို အစိုးရစာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုခွင့်ရသည်အထိ ပူးပေါင်းနိုင်ခဲ့ကြပြီး အစိုးရထိန်းချုပ်ဒေသများမှ ရပ်ရွာမှ ကိုယ်ထူကိုယ်ထကျောင်းများကို ပွင့်ပွင့်လင်းလင်း ထောက်ပံ့နိုင်ခဲ့ကြသည်။ အရှေ့တောင်ခြမ်းတွင်တော့ တပ်မတော်သည် အပစ်အခတ်ရပ်စဲထားသည့် EAO ၃ နှင့် လက်တွဲပြီး ထိုးစစ်များ ဆင်နွှဲလျက်ရှိသည်။[၁၁] KNU ၊ KNPP နှင့် MTA မော်တိုင်းတပ်မတော် တို့ပေါ်တွင် အသာစီးမှ တိုက်စစ်ဆင်နိုင်ခဲ့သည်။[၁၂] စစ်ဘေးကြောင့်ထွက်ပြေးရသူများကို ပံ့ပိုးပေးနိုင်ရန်အတွက် ကရင်နီအမျိုးသားပညာရေးဌာနနှင့် ကရင်ပညာရေးဌာနတို့သည်

---

[၇] Callahan (2003b), 144.

[၈] Kyaw Yin Hlaing (2007), 154.

[၉] ထို့ပြင် ရှမ်း၊ ကချင်၊ ကယား နှင့် ကရင်၊ ချင်း ဝိသေသတိုင်းမှ ဒေသန္တရအစိုးရများကို ဖြုတ်ချလိုက်ပြီး၊ စစ်ကောင်စီများဖြင့် အစားထိုးလိုက်သည်။ ဒေသတွင်းမှ ကျောင်းများအတွက် ဒေသန္တရအစိုးရများထံမှ အထောက်အပံ့ရနေသည့် ပံ့ပိုးမှုများ လျှော့ချလိုက်ခြင်း၊ ရပ်လိုက်ခြင်း ဖြစ်နိုင်သည်။

[၁၀] ပထမဆုံးသော ရှမ်းလက်နက်ကိုင်တော်လှန်ရေး ၁၉၅၈ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉ ၆၀ နှစ်လည်ပိုင်းတွင် အဓိက အဖွဲ့ကြီး ၄ ဖွဲ့အဖြစ် ရပ်တည်သွားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် KIO ကို စတင်ခဲ့သည်။

[၁၁] ယင်းကာလအတွင်း တပ်မတော်သည် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော်နှင့် လက်တွဲပြီး KNU ကို တိုက်ခိုက်သည်။ ဝပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် တွဲလျက် MTA ကို တိုက်ခိုက်သည်။ ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး KNPLF နှင့် တွဲလျက် KNPP ကို တိုက်ခိုက်သည်။ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများကို နယ်စပ်ဖြတ်ကျော်လျက် တိုက်ခိုက်ရန်အတွက် DKBA နှင့် KNPLF တို့ကို အသုံးချသည်။

[၁၂] ယင်းထိုးစစ်များသည် KNU နှင့် KNPP ၏ စစ်ရေး၊ အုပ်ချုပ်ရေးအဝန်းအဝိုင်းကို သိသိသာသာကျုံ့ဝင်သွားစေပြီး ၎င်းတို့၏ပညာရေးစနစ်များကိုလည်း ပျက်စီးသွားစေခဲ့

ထိုင်းနိုင်ငံအတွင်းမှ ဒုက္ခသည်စခန်းများတွင် ကျောင်းများ ဖွင့်လှစ်ခဲ့သကဲ့သို့၊ RCSS နှင့်ချိတ်ဆက်ထားသည့် ကွန်ယက်များကလည်း ရှမ်း စစ်ပြေးစခန်း ၅ ခုတွင် ကျောင်းများဖွင့်လှစ်ခဲ့သည်။

၁၉၉၀ နှစ်များတွင် အစိုးရ ပညာရေးဆောင်ရွက်မှုများ တိုးတက်လာသည်။ တိုင်းရင်းသားလူမျိုးစုများဒေသတွင် ကျောင်းဆောက်ခြင်း၊ ဆရာများကို လေ့ကျင့်သင်တန်းပေးခြင်းများ ပြုလုပ်လာသည်။ ပဋိပက္ခသက်ရောက်မှုရှိသည့်နေရာများတွင် ထိရောက်သည့် ပညာရေး ပံ့ပိုးမှုများ ပြုလုပ်ရန် နိုင်ငံတော်အနေဖြင့် အခက်အခဲများစွာ တွေ့နေရသည်။ ယင်းကာလအတွင်း အစိုးရပညာရေးမူဝါဒနှင့် လုပ်ငန်းအစီအစဉ်များသည် မပွင့်မလင်းရှိသကဲ့သို့ ထိရောက်ခြင်းလည်းမရှိပါ။ စစ်တပ်အစိုးရ အစီအစဉ်အတိုင်း အထက်မှ အောက်သို့ အမိန့်ပေးစနစ်ဖြင့် ဆောင်ရွက်သည်။ ဆိုရှယ်လစ်ခေတ်အတွင်း တင်းကျပ်ထားသည့် အစိုးရနှင့်မဆိုင်သည့် ကျောင်းများနှင့်ဆိုင်ပြီး အချို့ကန့်သတ်ချက်များကို ဖြေလျှော့ပေးလိုက်သည်။ ၁၉၉၂ ခုနှစ်တွင် ဘုန်းတော်ကြီးသင်ကျောင်းများအနေဖြင့် အစိုးရသင်ရိုးအတိုင်း သင်ကြားမည်ဆိုပါက သာသနာရေးဝန်ကြီးဌာန တွင် မှတ်ပုံတင်စေကာ ပြန်လည်ဖွင့်လှစ်ရန် ခွင့်ပြုခဲ့သည်။ ယင်းကာလအတွင်း မြန်မာနိုင်ငံကို နိုင်ငံတကာက ပိတ်ဆို့ထားသဖြင့် ပညာရေးပိုင်းထောက်ပံ့သည့် နိုင်ငံတကာအလှူရှင်အများစုသည် နိုင်ငံတော်နှင့် ပတ်သက်ခြင်းမရှိသည့် ပညာရေး အစုအဖွဲ့များကို အများစုထောက်ပံ့ကြသည်။ အဓိကအားဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကဏ္ဍနှင့် EAO များနှင့် အချိတ်အဆက်ရှိသည့် ကွန်ယက်များကို နယ်စပ်ဖြတ်ကျော် ပံ့ပိုးကြသည်။

**ပြုပြင်ပြောင်းလဲရေးကာလ (၂၀၁၁-၂၀၁၆)** - ၂၀၁၁ ခုနှစ်မှ စတင်ပြီး အစိုးရ၏ ပညာရေးအသုံးစရိတ်များ အလွန်မြင့်တက်လာသည်။ အားလုံးအတွက် အခမဲ့ မသင်မနေရပညာရေးကို ဦးတည်သည့် မူဝါဒအသစ်များကိုလည်း စတင်ကျင့်သုံးလာသည်။ ၂၀၁၁ နှင့် ၂၀၁၂ အတွင်း ပဋိပက္ခအနေအထားမှာလည်း သိသိသာသာပြောင်းလဲသွားသည်။ KIO ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (Shan State Progress Party (SSPP)၊ အခြားအဖွဲ့များနှင့် သဘောတူထားသည့် အပစ်အခတ်ရပ်စဲရေးများ ပျက်ပြယ်သွားသည်။ KNU ၊ RCSS ၊ KNPP အပါအဝင် အခြားသော EAO ၇ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး မပြုလုပ်မီ ပျက်ပြယ်သွားခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်များကြောင့် ရှမ်းတောင်ပိုင်း၊ မြန်မာအရှေ့တောင်ခြမ်းတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ သိသိသာသာလျော့ကျသွားပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် သိသိသာသာ မြင့်တက်လာသည်။[၁၃] အစိုးရကို ဖက်ဒရယ်စနစ်ဖြင့် ဖွဲ့စည်းရန် လိုအပ်သည်ဟု အင်အားကြီး နိုင်ငံရေးစတိတ်ဟိုဒါများအားလုံး သဘောတူနိုင်ခဲ့သည့် ၂၀၁၅ ခုနှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အသစ်သည် အလားအလာကောင်းများသို့ ဦးတည်နိုင်ခဲ့သည်။ ယင်းသဘောထားသည် EAO အများစုနှင့် အခြားတိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ ဆယ်စုနှစ်ကြာ တောင့်တခဲ့သည့် သဘောထား ဖြစ်သည်။

---

သည်။ လူပေါင်းရာထောင်ချီ နေအိမ်စွန့်ခွာထွက်ပြေးရပြီး KNU KNPP RCSS နယ်မြေများအတွင်းရှိ ပြည်တွင်းနေရပ်စွန့်ခွာပြေးရသည့် စစ်ဘေးဒုက္ခသည်စခန်းများ၊ ထိုင်းနိုင်ငံတွင် EAO များတည်ထားသည့် ဒုက္ခသည်စခန်းများတွင် သွားရောက်ခိုလှုံကြရသည်။

[၁၃] KIO နှင့် SSPP အပြင် ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး Palaung State Liberation Front (PSLF)၊ မြန်မာ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် Myanmar National Democratic Alliance Army (MNDAA)၊ ရက္ခိုင် တပ်မတော်နှင့်လည်း ကချင်ပြည်၊ ရှမ်းပြည်တွင် တိုက်ပွဲများဖြစ်နေသည်။

## သုံး။ ။ လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ

**လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ (Ethnic basic education provider (EBEP) -** တိုင်းရင်းသားလူမျိုးစုနှင့် ဆက်စပ်ပြီး ပညာရေးပိုင်းတွင် ဆောင်ရွက်ပေးနေသည့် အဖွဲ့များအားလုံးကို ရည်ရွယ်သည့် စကားရပ်ဖြစ်သည်။ မူလတန်းကြို၊ အခြေခံ၊ အလယ်တန်း၊ အထက်တန်းကျောင်းများ ဖွင့်လှစ်နေသည့် လူမျိုးစုအဖွဲ့အစည်းများ အားလုံးကို ဆိုလိုသည်။ EAO များ၏ ပညာရေးဌာနများ၊ လွတ်လပ်သော အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ဘာသာရေး သို့မဟုတ် ရပ်ရွာအခြေပြု အဖွဲ့အစည်းများလည်း ယင်းစကားရပ်အောက်တွင် အကျုံးဝင်သည်။

**ရပ်ရွာကိုယ်ထူကိုယ်ထကျောင်းများ၏ အခြေခံပညာရေး ပံ့ပိုးမှု -** လက်နက်ကိုင်ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများတွင် ကျောင်းအများစုမှာ ရပ်ရွာကိုယ်ထူကိုယ်ထ (community school) ကျောင်းများဖြစ်ပြီး ဒေသခံများပါဝင်ဖွဲ့စည်းထားသည့် စီမံကော်မတီ သို့မဟုတ် မိဘဆရာအသင်းက စီမံသည်၊ ထိန်းကျောင်းသည်။ တည်ငြိမ်မှုရှိသောဒေသ၊ အစိုးရထိန်းချုပ်ထားသည့် ကျေးရွာများ နှင့် အစိုးရကျောင်းများလည်း ဖွင့်လှစ်ထားသည့် ရပ်ရွာများတွင်လည်း လူမျိုးစု ကိုယ်ထူကိုယ်ထကျောင်းများ ရှိလေ့ရှိသည်။ ရပ်ရွာကျောင်းများအနေဖြင့် ပထမဆုံး အခြေခံရန်ပုံငွေအနေဖြင့် ရပ်ရွာများမှစိုက်ထုတ်သည့် ငွေကြေးပေါ်တွင် အခြေခံပြီး အလှူငွေများ၊ မိဘများပေးသွင်းသည့် ကျောင်းလခများဖြင့် ဆက်လက်ရပ်တည်သည်။ ကျောင်းကော်မတီ အဖွဲ့ဝင်များဦးစီးပြီး ရန်ပုံငွေရှာဖွေသည့် အစီအစဉ်များကို ပြုလုပ်သည်။ ဘာသာရေး သို့မဟုတ် သြဇာညောင်းသည့်ပုဂ္ဂိုလ်များ၏ အကူအညီကို ယူ လျှက် ရန်ပုံငွေရှာသည်များလည်းရှိသည်။ ပုံမှန်အားဖြင့် ကျောင်းလခပေးရန် သတ်မှတ်ထားခြင်းမရှိသော်လည်း ပေးသွင်းလိုက ပေးသွင်းနိုင်သည်။

**EBEP များ၏ ပံ့ပိုးမှု -** EBEP များ၏ ပုံမှန်ပံ့ပိုးမှုဟုဆိုရာတွင် ဆရာများစရိတ်၊ လုပ်ငန်းခွင်မဝင်မီ သို့မဟုတ် လုပ်ငန်းခွင်ဝင်နေသူ ဆရာများကို သင်တန်းပေးခြင်း၊ အုပ်ချုပ်စီမံပိုင်း စောင့်ကြည့်ပေးခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် ဆန်းစစ်ခြင်း၊ ဆရာမရှိသည့် ရပ်ရွာများတွင် ဆရာပို့ပေးခြင်း၊ ဖတ်စာအုပ် နှင့် အခြား သင်ထောက်ကူပစ္စည်းများ (ကိုယ်ပိုင်ဖတ်စာအုပ်၊ ပညာရေးဝန်ကြီးဌာနဖတ်စာအုပ်၊ သို့မဟုတ် အခြားသူများစီစဉ်ထားသည့် ဖတ်စာအုပ်များ)၊ စာရေးကိရိယာနှင့် စာသင်ခန်းသုံးပစ္စည်းများ၊ ပရိဘောဂများ ပါဝင်လေ့ရှိသည်။ အခြေခံအဆင့်လွန် ပညာရေးအဆင့်များ ဆည်းပူးနိုင်ရန်လည်း EBEP များမှ အရေးတယူဆောင်ရွက်ပေးသည်။ ပညာရေးဝန်ကြီးဌာန သို့မဟုတ် အစိုးရနှင့်ချိတ်ဆက်ထားသည့် ဘုန်းတော်ကြီးသင်ကျောင်းများ မှ တဆင့် အလယ်တန်း၊ အထက်တန်း တက်ရောက်နိုင်ရန် စီစဉ်ပေးသည်။ EAO ဒေသခံအာဏာပိုင်များကလည်း ရပ်ရွာကျောင်းများကို ပစ္စည်း၊ ငွေကြေး သို့မဟုတ် ကျောင်းအဆောက်အအုံသစ်အတွက် လုပ်အားပေးခြင်းများဖြင့် ပံ့ပိုးသည်။ EAO နယ်မြေအတွင်းမှ အချို့သော ကျောင်းများသည် EAO များ၏ အပြည့်အဝ စီမံမှုအောက်တွင်ရှိပြီး ရပ်ရွာကျောင်းဆိုခြင်းထက် အစိုးရကျောင်းဟု ပြည်သူများက သတ်မှတ်ထားကြသည်။

**ပညာရေးဝန်ကြီးဌာန (MoE) ၏ ပံ့ပိုးမှု -** အားလုံးခြုံ၍သုံးသပ်လျှင် အစိုးရအထောက်အပံ့သည် လုံလောက်မှုမရှိသော်လည်း ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများတွင်တော့ အတက်ကြွဆုံးလှုပ်ရှားသည့် အစိုးရဌာနသည် ပညာရေးဝန်ကြီးဌာနဖြစ်သည်။ အထူးသဖြင့် တပ်မတော်တပ်ရင်းများနှင့် နီးစပ်သည့်နေရာ၊ သို့မဟုတ် နိုင်ငံတော်နောက်ခံပြည်သူ့စစ်များ ကြီးစိုးသည့်နေရာတွင် ပို၍တက်ကြွစွာလှုပ်ရှားသည်။ ယင်းကဲ့သို့ဒေသများရှိ ဒေသခံကျောင်းများကို EBEPs များက ပံ့ပိုးသည်လည်းရှိသကဲ့သို့ မပံ့ပိုးသည်လည်း ရှိသည်။ အခြားသော ဝေးလံသည့်ဒေသများတွင် MoE အထောက်အပံ့ခံ ရပ်ရွာကျောင်းများသည် လုံခြုံရေးစိတ်ချရသည့် ကျေးရွာ သို့မဟုတ် မြို့များမှ ကျောင်းများနှင့် ချိတ်ဆက်ထားပြီး ကျောင်းသားများအနေဖြင့် အစိုးရစာမေးပွဲကို ယင်းကျောင်းများတွင် သွားရောက်ဖြေဆိုနိုင်သည်။ အစိုးရဆရာ စေလွှတ်ထားသည်ဆိုပါက ယင်းကျောင်းကို ကျောင်းခွဲဟု သတ်မှတ်ပြီး ဆရာပို့ထားခြင်းမရှိသည့်ကျောင်းကို တွဲဖက်ကျောင်းဟု သတ်မှတ်သည်။ တွဲဖက်ကျောင်းအရေအတွက်မှာ အနည်းအကျဉ်းသာရှိသည်။ ကျောင်းနှစ်မျိုးလုံးကို ပညာရေးဝန်ကြီးဌာနက ဖတ်စာအုပ်များနှင့် အခြားအခြေခံပစ္စည်းများ ပံ့ပိုးပေးသည်။ တပ်မတော်သည်လည်း နယ်မြေသစ်များ ထိန်းချုပ်နိုင်သည်ဆိုပါက ကျောင်းဝတ်စုံများ၊ ပရိဘောဂများ၊ အခြားအထောက်အပံ့များကို ပေးအပ်လေ့ရှိသည်။ မြို့ပေါ်နေလူတန်းစား နှင့် ဗမာအများစုဖြစ်သောကြောင့် ပညာရေးဝန်ကြီးဌာနမှ ဆရာများမှာ ပျက်ကွက်မှုနှုန်း၊ အလုပ်ထွက်မှုနှုန်း မြင့်မားသည်။ ကျေးလက်နေလူမျိုးစုများနှင့် အံဝင်ခွင်ကျနေထိုင်ရန် အခက်အခဲရှိသောကြောင့်ဖြစ်သည်။

နေရာပေါင်းစုံမှ အထောက်အပံ့များ ကပေါက်တိ ကပေါက်ချာ ဝင်ရောက်လာသည်ဖြစ်သောကြောင့် ပညာရေးဝန်ကြီးဌာနမှ ကျောင်းလော၊ EBEP ပံ့ပိုးခံ ကျောင်းလော၊ သို့မဟုတ် ရပ်ရွာကျောင်း စစ်စစ်လောကို ဆုံးဖြတ်ရန် ရံဖန်ရံခါ အခက်အခဲရှိသည်။ EAO ပညာရေးဌာနများ နှင့် ဗဟိုအားကောင်းသည့် EBEPs များက ယင်းကျောင်းများကို ၎င်းတို့ကျောင်းများအဖြစ် သတ်မှတ်သည်။ ပညာရေးဝန်ကြီး ဌာနအနေဖြင့် အခြားသောအဖွဲ့အစည်းမှ အထောက်အပံ့များရသည့်အခါတွင် တရားဝင်အသိအမှတ်ပြု လက်ခံခြင်းမရှိပါ။ ထို့ပြင်ကျောင်းများကိုလည်း MoE ကျောင်းများအဖြစ် မှတ်ယူထားသည်။ ပညာရေး ဝန်ကြီးဌာန သို့မဟုတ် EBEP များမှ စီမံမှုဆိုင်ရာ၊ ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများ ပုံမှန်ရယူသည့်တိုင် ရပ်ရွာကျောင်းများသည် ကျောင်းလုပ်ငန်းအများစုကို ထိန်းချုပ်ထားဆဲဖြစ်သည်။ ထို့ပြင် ပြင်ပပံ့ပိုးသူများ နှင့် ချိတ်ဆက်ပြီး မည်သည့်အကူအညီကို မည်သည့်အဖွဲ့အစည်းထံမှ ရယူမည်၊ မည်ကဲ့သို့သော ဘာသာရပ်ကို ဦးစားပေးမည်၊ စစ်ဆေးမှု

[၁၄] သို့သော်လည်း ပညာရေးဝန်ကြီးဌာနမှ အထောက်အပံ့လက်ခံသည့် ကျောင်းများကို မွန်ပြည်သစ်ပါတီ၏ မွန်အမျိုးသား ပညာရေးဌာနကဲ့သို့သော အချို့သော EBEP များက ပေါင်းစပ် ကျောင်းများအဖြစ် သတ်မှတ်သည်။

ပြုလုပ်ပုံနှင့် အခြားသောကိစ္စရပ်များ ဆုံးဖြတ်ရာတွင် ကျောင်း ကိုယ်ထူကိုယ်ထကျောင်းများဟု မှတ်ယူနားလည်လျှင် သင့်တော်
ကော်မတီများသည် အဓိကနေရာမှ ပါဝင်ဆဲဖြစ်သည်။ ထို့ကြောင့် သည်။
ယင်းကျောင်းများကို ပထမဆုံး အခြေခံအကျဆုံးအနေဖြင့် ရပ်ရွာ

## လေး။ ။ ဖြစ်စဉ်လေ့လာချက်များ

**ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန -** ပဋိပက္ခဖြစ်ပွားနေသည့် ဆယ်စုနှစ်များအတွင်း အစိုးရပံ့ပိုးသည့် ပညာရေးမှာ မရှိသလောက်ဖြစ်သည်။ ယင်းကာလအတွင်း ပဋိပက္ခဖြစ်ပွားနေသည့်ဒေသများမှ ကရင်လူထုများအတွက် နိုင်ငံတော်နှင့်ပတ်သက်သမျှတွင် ခြေလျင်တပ်ရင်းများကိုသာ တွေ့မြင်ရင်ဆိုင်ကြရသည့် အချိန်ဖြစ်သည်။ကရင်ပြည် ပညာရေးအထောက်အပံ့အဖွဲ့ (Karen State Education Assistance Group (KSEAG) KNU ၏ ပညာရေးနှင့် ယဉ်ကျေးမှုဌာန၏ KED၊ ကရင်ဆရာများလုပ်ငန်းအဖွဲ့(Karen Teacher Working Group (KTWG)၊ ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ (Partners for Relief and Development) တို့၏ အကူအညီများဖြင့် ရပ်ရွာများက ကိုယ်ထူကိုယ်ထ ပညာရေးကို အကောင်အထည်ဖော်ထားကြသည်။[၁၅] ရပ်ရွာကိုယ်ထူကိုယ်ထကျောင်းမှ ကော်မတီများအနေဖြင့် ကျောင်းတည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ စီမံရေး၊ ကျောင်းရန်ပုံငွေ ရှာဖွေရေးအတွက် အများပိုင်းတာဝန်ယူရပြီး ဒေသခံ EAO အာဏာပိုင်များကလည်း မတူညီသည့် ပုံစံအမျိုးမျိုးဖြင့် ပံ့ပိုးကြသည်။ KSEAG သည် စီမံမှုလမ်းညွှန်၊ စည်းကမ်းများ၊ ဆရာလစာ၊ သင်ထောက်ကူပစ္စည်းများနှင့် အခြားလိုအပ်သည်များကို ပံ့ပိုးပေးသည်။

KSEAG ကွန်ယက်ပုံစံကြောင့် မတူညီသည့် အဖွဲ့ ၃ ဖွဲ့ အနေဖြင့် ဘုံရည်မှန်းချက်အတွက် ရင်းမြစ်များ စုပေါင်းသုံးစွဲရန် လမ်းကြောင်းကို ပေါ်ပေါက်စေခဲ့သည်။ KNU နယ်မြေတွင် KED သည် ပညာရေးအာဏာပိုင်အဖွဲ့အစည်းဖြစ်ပြီး ဒေသခံ KNU အာဏာပိုင်များက ၎င်းတို့ကို အသိအမှတ်ပြုထားသည်။ ဒေသအဆင့်တွင် ကျောင်းများကို အမှန်တကယ် အုပ်ချုပ်စီမံသည့် အဖွဲ့အစည်းဖြစ်သည်။ KTWG သည် ဆရာများကို သင်တန်းပေးခြင်းနှင့် အခြားဝန်ဆောင်မှုများကို ဆောင်ရွက်သည်။ KED နှင့်ချိတ်ဆက်ထားသည့် ကရင်ဒုက္ခသည်ကော်မတီမှ ပညာရေးအဖွဲ့(Karen Refugee Committee – Education Entity (KRCEE) သည် ထိုင်းနိုင်ငံအတွင်းမှ ကရင်ဒုက္ခသည်စခန်း ၅ ခုရှိ ကျောင်းပေါင်း ၆၄ ကျောင်းကို အုပ်ချုပ်စီမံသည်။ ယင်းကျောင်းအများစုသည် KED သင်ရိုးကို အသုံးပြုကြသည်။ မြန်မာနိုင်ငံ အရှေ့တောင်ခြမ်း နယ်စပ်တလျှောက် ကပ်လျက် ထိုင်းနိုင်ငံဘက်ခြမ်းတွင် ကရင်ရွှေ့ပြောင်းကျောင်းများ ဒါဇင်နှင့်ချီကာ ရှိသည်။ ဒုက္ခသည်စခန်းများနှင့် အခြားနီးစပ်ရာနေရာများတွင် အဆင့်မြင့်ပညာရေး သင်ကြားပေးသည့်နေရာများ (ဆယ်တန်းအောင်ပြီးနောက်ပိုင်း တက်ရောက်ရသည့်ကျောင်း ဟုခေါ်လေ့ရှိသည်) လည်း ဒါဇင်နှင့်ချီကာ ရှိသည်။ ဒုက္ခသည်နှင့် ရွှေ့ပြောင်းပြည်သူများအတွက် သာမကယင်းကျောင်းများသည် မြန်မာနိုင်ငံတွင်းမှ ထောင်နှင့် သောင်းနှင့်ချီသော KED/KSEAG ကျောင်းသားများကိုလည်း လက်ခံရသည်။ မြန်မာပြည်တွင်းတွင် တက်ရောက်နိုင်သည့် ကျောင်းအရေအတွက် အကန့်အသတ်နှင့်သာရှိသောကြောင့် နယ်စပ်ဖြတ်ကျော်ကာ ပညာဆက်လက်ဆည်းပူးသည့် ကျောင်းသားများဖြစ်သည်။

နယ်မြေထိန်းချုပ်မှုပိုင်း မတည်မငြိမ်ဖြစ်လေ့ရှိသောကြောင့် KED/KSEAG လုပ်ငန်းများ နှင့် MoE ၏ လုပ်ငန်းများ ထပ်နေလေ့ရှိကြသည်။ ၁၉၉၀ နှစ်များတွင် တပ်မတော်၏ ထိုးစစ်များ တိုးချဲ့နေရာယူလာနိုင်သဖြင့် ပညာရေးဝန်ကြီးဌာနသည် စစ်တပ်မှ အသစ်တိုးချဲ့နေရာယူထားသည့်နေရာများ သို့မဟုတ် ၎င်းတို့ လက်ဝေခံ ပြည်သူ့စစ်များ နေရာအနီးတဝိုက်သို့ ၎င်း၏ ဝန်ထမ်းများကို စေလွှတ်ခဲ့သည်။ KED နှင့် ၎င်း၏ကွန်ယက်များ အထောက်အပံ့ခံကျောင်းများသို့ပင် ပညာရေးဝန်ထမ်းများ စေလွှတ်ခဲ့သည်။ အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း KED/KSEAG ကျောင်းများတွင် အစိုးရမှစေလွှတ်သည့် ဝန်ထမ်းဆရာများ အရေအတွက်မှာ ၃ ဆနီးပါးခန့် မြင့်တက်ခဲ့သည်။ ၂၀၁၂-၁၃ ပညာသင်နှစ်မှ ၂၀၁၅-၁၆ အတွင်းဖြစ်သည်။[၁၆] ပညာရေးဝန်ကြီးဌာန၏ အလျင်စလိုတိုးချဲ့မှုများသည် အုပ်ချုပ်စီမံမှုပိုင်း၊ လုပ်ငန်းစီမံမှုပိုင်းတွင် ပြဿနာများစွာ ပေါ်ပေါက်စေခဲ့သည်။ ပေါင်းစပ်ခြင်းများပြုလုပ်ရန် သင့်တော်သည့် ညှိနှိုင်းမှုများမရှိဘဲ တသီးတခြားစီ ရှိနေသည့် ပညာရေးစနစ်ကြီး ၂ ခုကို ကျောင်းအဆင့်တွင် ပူးပေါင်းစေခြင်းသည် အဖက်ဖက်မှ တင်းမာမှုအမျိုးမျိုးကို ပေါ်ပေါက်စေခဲ့သည်။ အစိုးရဆရာများ လက်လွှဲတာဝန်ယူလိုက်သည့် ကျောင်းအချို့တွင် မိခင်ဘာသာစကားအခြေပြုပညာရေး၊ စကောကရင် ဘာသာစကား သင်ကြားမှုများမှာလည်း ရပ်တန့် သို့မဟုတ် ဆက်လက်သင်ကြားနိုင်ခြင်း မရှိတော့ဘဲ ဖြစ်သွားသည်။[၁၇]

**မွန်ပြည်သစ်ပါတီ -** နိုင်ငံတော်နှင့် မွန်အမျိုးသားရေး လှုပ်ရှားမှုများကြားမှ လက်နက်ကိုင်ပဋိပက္ခသည် လွတ်လပ်ရေးရပြီး မကြာမီပင် စတင်ခဲ့သည်။ အဓိက မွန်လက်နက်ကိုင်တော်လှန်ရေး အဖွဲ့ကြီးဖြစ်သော မွန်ပြည်သစ်ပါတီသည် ၁၉၅၆ ခုနှစ်တွင် ၁၉၄၀ နှောင်းပိုင်းနှစ်များမှ စတင်တော်လှန်နေသည့် အစုအဖွဲ့များကို အခြေခံပြီး ဖွဲ့စည်းခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် မွန်ပြည်သစ်ပါတီသည် ပညာရေးဌာနကိုဖွဲ့စည်းခဲ့ပြီး ၁၉၉၀ နှစ်များတွင် နိုင်ငံရေးတက်ကြွသည့် ကျောင်းသားလူငယ်များဖြင့် မွန်အမျိုးသား ပညာရေးကော်မတီ (Mon National Education Committee (MNEC) အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၁၉၉၅ ခုနစ် တွင် မွန်ပြည်သစ်ပါတီသည် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ခဲ့သောကြောင့် မွန်နှင့် ကရင်ပြည်နယ်ရှိ ကိုယ်ပိုင်

---

[၁၅] KSEAG ကို ၂၀၀၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ KED ကို ၁၉ ၅၀ နှစ်များတွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉ ၇၀ နှစ်များတွင် လက်ရှိဖွဲ့စည်းပုံအောက်သို့ ထည့်သွင်းခဲ့သည်။ KTWG ကို ၁၉ ၉ ၆ ၊ KNU ဌာနချုပ်ဟောင်းနေရာကျပြီး၊ နယ်မြေအများအပြား ဆုံးရှုံးလိုက်ရသည့် နောက်ပိုင်းတွင် ဖွဲ့စည်းခဲ့သည်။

[၁၆] ၂၀၁၅ - ၁၆ စာရင်းအရ KSEAG ထောက်ပံ့ထားသည့် ကျောင်းစုစုပေါင်း ၄၉ .၃ ရာခိုင်နှုန်းတွင် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများရှိသည်။ ၂၀၁၂ - ၁၃ ခုနှစ်အတွင်း ၂၆.၆ ရာခိုင်နှုန်းသာရှိနေရာမှ မြင့်တက်လာခြင်းဖြစ်သည်။ ယင်း ၄၉.၃ ရာခိုင်နှုန်း၏ အများစုပေါ်တွင် ပညာရေးဝန်ကြီးဌာန စီမံပိုင်း၏ ညွှန်ကြားမှုသည် အဓိက ဖြစ်သည်ဟု KSEAG အစီရင်ခံစာတွင် ဖော်ပြထားသည်။

[၁၇] အစိုးရအနေဖြင့် ဖွံ့ဖြိုးရေးအစီအစဉ်များဖြစ်သော ပညာရေးကိုအသုံးပြုပြီး နိုင်ငံရေးဆွေးနွေးပွဲများမတိုင်မီ အငြင်းအခုန်ဖြစ်ပွားနေသည့် နေရာများတွင် နယ်မြေထိန်းချုပ်နိုင်ရန် ကြိုးစားနေသည်ဟု KNU မှ ယူဆမှုမှာ တဆတဆ ခိုင်မာလာသဖြင့် အပစ်အခတ်ရပ်စဲရေး၏ တည်ငြိမ်မှုကို ထိခိုက်စေသည်။

အုပ်ချုပ်ခွင့်ရ နယ်မြေအများအပြားတွင် အာဏာအသုံးချခွင့် ရခဲ့ကြသည်။ ၁၉၉၅ ခုနှစ်တွင် သဘောတူခဲ့သည့် အပစ်အခတ်ရပ်စဲရေးသည် ဆက်လက်တည်မြဲနေခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် အစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အနီးကပ်ပါဝင်ဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့သည်။ သို့သော်လည်း အရှေ့တောင်ခြမ်းရှိ အခြားသော EAO များနှင့် ကွဲပြားလျက် ၂၀၁၅ တွင် အများစု လက်မှတ်ရေးထိုးကြသော တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပါ။

နိုင်ငံတကာအသိုင်းအဝိုင်း၊ အခြားပြည်တွင်း ပညာရေးအဖွဲ့အစည်းများ နှင့် ဆက်ဆံရေး၊ မူဝါဒပိုင်းရေးဆွဲရာတွင် ဦးဆောင်သည့်အဖွဲ့ ဖြစ်သော MNEC နှင့် မွန်ပြည်သစ်ပါတီ၏ အုပ်ချုပ်ရေးဌာနအောက်မှ ဌာနခွဲ ၈ ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ပညာရေးလုပ်ငန်းများ ဆောင်ရွက်မှုကို အမှန်တကယ်စီမံနေသည့် မွန်အမျိုးသား ပညာရေး ဌာန (Mon National Education Department (MNED) တို့မှ လက်ရှိ မွန်ပြည်သစ်ပါတီ ပညာရေးစနစ်ကို ဦးဆောင်နေသည်။

၂၀၁၅-၁၆ ခုနှစ် စာရင်းများအရ မွန်ပြည်သစ်ပါတီ ထိန်းချုပ်နေရာနှင့် အစိုးရထိန်းချုပ်နေရာများတွင် ဖြန့်ကျက်တည်ရှိနေသည့် မွန် အမျိုးသားကျောင်းပေါင်း ၁၃၇ ကျောင်းကို MNED မှ စီမံကြီးကြပ်လျက်ရှိသည်။ ယင်းကျောင်းများသည် ဒေသခံများထည့်ဝင်မှုပေါ်တွင် မှီခိုနေရပြီး ရပ်ရွာမှ လူကြီးမိဘများပါဝင်သည့် ကျောင်းကော်မတီမှ စီမံသည်။[၁၈] မွန်အမျိုးသားကျောင်းများတွင် မိခင်ဘာသာစကားအခြေပြု နှင့် ဘာသာစကားစုံ သင်ကြားမှုများပြုလုပ်သည်။ MoE ၏ သင်ရိုးညွှန်းတမ်းအများစုကို မွန်ဘာသာဖြင့်ပြန်ဆိုထားသည့် မူလတန်း အဆင့် သင်ရိုးညွှန်းတမ်းကို အသုံးပြုသည်။ အလယ်တန်းနှင့် အထက်တန်း အဆင့်တွင် MoE ၏ ဗမာဘာသာဖြင့် သင်ကြားသည့် သင်ရိုးညွှန်းတမ်းများသို့ မပြောင်းမီ မွန်ဘာသာကို သင်ကြားရေး ကြားခံ ဘာသာစကားတစ်ခုအနေဖြင့် အသုံးပြုသင်ကြားသည်။ အခြေခံပညာအဆင့်တွင် မွန်သမိုင်း နှင့် မွန် ဘာသာစကား သင်ခန်းစာများကို ကျောင်းဖွင့်ရက်များတွင် သင်ကြားသည်။ ပေါင်းစပ်ကျောင်းဟု သတ်မှတ်ထားသည့် MoE က စီမံအုပ်ချုပ်သည့် ကျောင်းပေါင်း ၉၅ ကျောင်းတွင် မွန်သမိုင်းနှင့် စာပေကို သင်ရိုး အစိတ်အပိုင်း တစ်ခုအနေဖြင့် သင်ကြားပေးနိုင်ရန် MNED က ဆရာပေါင်း ၁၅၄ ဦး ပေးပို့ထားသည်။[၁၉]

**ရှမ်းပြည်ကျေးလက်ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း (Rural Development Foundation of Shan State (RDFSS) -** ပညာရေးဝန်ကြီးဌာနမှ အဝင်အထွက်အနည်းငယ်သာရှိသည့် ရှမ်းပြည်နယ် သီပေါမြို့နယ်မှ ကျေးရွာအုပ်စု ၅ ခုကို လေ့လာဖော်ပြထားပါသည်။ **ရှမ်းပြည်ကျေးလက်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (Rural Development Foundation of Shan State (RDFSS)** အမည်ဖြင့် လှုပ်ရှားသည့် ရှမ်းအရပ်ဖက် လူ့အဖွဲ့အစည်းမှ ပံ့ပိုးသည့် ဘုန်းတော်ကြီးသင်ကျောင်းများ ကွန်ယက်သည် ယင်းဒေသရှိ ရပ်ရွာများတွင် အခြေခံပညာသင်ကြားရေးကို ဆောင်ရွက်လျက်ရှိသည်။ RDFSS သည် EAO များနှင့် တရားဝင်ဆက်ဆံရေးမရှိဘဲ ကျောင်းပေါင်း ၂၅ ကျောင်းပါဝင်သည့် ဘုန်းတော်ကြီးသင် ကျောင်းကွန်ယက်နှင့် လက်တွဲလုပ်ဆောင်လျက်ရှိသည်။ ကောင်းဟတ်ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ဦးဆောင်မှုအောက်တွင် ဆရာဦးရေ ၂၈ ဦးဖြင့် ကျောင်းသားပေါင်း ၈၀၀ ကျော်ကို သင်ကြားပေးလျက်ရှိသည်။ ရှမ်းပြည်တွင် အခြေစိုက်သည့် EAO ပေါင်း ဒါဇင်နှင့်ချီရှိပြီး၊ ပြည်သူ့စစ်များ၊ ရှမ်းနှင့် ရှမ်းမဟုတ်သည့် လူမျိုးများကို ကိုယ်စားပြုသည့် EBEPs များလည်း ရှိပါသည်။ ယင်းအနက်မှ နယ်မြေတစ်ခုတွင်းရှိ ဥပမာတစ်ခုကိုသာ ဖော်ပြခြင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနသည် ယင်းဒေသတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၄ ကျောင်းကို စီမံလျက်ရှိသည်။ ယင်းပမာဏသည် EAO တစ်ဖွဲ့ခြင်း စီမံသည့်ပမာဏထက် များသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဒေသခံဆရာများ ခန့်ထားနိုင်ခြင်းမရှိသည်ကို အကြောင်းပြု၍ ဒေသခံပြည်သူများ မယုံမကြည်ဖြစ်နေခြင်းကြောင့် တိုးတက်သင့်သလောက် မတိုးတက်ဘဲရှိနေသည်။ ကျောင်းပေါင်း ၂၅ ကျောင်း ပါဝင်သည့် ကောင်းဟက် ကွန်ယက် သည် အစိုးရ၏ ဗမာဘာသာ သင်ရိုးညွှန်းတမ်းကိုအသုံးပြုပြီး ပညာရေးဝန်ကြီးဌာနမှ အထောက်အပံ့အချို့ ရရှိသည်။ ယင်းကျောင်းကွန်ယက်မှ ကျောင်းသားများသည် အစိုးရစာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုနိုင်ကြပြီး အောင်မြင်သည့် ပညာရေးကွန်ယက်တစ်ခုဖြစ်သည်။ ရှမ်းဘာသာစကားဖြင့် သင်ကြားနိုင်သည့် ဒေသခံဆရာများကိုလည်း ခန့်ထားပြီး ဘုန်းတော်ကြီးသင် ကျောင်းကွန်ယက်နှင့် RDFSS တို့မှ ဆရာများကို လေ့ကျင့်ပေးသည်။ ကျောင်းသားရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ရပ်ရွာတွင်းမှ အိမ်ထောင်စုတိုင်းသည် ဆရာများအတွက် လစာကို ထည့်ဝင်ရန်ဖြစ်ပြီး အိမ်ထောင်စုဝင်ငွေအလိုက် ထည့်ဝင်ပေးရန် သတ်မှတ်ထားသည်။ ဘုန်းတော်ကြီးကျောင်းများမှ ဒေသခံအဆက်အသွယ်များမှတဆင့် ဒေသခံ ဆရာများကို စုဆောင်းသည်။ ဆရာအားလုံးသည် ရှမ်းလူမျိုးများဖြစ်ပြီး အများစုမှာ အစိုးရ အခြေခံပညာရေးစနစ်တွင် ဆယ်တန်းဖြေဖူးကြသူများဖြစ်ပြီး အချို့မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြသူများဖြစ်သည်။[၂၀] ကောင်းဟက် ကွန်ယက်တွင် သင်ကြားနေသည့် ကလေးများ၏ ပထမမိခင်ဘာသာစကားမှာ ရှမ်း ဖြစ်ပြီး အရေအတွက်

[၁၈] အချို့သောကျောင်းများတွင် မိဘဆရာအသင်း၊ အချို့ကျောင်းများတွင် ကျောင်းကော်မတီဖြင့် စီမံကြသည်။ အဖွဲ့အစည်းအလိုက် ကွဲပြားသလော သို့မဟုတ် ကျောင်းတိုင်းတွင် နှစ်မျိုးလုံးရှိသလောမှာ ရှင်းလင်းစွာ မသိရှိရပါ။

[၁၉] ယင်းကျောင်းများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ကျောင်းများအဖြစ် မည်သည့်အတိုင်းအတာအထိ လက်ခံထားသည်ဆိုသည်မှာ ရှင်းလင်းခြင်းမရှိပါ။ ဒေသအဆင့် MNED အုပ်ချုပ်ရေးမှူးများနှင့် ပညာရေးဝန်ကြီးဌာန မြို့နယ် ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများကြား နားလည်မှုများဖြင့် တည်ထောင်ထားသည့် ကျောင်းများဖြစ်သည်။ ပေါင်းစပ်ကျောင်းများတွင် ဒေသခံလူကြီးများဖြင့် ဖွဲ့စည်းထားသည့် ကျောင်းကော်မတီများရှိသည်။ ကျောင်းအနေဖြင့် ဒေသခံရပ်ရွာများ၏ အထောက်အပံ့ပေါ်တွင် မှီခိုနေရပြီး ရပ်ရွာလှူဒါန်းမှုများမှ MNED ဆရာများ၏ လစာအတွက် သုံးစွဲသည်။

[၂၀] ဒေသနှင့်ကိုက်ညီသည့် သင်ခန်းစာများအသုံးပြုနိုင်ရန်အတွက် စီစဉ်ထားမှုမရှိခြင်း၊ သင်ရိုးမူဘောင် မရှိခြင်းတို့ကြောင့် လက်တွေ့တွင်တော့ ဗမာဘာသာဖတ်စာကို အလွတ်ကျက်စေခြင်းဖြင့်သာ သင်ကြားနေရသည်။

အနည်းငယ်သာ ဗမာစကားတပိုင်းတစ ပြောတတ်သည်။[၂၁]

ကျောင်းတိုင်းတွင် သက်ဆိုင်ရာ ဘုန်းတော်ကြီးများထံသို့ သတင်းပို့ရသည့် ကျောင်းကော်မတီရှိသည်။ ဘုန်းတော်ကြီးများသည် ကျောင်းအနည်းငယ်ပါဝင်သည့် ကျောင်းအစုကို ကြီးကြပ်ရသည်။ ယင်းဘုန်းတော်ကြီးများသည် ကွန်ယက်၏ ဦးဆောင်ဖြစ်သော ကောင်းဟက်ဆရာတော်ကို ပြန်လည်အစီရင်ခံရသည်။ ဆရာတော်သည် ပညာသင်နှစ်အစနှင့် အဆုံးတွင် ကျောင်းသားဦးရေ၊ ကျောင်းသားနှင့်ဆိုင်သည့် အခြေခံအချက်အလက်များ၊ ဘတ်ဂျတ်များကို သာသနာရေးဝန်ကြီးဌာနသို့ ပြန်လည်အစီရင်ခံရသည်။ ကောင်းဟက် ကျောင်းကွန်ယက်ဖြစ်ပေါ်လာစေရန် ပံ့ပိုးခဲ့သည့် RDFSS မှ စောင့်ကြည့်ခြင်း၊ လမ်းကြောင်းပေးခြင်း၊ ဆရာများကို လေ့ကျင့်ပေးခြင်း၊ အချို့သောကျောင်းများကို ငွေကြေးပံ့ပိုးခြင်းများ ပြုလုပ်သည်။

[၂၁] ဖတ်စာအုပ်မရှိခြင်းနှင့် အတန်းအမျိုးမျိုးကို တာဝန်ယူသင်ကြားနေရသည့် ဆရာများပေါ်တွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည်ကို ရှောင်ရှားလိုသဖြင့် ရှမ်းဘာသာစကားကို ကျောင်းသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းထားခြင်းမရှိသေးပါ။ ရှမ်းစာပေကို နွေရာသီတွင် ဘုန်းတော်ကြီးကျောင်းများတွင် သင်ကြားသည်။ ကျောင်းချိန်ပြင်ပတွင်လည်း ရံဖန်ရံခါ သင်ကြားသည်။

## ငါး။ ။ ပညာရေးဝန်ကြီးဌာနနှင့် ၎င်း၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ

မြန်မာ့ပညာရေးတွင် ပညာရေးဝန်ကြီးဌာနသည် အင်အားအကောင်းဆုံး၊ ဖြန့်ကျက်မှုအများဆုံး အစုအဖွဲ့ဖြစ်သည်။[၂၂] ဆယ်စုနှစ်ချီသည့် အာဏာရှင်စနစ်အောက်တွင် ကျရောက်ခဲ့သည် ဖြစ်သောကြောင့် မြန်မာ့ပညာရေးသည် ဘတ်ဂျတ်မလုံလောက်ခြင်း၊ စီမံမှုညံ့ဖျင်းခြင်းကို နစ်ရှည်လများ ကြုံတွေ့ခဲ့ရသည်။ ၂၀၁၁ ခုနှစ်တွင် အစိုးရသည် ပြုပြင်ပြောင်းလဲမှု အမျိုးမျိုးကို စတင်ခဲ့သည်။ ပညာရေးကဏ္ဍတွင် ရင်းနှီးထည့်ဝင်မှု ကြီးကြီးမားမားလုပ်ရန် လိုအပ်သည်ကို ဆင်ခြင်မိသည်နှင့် ပညာရေးအရည်အသွေးနှင့် အားလုံး သင်ကြားခွင့်ရရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိကဝတ်ပြုခဲ့သည်။ ပညာရေးအသုံးစရိတ်မှာလည်း တိုးတက်လာခဲ့သည်။ ၂၀၀၉-၁၀ ခုနှစ်များတွင် နိုင်ငံစုစုပေါင်း ပြည်တွင်းထုတ်ကုန်၏ ၀.၆ ရာခိုင်နှုန်းသာ အသုံးပြုရာမှ ၂၀၁၃-၁၄ ခုနှစ်တွင် ၂.၁ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့သည်။ ပညာရေးဝန်ကြီးဌာန အနေဖြင့် ရရှိလာသည့် အသုံးစရိတ်သစ်များကို နေရာကြီး ၄ ခု တွင် အဓိကအသုံးပြုခဲ့သည်။ လုပ်ခလစာ၊ နေ့စားဆရာဌားရမ်းခြင်း၊ ကျောင်းတည်ဆောက်ခြင်း၊ နှင့် မသင်မနေရ အခမဲ့ပညာရေးစနစ် အကောင်အထည်ဖော်ရေး ကိစ္စများတွင် အသုံးပြုခဲ့သည်။ ထို့ပြင် ၂၀၁၅-၁၆ တွင် အမျိုးသားပညာရေး မဟာဗျူဟာလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် Quick Wins program ကို ဆောင်ရွက်ခဲ့သည်။

**ဝန်ထမ်းနှင့် ဆရာ လစာများ -** ပညာရေးဝန်ကြီးဌာန အသုံးစရိတ်အများစုသည် ပုံမှန်အသုံးစရိတ်ဖြစ်သော ဝန်ထမ်းလစာတွင် အသုံးပြုသည်။ ယင်းကိစ္စအတွက် အစိုးရသည် ၂၀၁၁ ခုနှစ်မှ နှစ်စဉ် တိုးတက်သုံးစွဲလျက်ရှိသည်။[၂၃] ၂၀၁၂ ခုနှစ်တွင် အစိုးရသည် ဝန်ထမ်းလစာ တိုးမြှင့်ခဲ့ပြီး အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားသည့် မူလတန်း၊ အထက်တန်း ဆရာများအပါအဝင် အရပ်ဖက်ဝန်ထမ်းအားလုံးကို လစဉ် အပိုကြေးအဖြစ် ကျပ်ငွေ ၃၀၀၀၀ ကို ထပ်ဆောင်းပေးခဲ့သည်။ ပညာရေးဝန်ကြီးဌာနသည် ဘုန်းတော်ကြီးသင်ပညာရေးစနစ်မှ ဆရာများ၏ လစာကို စတင်ပံ့ပိုးပေးခဲ့သည်။[၂၄]

**နေ့စားဆရာများ -** ၂၀၁၃ ခုနှစ်တွင် မူလတန်းကျောင်းတိုင်းတွင် ဆရာ ၅ဦးဖြည့်တင်းရေး သတ်မှတ်ချက်ပြည့်မီရန် နေ့စားဆရာများကို အလုံးအရင်းဖြင့် စတင်ခေါ်ယူခဲ့သည်။ လစားဆရာများကဲ့သို့ မဟုတ်ဘဲ နေ့စားဆရာများသည် ပညာရေး လေ့ကျင့်ရေးကောလိပ်ဘွဲ့ရများမဟုတ်သကဲ့သို့ အရပ်ဖက်ဝန်ထမ်းများလည်း မဟုတ်ကြပါ။ နေ့စားဆရာများကို အခေါင်အဖျားရှိ ကျောင်းများသို့ အလုံးအရင်းဖြင့် စေလွှတ်လိုက်သည်။ ဝေးလံသည့်နေရာဖြစ်သောကြောင့် အတွေ့အကြုံရှိ အဆင့်အတန်းမီ ဆရာများ သွားရောက် တာဝန်ထမ်းဆောင်လိုခြင်း မရှိသည့် နေရာများသို့ စေလွှတ်ခြင်းဖြစ်သည်။

**ကျောင်းတည်ဆောက်ခြင်းနှင့် တိုးတက်မှုများ -** ပညာရေးဝန်ကြီးဌာနသည် ကျောင်းတည်ဆောက်ရေး၊ ပြန်လည်ပြုပြင်ရေးအစီအစဉ်များကိုလည်း ဆောင်ရွက်ခဲ့သည်။ ကျောင်းသစ်ပေါင်း ၇၆၇၁ ကို တည်ဆောက်ခဲ့ပြီး၊ ကျောင်းခန်းပေါင်း ၁၁၇၇၆ ကို အသစ် တည်ဆောက်ခဲ့သည်။ ကျောင်းပေါင်း ၈၉၄၅ နှင့် ကျောင်းခန်းပေါင်း ၁၃၅၅၅ ကို ပြန်လည်ပြုပြင်ခဲ့သည်။ ၂၀၁၀-၁၁ နှင့် ၂၀၁၄-၁၅ ကာလအတောအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။[၂၅] အချို့သော နယ်မြေများတွင် ပြန်လည်ပြင်ဆင်ပေးခြင်းဖြင့် ကျောင်းခွဲ၊ တွဲဖက်ကျောင်းများကို ပညာရေးဝန်ကြီးဌာနက အပြည့်အဝ စီမံသည့် ကျောင်းများအဆင့်သို့ရောက်အောင် မြှင့်တင်နိုင်ခဲ့သည်။ EBEP များ စီမံသည့် ရပ်ရွာကျောင်းများကိုလည်း ကျောင်းဆောင် ဆောက်လုပ်ပေးခြင်း၊ ပြုပြင်ပေးခြင်းများ ပြုလုပ်ခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းမှ တဆင့် ဆရာများ ပံ့ပိုးပေးပြီး၊ အစိုးရစီမံမှုအောက်သို့ ဆွဲသွင်းနိုင်ရန် စီစဉ်နိုင်ခဲ့သည်။

**အခြေခံပညာရေး အခမဲ့ မသင်မနေရစနစ် -** ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် မိသားစုများအနေဖြင့် ပညာရေးကုန်ကျစရိတ်၏ ၆၃ ရာခိုင်နှုန်းကို ဆက်လက် စိုက်ထုတ်နေရဆဲဖြစ်သည်။ ကျောင်းဝင်ကြေး နှင့် အခြားကုန်ကျစရိတ်များအပြင် ကျောင်းပြုပြင်စရိတ်၊ ကျောင်းသုံးပစ္စည်း၊ ဖတ်စာအုပ်၊ ဝတ်စုံဖိုးများကို ပေးချေနေရသည်။ ၂၀၁၂ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနသည် ဝင်ငွေနည်း အိမ်ထောင်စုများအတွက် အခမဲ့ မသင်မနေရစနစ်ဖြင့် ထောက်ပံ့ကြေးများပေးအပ်ကာ ကျောင်းအပ်စေခဲ့ပြီး၊ ဝတ်စုံနှင့် အခြားကျောင်းသုံးပစ္စည်းများ ထောက်ပံ့သည့် အစီအစဉ်ကို စတင်ခဲ့သည်။ စာတော်သည့် ကျောင်းသားများအတွက် ပညာသင်ဆုပေးအပ်သည့် အစီအစဉ်ငယ်များကိုလည်း စတင်ခဲ့သည်။

**၂၀၁၅-၂၀၁၆ Quick wins အစီအစဉ် -** အထက်ဖော်ပြခဲ့ပါလုပ်ငန်းများနှင့် ဟန်ချက်ညီဆောင်ရွက်ရန် ၂၀၁၅ စက်တင်ဘာတွင် အမျိုးသားပညာရေးမဟာဗျူဟာအစီအစဉ် ၂၀၁၆-၂၁ ကို မျှော်မှန်းလျက် အစိုးရသည် Quick Wins အစီအစဉ်ကို စတင်ခဲ့သည်။ ပညာရေးအရည်အသွေး တိုးတက်စေရန်၊ လူတိုင်း လက်လှမ်းမီစေရန်၊ မညီမျှမှုများကို ဖြေရှင်းရန်၊ အမျိုးသားပညာရေးစနစ် အားကောင်းလာစေရန် ရည်ရွယ်လျက် ဆောင်ရွက်ခြင်းဖြစ်သည်။

**ဥပဒေပိုင်း ပြုပြင်ပြောင်းလဲခြင်း -** ၂၀၁၄ စက်တင်ဘာ ၃၀ တွင် လွှတ်တော်ရှိ ပညာရေးမြှင့်တင်ရေးကော်မတီမှ မူကြမ်းပြုစုသည့်

---

[၂၂] Ministry of Education (2016), 9.

[၂၃] ၂၀၁၁ - ၁၂ နှင့် ၂၀၁၅ - ၁၆ အတွင်း ပုံမှန်အသုံးစရိတ်မှာ ကျပ်ငွေ ၂၇၄ ဘီလီယံမှ ၁.၃ ထရီလီယံ ထိမြင့်တက်ခဲ့သည်။

[၂၄] ဘုန်းတော်ကြီးကျောင်းတစ်ခုမှ ကျောင်းသား ၂၀ ဦးအတွက် ဆရာတစ်ဦးကို တစ်လ ငွေကျပ် ၃၆၀၀၀ ပံ့ပိုးပြီး နောက်ထပ် ကျောင်းသား ၄၀ တိုးလာတိုင်း ထပ်တိုးပံ့ပိုးမှုများပေးအပ်ရှိသည်။

[၂၅] ၂၀၁၅ ဒီဇင်ဘာတွင် ဖြန့်ချိခဲ့သည့် အမျိုးသားပညာရေးမဟာဗျူဟာ လုပ်ငန်းစဉ်မူကြမ်းမှ ရရှိသည့် အချက်အလက်များဖြစ်သည်။

အမျိုးသားပညာရေး ဥပဒေကို သမ္မတ လက်မှတ်ထိုးခဲ့သည်။ ပညာရေး ပြုပြင်ပြောင်းလဲမှုအတွက် မူဘောင်များချမှတ်ရန် ရည်ရွယ်ပြဋ္ဌာန်းသည့် ဥပဒေဖြစ်သည်။ ဗဟိုဦးစီးမှုကို အကန့်အသတ် နှင့် ဖြေလျှော့ခြင်း၊ မိခင်ဘာသာစကားအခြေပြု သင်ကြားရေးကိစ္စရပ်များ၊ မူလတန်းအကြိုနှင့် ၁၂ တန်း တိုးချဲ့ခြင်းများ၊ အခမဲ့ မသင်မနေရ ပညာရေးကို မူလတန်းအဆင့်တွင် စတင်ဆောင်ရွက်သွားရန် ကိစ္စရပ်များ ပါဝင်သည်။ ဥပဒေအတည်ပြုပြီးသည်နှင့် မကြာမီတွင် ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂ တို့မှ ဆန္ဒပြပွဲများ ပုံမှန်ပြုလုပ် ဆန့်ကျင်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် မတ်လတွင် ကျောင်းသားများ စုဝေးနေသည်ကို အကြမ်းဖက် လူစုခွဲ၊ ဆန္ဒပြခေါင်းဆောင်များကို ဖမ်းဆီးသည့်အခါတွင် အထွဋ်အထိပ်သို့ ရောက်သွားသည်။ အစိုးရနှင့် တက်ကြွလှုပ်ရှားသူများကြား ညှိနှိုင်းမှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီး ၂၀၁၅ ဇွန်တွင် အစိုးရသည် ဥပဒေကို ပြန်လည်သုံးသပ်ပြီး အနည်းအကျဉ်း ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

၂၀၁၅ ဇွန်လတွင် အတည်ပြုခဲ့သည့် အခြေခံဥပဒေ ပြုပြင်မှုများအရ ပညာရေးတွင် ဗဟိုဦးစီးမှုကို ထပ်မံလျှော့ချပြီး လုပ်ပိုင်ခွင့် ပိုရလာခဲ့သည်။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည် ပြည်ထောင်စုဥပဒေနှင့်အညီ အခြေခံပညာကျောင်းများကို အုပ်ချုပ်စီမံခွင့်ရမည်ဖြစ်ပြီး တရားဝင်အထောက်အပံ့များကိုလည်း တိုက်ရိုက် လက်ခံနိုင်မည်ဖြစ်သည်။ အခွန်ကောက်ခံနိုင်သည့် ကဏ္ဍများလည်း တိုးတက်လာသည်။ သို့သော်လည်း ယင်းပြဋ္ဌာန်းချက်များကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် ပညာရေးဝန်ကြီး ဌာနအပေါ်တွင် အာဏာသက်ရောက်ခြင်းမရှိ သို့မဟုတ် ၎င်းတို့နယ်မြေများရှိ ကျောင်းများတွင် ဝင်ရောက် အာဏာကျင့်သုံးခွင့် မရှိပါ။ ၎င်းတို့အနေဖြင့် တိုက်ရိုက်စီမံနိုင်သည့် ကျောင်းများ၏ ပုံစံကိုလည်း ရှင်းလင်းစွာသိရခြင်း မရှိပါ။

## ခြောက်။ ။ ပညာရေးအဝန်းအဝိုင်းအတွင်းမှ ဘာသာစကား၊ စာပေ နှင့် ယဉ်ကျေးမှု

**မိခင်ဘာသာစကားအခြေပြုနှင့် ဘာသာစကားစုံ အသုံးပြုသင်ကြားသည့် ပညာရေး -** စာသင်ကြားခြင်း နှင့် စာမေးပွဲစစ်ဆေးခြင်းတွင် ဗမာစကားကိုသာအဓိက အသုံးပြုသည်ဖြစ်သောကြောင့် ဗမာစကားပြော မဟုတ်သူများအတွက် လက်ရှိပညာရေးအစနစ်သည် အခက်အခဲရှိသည်။ ကျေးလက်ဒေသမှ ကလေးငယ်ပေါင်း ၃၀ ရာခိုင်နှုန်းသည် ကျောင်းမတက်မီ ဗမာစကားကို မကြားဖူး မပြောဖူးကြသူများဖြစ်သည်။[၂၆] တိုင်းရင်းသားလူမျိုးစုဒေသများတွင် လုပ်ငန်းခွင်ဝင်နေသည့် ဆရာ ခန့်မှန်း ၇၀ ရာခိုင်နှုန်းသည် ဒေသခံ ဘာသာစကားသို့မဟုတ် မျိုးကွဲစကားများကို ပြောဆိုတတ်မြောက်ခြင်းမရှိသည်ကိုတွေ့ရသည်။[၂၇] EAO များ ထိန်းချုပ်သည့် ဒေသများမှ ကလေးငယ်များ၏ ဗမာစကားတတ်ကျွမ်းမှုမှာ အထူးအားနည်းပြီး မြန်မာလူမှုအဖွဲ့အစည်း ရေစီးကြောင်းနှင့် ဝေးနေကြသူများဖြစ်သည်။

၂၀၁၅ ခုနှစ်မှ စပြီး ကျောင်းများတွင် တိုင်းရင်းသားဘာသာစကားသင်ကြားရန် ဆက်တိုက်ဆောင်ရွက်ခဲ့သည်။ EBEP များမှ အချို့ပိုသင်ခန်းစာပို့ချပေးသည့် ပညာရေးဝန်ကြီးဌာနစနစ်အောက်မှ ပေါင်းစပ်ကျောင်းများရှိ ကျောင်းသားများသည် ယခင်ကပင် တိုင်းရင်းသားဘာသာစကား သင်ကြားခွင့်ရနေကြသော်လည်း အရေအတွက်မများလှပါ။ လူနည်းစုဘာသာစကားပြောဆိုသည့် ကလေးများအနေဖြင့်ကျောင်းတွင် ကောင်းမွန်စွာသင်ယူနိုင်ရန်မှာ ကျောင်းတက်စနစ်များတွင် မိခင်ဘာသာစကားအခြေပြု နှင့် ဘာသာစကားစုံ အသုံးပြုသင်ကြားခြင်းနည်း (Mother-tongue-based and multilingual education (MTB-MLE) သည် အကောင်းဆုံးဖြစ်သည်ဟု နိုင်ငံတကာမှ အသိအမှတ်ပြုထားသည်။[၂၈] MTB-MLEဖြင့် သင်ကြားသည်ဆိုပါက ကျောင်းသား၏ မိခင်ဘာသာစကားအသုံးပြုသင်ကြားသည်သာမက ဘာသာစကားအစုံ အသုံးပြုသည့် ပတ်ဝန်းကျင်နှင့် ပေါင်းကူးခြင်းတွင် လွယ်ကူစေရန် ယဉ်ကျေးမှုနှင့်ကိုက်ညီသည့် သင်ခန်းစာများအသုံးပြုသင်ကြားရမည်ဖြစ်သည်။ ဗမာဘာသာစကား တတ်မြောက်ခြင်းသည် အရေးပါ၊ လက်တွေ့ကျပြီး၊ လူ့ဝင်ဆန့်ခြင်းကြောင့် တိုင်းရင်းသားလူမျိုးစုမိဘများအနေဖြင့် သားသမီးများကို တတ်မြောက်စေလိုကြသည်။ ဖြစ်စဉ်ရလဒ်များကို ကြည့်ခြင်းအားဖြင့် မိဘများသည် ကလေးငယ်များကို ဖိအားပေးပြီး သင်ကြားစေခြင်းဖြင့် ကျောင်းခန်းတွင် နစ်နှင့်ချီပြီး ရှုပ်ထွေးစိတ်ရှုပ်စေမည့်အစား ဗမာစကားကို ဒုတိယ ဘာသာစကားအနေဖြင့် သင်ကြားစေခြင်းသည် အကောင်းဆုံးဖြစ်ကြောင်းတွေ့ရှိရသည်။

**တိုင်းရင်းသားလူမျိုးစု ဘာသာစကား၊ ယဉ်ကျေးမှု နှင့် သမိုင်း -** လူ့အဖွဲ့အစည်းတစ်ခုမှ လူများသည့်အုပ်စု တစ်စုနှင့်သာ သက်ဆိုင်သည့် တန်ဖိုးများ၊ အယူအဆများ၊ လူမှုရေးကိစ္စများအတွက်သာရည်ရွယ်သည့် ပညာရေးစနစ်များသည် ပဋိပက္ခကိုဖြစ်ပွားစေတတ်သည်။ မြန်မာ့ခေတ်သစ်သမိုင်းတွင် ယင်းကိစ္စသည် ထပ်တလဲလဲဖြစ်ပေါ်နေသည့်ကိစ္စဖြစ်သည်။ ကလေးငယ်အနေဖြင့် ဗမာစကားကိုအပြည့်အဝနားလည်ပြီး အဆင့်မြင့်ပညာရေးသို့ တက်လှမ်းသည့် ခရီးလမ်းတွင် ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကား၊ သမိုင်း နှင့် အခြားသက်ဆိုင်ရာ ဘာသာစကားရပ်များကိုလည်း ဆက်လက်လေ့လာသင်ယူနိုင်ရန်မှာ အရေးကြီးသည်။ ယင်းသို့ သင်ကြားနိုင်ရန်မှာ တိုင်းရင်းသားလူမျိုးစုစာပေအသုံးပြုမှုကိုမြှင့်တင်ပေးရန်လိုသည်။ တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ၎င်းတို့ကိုယ်ပိုင်ဘာသာစကားဖြင့် ရေးသား အသုံးပြုနိုင်ရန် စီစဉ်ပေးရမည်။ တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းပေးရမည်။ ဗမာမဟုတ်သည့် ဘာသာစကားများ၏ စာပေအဖွဲ့အစည်းများကို ပံ့ပိုးခြင်း၊ ထူထောင်ပေးခြင်းများ စီစဉ်ပေးရမည်။ သမိုင်းနှင့် လူမှုနီတိများအကြောင်းကို ကျောင်းတွင် သင်ကြားပေးနိုင်ရန်လည်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်သည်။ လက်ရှိသင်ကြားနေသည့် ပုံစံသည် ဗမာအမျိုးသားရေးကို အထူးအသားပေး သင်ကြားသည့် ပုံစံဖြစ်နေသည်။ အခြားတဖက်မှလည်း အချို့သော တိုင်းရင်းသားလူမျိုးစုများပြုစုသည့် ယဉ်ကျေးမှုနှင့် သမိုင်းသင်ရိုးများသည်လည်း နိုင်ငံရေးသဘောဆောင်ပြီး ရံဖန်ရံခါ မမျှမတဖော်ပြသင်ကြားသည်များ လည်းရှိသည်။

**ဗမာနှင့် မိခင်ဘာသာစကားကြား အဆင်ပြေမည့် ရပ်တည်ချက် -** ပြည်ထောင်စုတဝှမ်းတွင် အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေးအခွင့်အလမ်းများ လက်မလွတ်တမ်း ဆုပ်ကိုင်နိုင်ရန်အတွက် ဗမာစကားကို ပိုင်ပိုင်နိုင်နိုင်အသုံးပြုတတ်ရန်မှာ တိုင်းရင်းသားလူမျိုးကျောင်းသားများအတွက် အလွန်အရေးကြီးသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း MTB-MLE သည် မိခင်ဘာသာစကား၊ ဗမာဘာသာစကား နှစ်မျိုးလုံးပိုင်နိုင်စေရန် ရည်ရွယ်သည့်စနစ်ဖြစ်သည်။ မိခင်ဘာသာစကားဖြင့် သင်ကြားခြင်းအားဖြင့် အခြေခံ သင်ယူမှုအတွက် လိုအပ်သည့် စွမ်းရည်များနှင့် ယုံကြည်မှုများ တည်ဆောက်ပြီးဖြစ်သောကြောင့် အခြားဘာသာရပ်များကို အလွယ်တကူ သင်ယူနိုင်ရန် အခြေခံကောင်းများဖြစ်စေသည်။ အလားတူပင် ဘာသာစကားစုံအသုံးပြုသင်ကြားသည့်ပညာရေးသည်လည်း ဘာသာစကားတစ်ခုကိုအဓိကထား အသုံးပြုရမည်ဟု တရားဝင်သတ်မှတ်ထားသည့်တိုင်ဘာသာစကားအစုံအသုံးပြုနေရသည့် ပတ်ဝန်းကျင်အတွက် အသင့်တော်ဆုံးဖြစ်သည်ဟု ယူဆကြသည်။ ယင်းမူဘောင်သတ်မှတ်ချက်အရ မိခင်ဘာသာစကားကို သင်ကြားရေးကြားခံ ဘာသာစကားတစ်ခုအနေဖြင့် တတ်နိုင်သမျှအသုံးပြုရန် ရည်ရွယ်ထားပြီး အတန်းငယ်မှ တက္ကသိုလ်ထိ သင်ကြားရေးခရီးတလျှောက်တွင် ဘာသာစကား

[၂၆] UNICEF 2010, cited in Pyoe Pin (2014), 8.

[၂၇] Ibid.

[၂၈] UNESCO ဖော်ပြချက်အရ MTB-MLE ဆိုသည်မှာ ကလေးငယ်ပညာရေးကို ၎င်းတို့မိခင်ဘာသာစကားဖြင့် စတင်မိတ်ဆက်ပေးခြင်းဖြစ်သည်။ အမျိုးသား သို့မဟုတ် အများသုံး ဘာသာစကား (ဥပမာ ဗမာဘာသာစကား) ကို ကလေးငယ်ရွယ်စဉ်ကပင် စတင်မိတ်ဆက်ပေးမည်ဖြစ်သော်လည်း ဒုတိယဘာသာစကားဖြင့် ကောင်းစွာ ဝါကျရေးဖွဲ့ သီကုံးနိုင်ခြင်းမရှိသရွေ့ သင်ကြားရေးကြားခံ ဘာသာစကားအဖြစ် အသုံးမပြုရန်ဖြစ်သည်။

နစ်မျိုးလုံး အသုံးပြုပြီး ပညာရှာနိုင်သည်အထိ လေ့ကျင့်ပေးနိုင်ရန် ဖြစ်သည်။ လူနည်းစုများအတွက်တူညီသည့် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ တိုးတက်ရာလမ်းကြောင်း ဖြောင့်ဖြူးစေရန် ဗမာ ဘာသာစကားနှင့် မိခင်ဘာသာစကားကြား မှန်ကန်သည့် ဆုံမှတ် တစ်ခုကို အစိုးရအနေဖြင့် ဦးစားပေးရှာဖွေရမည်ဖြစ်သည်။

**MTB-MLE စနစ်ဖော်ဆောင်ခြင်း -** မကြာသေးမီနှစ်များအတွင်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ၎င်း၏ ကျောင်းများတွင် MTB-MLE စနစ် စတင်မိတ်ဆက်ခဲ့ရာ တိုးတက်မှု အနည်းငယ်ရှိသည်။ ဝန်ကြီး ဌာန အတွင်းမှာပင် MTB-MLE ကို လက်ခံကျင့်သုံးရန် အသိအမှတ်ပြု လက်ခံရန်လိုအပ်နေကြောင်းတွေ့ရသည်။ ၂၀၁၆၊ ဖေဖော်ဝါရီလ မန္တလေးတက္ကသိုလ်တွင် ပြုလုပ်ခဲ့သည့် ဘာသာစကားစုံအသုံးပြုရေး မူဝါဒနှင့် အခင်းအကျင်းများဆိုင်ရာ နိုင်ငံတကာ စည်းဝေးပွဲတွင် ("International Conference on Language Policy in Multicultural and Multilingual Settings) ပညာရေးဝန်ကြီးဌာနမှ တင်သွင်းခဲ့သည့် အချက် ၉ ချက်ပါ အမျိုးသားဘာသာစကား မူဝါဒတွင် အသိအမှတ်ပြုမှု ကို တွေ့ရှိရသည်။

၂၀၁၅ ခုနှစ် အမျိုးသားပညာရေးဥပဒေတွင် တိုင်းရင်းသားဘာသာ စကားများကို ဘာသာရပ်များအဖြစ် သင်ကြားရန် ခွင့်ပြုထားသည်။ ပညာရေးဝန်ကြီးဌာနလက်အောက်ခံ ကျောင်းအချို့သည် ၂၀၁၃ သို့မဟုတ် ၂၀၁၄ တွင် ကျောင်းချိန်ပြင်ပ၌ သင်ကြားမှုများ အစပြုနေပြီ ဖြစ်သည်။ အသစ်ပြုပြင်ထားသည့် ဥပဒေအရ ကျောင်းချိန်အတွင်း သင်ကြားနိုင်ပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေနှင့်လည်း ဆရာများအတွက် အထူးရံပုံငွေများ ချထားပေးနိုင်ခွင့်ရှိသည်။ မွန်၊ ကရင်၊ ရှမ်း၊ ကချင်၊ ပဲခူးနှင့် အခြား တိုင်းဒေသကြီး/ ပြည်နယ်များမှ အစိုးရများသည် ဒေသခံတိုင်းရင်းသား လူမျိုးစုဘာသာစကားများဖြင့် ဖတ်စာအုပ်များ ပြုစုခြင်း၊ လူမျိုးစုဘာသာစကားဖြင့် သင်ကြားနိုင်ရန် ဆရာများကို သင်တန်းပေးခြင်းများဆောင်ရွက်နေပြီး နိုင်ငံ နေရာအနှံ့ အပြားသို့ ရာနှင့်ချီသည့် ဆရာများကို စေလွှတ်နိုင်တော့မည်ဖြစ်သည်။ ယင်းလုပ်ငန်း အစီအစဉ်များ၏ ခရီးရောက်မှုမှာ နေရာတစ်ခုနှင့်တစ်ခု လိုက်ပြီးကွဲပြားသည်။

အစိုးရမှ ငွေကြေးပံ့ပိုးခြင်း၊ စီမံမှုပိုင်းတွင် ပံ့ပိုးမှုများ မရှိသောကြောင့် ယင်းဆောင်ရွက်ချက်များမှာ အောင်မြင်သင့်သလောက် မအောင်မြင်ဘဲ ဖြစ်နေသည်။ တိုင်းရင်းသားလူမျိုးစု ဘာသာစကားများမှာလည်း မသင်မနေရ ဘာသာရပ်များမဟုတ်ဘဲ ကျောင်းချိန်ပြင်ပတွင်သာ ရံဖန်ရံခါသင်ရသည်။[၂၉] ယင်းကိစ္စများထက် ဖြေရှင်းရန်ခက်ခဲသည့် ကိစ္စရပ်မှာ တိုင်းရင်းသားဘာသာစကား ကျွမ်းကျင်သော အရည် အသွေးမီ ဆရာများ မရှိခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုဒေသများ တွင် လုပ်ငန်းခွင်ဝင်နေသည့် ဆရာပေါင်း ၇၀ ရာခိုင်နှုန်းမှာ ဒေသခံ ဘာသာစကား သို့မဟုတ် ဘာသာစကားမျိုးကွဲကို ပြောဆိုနိုင်ခြင်းမရှိ သူများဖြစ်သည်။[၃၀] တိုင်းရင်းသား ဘာသာစကားဖြင့် ဖတ်စာအုပ်များ ပြုစုရာတွင် တိုင်းရင်းသားလူမျိုးများ ဒေသအခြေအနေများနှင့် ကိုက်ညီမှုမရှိလှသည့် ရှိရင်းစွဲ ဗမာဘာသာ ဖတ်စာအုပ်မှ စာသားများ ကို တစ်လုံးချင်းဘာသာပြန်ဆို အသုံးပြုရမည်ဟု အစိုးရက သတ်မှတ် ထားခြင်းကြောင့် တိုင်းရင်းသားဘာသာစကား သင်ရိုးများပေါ်ပေါက် လာရေးမှာ နှောင့်နှေးလျက်ရှိသည်။ ပုံနှိပ်ရန်၊ ဖြန့်ဝေရန် ငွေကြေးပံ့ပိုးမှု မရှိခြင်းကလည်း လုပ်ငန်းစဉ် မအောင်မမြင်ဖြစ်စေသည်။ ဖတ်စာအုပ် များကို ကျေးလက်ဒေသများသို့ ဖြန့်ချိရာတွင် ငွေကြေးအကုန်အကျ အလွန်များနိုင်သည်။[၃၁] လိုအပ်ပါက သင်ကြားရေးကြားခံ ဘာသာ စကားအနေဖြင့် တိုင်းရင်းသား ဘာသာစကားများကို အသုံးပြုနိုင်ရန် အစိုးရအနေဖြင့် ဆရာများပေါ်တွင် မည်သည့်ပံ့ပိုးမှုများ မရှိကြောင်း၊ ပံ့ပိုးပေးရန် အားထုတ်မှု မရှိကြောင်း ထင်ရှားလျက်ရှိသည်။ အမျိုးသား ပညာရေးဥပဒေအရ သင်ကြားရာတွင် အဆင်ပြေသည့် ဘာသာစကား အသုံးပြုနိုင်သည်ဟု ပြဋ္ဌာန်းရမည့်အစား တိုင်းရင်းသား ဘာသာစကား ကို လိုအပ်မှသာ ဗမာဘာသာနှင့်အတူတွဲလျက် အသုံးပြုရမည်ဟု သတ်မှတ်ထားသည်။

အမျိုးသားပညာရေး မဟာဗျူဟာ အစီအစဉ်များကို ဆက်လက် အကောင်အထည်ဖော်ခဲ့သည် ဆိုပါက တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့များ၊ အမွေအနှစ်များ၊ ရိုးရာ များကို ပံ့ပိုးထောက်ပံ့ပေးနိုင်မည်ဖြစ်သော ဒေသနှင့်ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများ ပေါ်ပေါက်လာရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် ဆိုင်ပြီး သီးသန့်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်မည်ဖြစ် သည်။[၃၂] ကလေးငယ်၏ အစောပိုင်းသင်ယူမှုကို နှီးဆွနိုင်ရန်အတွက် အထူးရည်ရွယ်လျက် ဒေသနှင့်ကိုက်ညီသည့် သင်ရိုးများဖြစ်စေရန် လိုအပ်သည်ဟု အစီအစဉ်တွင် မကြာခဏဆိုသလို ဖော်ပြထားသည်။

**ကြုံတွေ့လာမည့် အခက်အခဲများအတွက် ပြင်ဆင်ခြင်း -** NLD အစိုးရ လက်ထက်တွင် မြန်မာအနေနှင့် MTP-MLE စနစ်ကို ထိရောက်စွာ အသုံးချရန် အခွင့်အလမ်းများရှိလာသည်။ NLD ၏ ၂၀၁၅ ကြေညာ ချက်တွင်လည်း ဖက်ဒရယ်စနစ်ကို ဖော်ဆောင်မည့် ကတိကဝတ် အကောင်အထည်ဖော်ခြင်း လုပ်ငန်းတစ်ခုအနေဖြင့် တိုင်းရင်းသား လူမျိုးစုများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများကို ပံ့ပိုး၊ မြှင့်တင်ပေး သည့် ပညာရေးစနစ်တစ်ခုကို ဖော်ဆောင်သွားမည်ဟု ကတိပြုခဲ့ သည်။ ယင်းကဲ့သို့ ကတိကဝတ်များသည် ပညာသင်ကြားရေးအတွက် အကျိုးအမြတ်အများပြားရှိစေပြီး ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ် ရေးတွင် အဓိက ခြေလှမ်းဖြစ်သကဲ့သို့ ပဋိပက္ခဖြစ်ပွားစေသည့် အဓိက မကျေနပ်ချက်များကိုလည်း ဖြေရှင်းပြီးသား ဖြစ်စေသည်။

---

[၂၉] ၂၀၁၅ ခုနှစ် အမျိုးသား ပညာရေး ဥပဒေပြင်ဆင်ချက်တွင် (လိုအပ်ခဲ့သည်ဆိုပါက အခြေခံပညာအဆင့်တွင် တိုင်းရင်းသားလူမျိုးဘာသာစကား တစ်ခုကို ဗမာဘာသာနှင့် တွဲပြီး သင်ကြားမှုကြားခံ ဘာသာစကားတစ်ခုအနေဖြင့် အသုံးပြုနိုင်သည်) ဟု ဖော်ပြထားသည်။

[၃၀] UNICEF (2010), cited in Pyoe Pin (2014), 8.

[၃၁] ယင်းအခက်အခဲများကို ကချင်ပြည်နယ်ပညာရေးဌာနမှ မန္တလေးတွင်ပြုလုပ်ခဲ့သည့် (ဖေဖော်ဝါရီ ၂၀၁၆) ညီလာခံတွင် ထောက်ပြခဲ့ခြင်းဖြစ်သည်။

[၃၂] Ministry of Education (2016), p. 32.

သို့သော်လည်း ရည်မှန်းထားချက်များအောင်မြင်ရန်မှာ ပြင်းပြသည့် နိုင်ငံရေးဆန္ဒနှင့်အချိန်၊ ငွေကြေးပေါင်းများစွာရင်းနှီးမြှုပ်နှံရန်လိုသည်။ ဘာသာစကားများသည် ပြည်နယ်တစ်ခုတည်း၊ တိုင်းဒေသကြီးတစ်ခုတည်းတွင်သာ ကန့်သတ်လျက် ရှိနေသည်မဟုတ်ပါ။ မြို့နယ်အဆင့်တွင်ပင် ကွဲပြားမှုများရှိသည်။ မြို့နယ်တိုင်းတွင် မတူညီသည့် တိုင်းရင်းသားလူမျိုး စုဖွဲ့မှုရှိပြီး အဓိကအသုံးပြုသည့် ဘာသာစကားမှာလည်း ကျေးရွာအုပ်စုအလိုက် ကွဲပြားမှုရှိသည်။ ထို့ပြင် မြို့များနှင့် ကျေးလက်များကြားတွင် ကွာခြားမှု ကြီးကြီးမားမားရှိပြီး မြို့ပေါ်များတွင် လူမျိုးစုံစုဝေးမှုပိုများနိုင်ပြီး ဗမာစကားကျွမ်းကျင်စွာ တတ်မြောက်သူများက အများစု လွှမ်းမိုးထားရန် ဖြစ်နိုင်ချေများသည်။

အထက်ပါအချက်များကြောင့် တိုင်းရင်းသားဘာသာစကား ဘာသာရပ်များတွင် ကျောင်းသားများ၏ အရည်အသွေးကို မည်သို့ဆုံးဖြတ်မည်ဆိုသည်မှာ ဆုံးဖြတ်ရန်ခက်ခဲသည့် ကိစ္စဖြစ်လာသည်။ အချို့သော ဒေသများတွင် ပညာရေးဝန်ကြီးဌာန၏ အထက်တန်းကျောင်းပညာရေးကို ပြီးမြောက်အောင်သင်ကြားခြင်းမရှိ သူများကို ဆရာများအဖြစ် ငှားရမ်းနေရသည်။ ပြုပြင်ပြောင်းလဲမှုအနေဖြင့် မည်သည့်သင်ကြားရေးစနစ်ကို အသုံးပြုမည်၊ မည်ကဲ့သို့သော သင်ရိုးပုံစံကို အသုံးပြုမည်နှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီး ဌာနနှင့် အခြားသော ပညာရေးအဖွဲ့အစည်းများ အငြင်းပွားနေကြသည့် အချိန်တွင် အထက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်နေခြင်းဖြစ်သည်။

## ခုနစ်။ ။ ပညာရေးအဖွဲ့အစည်း အများအပြားရှိခြင်း ကောင်းကျိုးများ

**နိုင်ငံတကာမှ လေ့လာရမည့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ကြားဝင်ပေါင်းကူးစနစ်များ (complementary systems) -** တူညီသည့် မူဘောင်များ လမ်းညွှန်မှုအောက်တွင် အဖွဲ့အစည်း အမျိုးမျိုး ပါဝင်ဆောင်ရွက်နေသည့် ပညာရေးဦးတည်ချက်သည် နိုင်ငံတကာက လက်ခံထားသည့် စံသတ်မှတ်ချက်ဖြစ်သည်။ နိုင်ငံအစိုးရမဟုတ်သည့် ပညာရေး အဖွဲ့အစည်းများသည် ကမ္ဘာတဝှမ်းတွင် ပုံစံအမျိုးမျိုးနှင့် ဖြစ်တည်နေကြသည်။ အကျိုးအမြတ်ဦးစားပေးသည့် ပညာရေးအဖွဲ့အစည်း၊ ကျောင်းသားမိသားစုများ၊ လှူဒါန်းမှုများ (ရပ်ရွာမှသော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း)အစိုးရ၊ သို့မဟုတ် အခြားအလှူရှင်များမှ ရန်ပုံငွေ လက်ခံနိုင်သည့် အကျိုးအမြတ်ဦးစားမပေးသည့် အဖွဲ့အစည်းများအပါအဝင် ပုံစံအမျိုးမျိုးရှိသည်။[၃၃] ဝင်ငွေနည်း၊ ဝင်ငွေအလယ်အလတ် ရှိသည့် နိုင်ငံများတွင် လောလောလတ်လတ် ဆယ်စုနှစ်များအတွင်း နိုင်ငံအစိုးရနှင့် သက်ဆိုင်ခြင်းမရှိသည့်ကျောင်းတွင် ကျောင်းအပ်နှံမှု တောက်လျှောက် မြင့်တက်လာသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အစိုးရနှင့်သက်ဆိုင်ခြင်းမရှိသည့် ပညာရေးစနစ်ကို အစိုးရနှင့် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့ကဲ့သို့သော အဖွဲ့များမှ ပံ့ပိုးပေးသည့်ဖြစ်စဉ်များ မရေမတွက်နိုင်အောင် ရှိသည်။ ပညာရေးလက်လှမ်းမမီသည့် ပြည်သူများအတွက် ရည်ရွယ်သည့် အဖွဲ့အစည်းများလည်း ရှိသည်။

ကြားဝင်ပေါင်းကူးပညာရေး (complementary education) ဆိုသည်မှာ ဝေးလံခေါင်ဖျား၍သော်လည်းကောင်း၊ အများစုအသုံးပြုသည့် ဘာသာစကား တတ်ကျွမ်းမှုမရှိ၍ သော်လည်းကောင်း၊ သို့မဟုတ် အခြားအကြောင်းများကြောင့် နိုင်ငံအစိုးရ၏ ပညာရေးစနစ်တွင် သင်ကြားခွင့်မရ၍ ခက်ခဲနေသော ကလေးများအတွက် ရည်ရွယ်သည့် အခြေခံပညာရေးအစီအစဉ်များ တစ်စတစ်စ တိုးတက်လာခဲ့ရာ ၎င်းအစီအစဉ်များကို ရည်ညွှန်းရန် ၁၉၉၀ ခုနှစ်တွင် ပေါ်ထွက်ခဲ့သည့် စကားရပ်ဖြစ်သည်။.အနည်းဆုံး နိုင်ငံပေါင်း ၃၅ နိုင်ငံတွင် ကြားဝင်ပေါင်းကူးစနစ်များရှိသည်။ ပုံမှန်ကျောင်းစနစ်များမှ ကွဲပြားလျက် ထူးခြားသည့် လိုအပ်ချက်ရှိသည့် ပြည်သူများအတွက် သင့်တော်သည့် ကျောင်းများဖွင့်လှစ်သွားရန် ရည်ရွယ်သည့် ဝိသေသလက္ခဏာများကို ထိန်းသိမ်းလျက် အသိအမှတ်ပြု အခြေခံပညာရေးကို ပံ့ပိုးပေးနိုင်သော ၎င်းတို့ဆောင်ရွက်ချက်ကို လူသိများသည်။

**မြန်မာ့ပညာရေးကဏ္ဍတွင် EBEPs များအရေးပါပုံ -** မြန်မာ့ပညာရေး ရည်မှန်းချက်များ အထမြောက်အောင်မြင်စေရန် EBEP များမှာ အဓိကနေရာမှ ပါဝင်နေသည်။ အကြောင်းရင်းခံ ၄ ချက်ကြောင့် ယင်းအဖွဲ့အစည်းများသည် အရေးပါနေရသည်။

၁။ နယ်မြေကျွမ်းကျင်မှု၊ ဝင်ထွက်ဆောင်ရွက်နိုင်မှု
၂။ မိခင်ဘာသာစကားအခြေပြု နှင့် ဘာသာစကားစုံ အသုံးပြုသည့် ပညာရေးစနစ်တွင် အတွေ့အကြုံ ရင့်ကျက်မှု
၃။ ပြည်သူများမှ ယုံကြည်တန်ဖိုးထားခြင်း
၄။ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် အထောက်အကူပြုခြင်း တို့ဖြစ်သည်။

နေရာဒေသအများစုတွင် ပညာရေးကိစ္စဝင်ရောက်လုပ်ကိုင်နိုင်သည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်နေခြင်းကြောင့် EBEP များ မပါဘဲနှင့် အားလုံးသင်ယူနိုင်သည့် ပညာရေး ဟူသော ရည်မှန်းချက်အောင်မြင်ရန်မှာ မဖြစ်နိုင်ပါ။ ၂၀၁၅ အမျိုးသားပညာရေးဥပဒေတွင် ပဋိပက္ခဒဏ်ခံ ဒေသများတွင်သာ ယာယီ သို့မဟုတ် အရေးပေါ် ဝန်ဆောင်မှုများပေးရန် လိုအပ်သည်ဟု အသိအမှတ်ပြုထားသည် ဖြစ်သောကြောင့် အစိုးရထိန်းချုပ်မှုအောက်တွင် ကျရောက်ခဲ့ခြင်း မရှိသည့် ဒေသအများအပြားကို စာရင်းမသွင်းသကဲ့သို့ ဖြစ်နေသည်။ အခြေ ၏အနေအလျောက် ကွဲပြားခြားနားသည့် ပညာရေးပေါ် မှီခိုနေရသူများကိုလည်း အသိအမှတ်မပြုသည့်သဖွယ် ဖြစ်နေသည်။

စစ်တပ်အုပ်ချုပ်မှု၊ လက်နက်ကိုင်ပဋိပက္ခများ ဆယ်စုနှစ်ချီကြာခဲ့သည် ဖြစ်သောကြောင့် နိုင်ငံတော်ပေါ်တွင် ယုံကြည်မှုကင်းမဲ့နေသောကြောင့် ပညာရေးဝန်ကြီးဌာန လုပ်ငန်းတိုးချဲ့မှုများပေါ်တွင် EAO များမှ သတိထားစောင့်ကြည့်လျက်ရှိသည်။ အစိုးရသည် ဖက်ဒရယ်အရေးနှင့် ပတ်သတ်ပြီး နက်နက်နဲနဲဆွေးနွေးခြင်းမပြုဘဲ ဖွံ့ဖြိုးရေးအကြောင်းပြကာ ၎င်းထိန်းချုပ်နယ်မြေများ တိုးချဲ့ယူသွားမည်ဟူသော ပူပန်မှုကို EAO များကြား ပြန့်ပွားစေသည် ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရ၏ ဝန်ဆောင်မှုများ တိုးချဲ့ခြင်းသည် အပစ်အခတ်ရပ်စဲရေးကို ထိခိုက်စေနိုင်သည်။ တိကျသည့်လမ်းညွှန်မှုများမရှိဘဲ ပေါင်းစပ်ကျောင်းများကို အလျင်အမြန် အသိအမှတ်ပြုခြင်းသည် လက်တွေ့မကျသည့် ပညာရေးအစီအစဉ်များကိုပေါ် ပေါက်စေသည်။ ဝေးလံခေါင်ဖျားဒေသများတွင် လုပ်ငန်းခွင်ဝင်သည့် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းဆရာများ၏ ပျက်ကွက်မှုနှုန်း၊ အလုပ်ထွက်နှုန်းမှာ မြင့်မားသည်။[၃၄] အဝင်အထွက်ခက်ခဲသည့် ဒေသများတွင် ကျောင်းများတစ်ခုချင်းစီ ချဉ်းကပ်ခြင်း၊ ရပ်ရွာအလိုက်ချဉ်းကပ်ခြင်းများ ဆောင်ရွက်မည့်အစား EBEP များကို အသိအမှတ်ပြုကာ ပူးပေါင်းလိုက်ခြင်းဖြင့် ပညာရေးဝန်ကြီးဌာနသည် အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးပညာရေးစနစ်များသည် ရပ်ရွာကွန်ယက်များတွင် နက်နဲစွာ အမြစ်တွယ်နေပြီ ဖြစ်သည်။ ယေဘုယျအားဖြင့် လုံခြုံရေး သို့မဟုတ် နိုင်ငံရေး အကောင်းအဆိုး အခြေအနေမရွေး ပံ့ပိုးမှုများ အဆက်မပြတ်စေရန် လုပ်ငန်းပုံစံ ပြင်ဆင်ထားသည်၊ သို့မဟုတ် လုပ်ရင်းကိုင်ရင်း တစ်စတစ်စပြုပြင်ထားလေ့ရှိသည်။ တိုင်းရင်းသားလူမျိုးများ နယ်မြေအတော်များများတွင် ပဋိပက္ခများ တကျော့ပြန်၊

[၃၃] နိုင်ငံအစိုးရလက်အောက်ခံမဟုတ်သည့် ပညာရေးအဖွဲ့အစည်းများအကြောင်းကို Steer, et al. (2015), p. 28. တွင်ကြည့်ပါ။

[၃၄] ဒေသခံရပ်ရွာများနှင့် အံဝင်ခွင်ကျဖြစ်ရန် ရုန်းကန်ရသည်။ လစာများနှင့် အခြားစီမံကိစ္စများဆောင်ရွက်ရန် အတွက်မြို့သို့ ပုံမှန် သွားနေရခြင်းကြောင့်လည်းဖြစ်သည်။

မငြိမ်းနိုင်ဘဲ ဆက်လက်ဖြစ်နေရန် ဖြစ်နိုင်ချေများသောကြောင့် နောင်လာမည့် နှစ်ပေါင်းအတော်ကြာသည့်တိုင် EBEP များသည် အချို့သော နေရာများအတွက် အထိရောက်ဆုံး ပညာရေးပံ့ပိုးပေး သည့် အစုအဖွဲ့ ဖြစ်နေအုံးမည်ဖြစ်သည်။

**MTB-MLE အကောင်အထည်ဖော်ခြင်း -** EBEPများသည် တိုင်းရင်းသားစာပေ သင်ကြားရာတွင်လည်းကောင်း၊ ဗမာဘာသာ သင်ရိုးကို တိုင်းရင်းသားလူမျိုးစကားများ အသုံးပြုပြီး သင်ကြားခြင်းတွင် လည်းကောင်း အတွေ့အကြုံများစွာရှိသည်။ MNEC/MNED လက်အောက်ခံ အခြေခံပညာနှင့် အခြေခံပညာလွန် မွန်အမျိုးသား ကျောင်းပေါင်း ၁၁၈ ကျောင်းတွင် ၅ တန်းမတိုင်မီထိ မွန်ဘာသာ သင်ရိုးညွှန်းတမ်းကို အပြည့်အဝ အသုံးပြုသည်။[၃၅] အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် အစိုးရ၏ ဗမာဘာသာ သင်ရိုးညွှန်းတမ်းများကို ပြောင်းလဲအသုံးချသော်လည်း မွန်ဘာသာကို သင်ကြားရေးကြားခံ ဘာသာစကား (language of instruction) အဖြစ် ဆက်လက်အသုံးပြုသည်။

ကောင်းဟက် ကွန်ယက်အပါအဝင် အခြားသော EBEP ကျောင်းများတွင် အစိုးရ၏ ဗမာသင်ရိုးညွှန်းတမ်းများကို အခြေခံအဖြစ် အသုံးပြုသည်။ ကျောင်းသားများ အစိုးရစစ်စာမေးပွဲများ ဝင်ရောက်ဖြေဆိုနိုင်ရန် ဖြစ်သည်။ အရေးကြီးသည့်အချက်မှာ EBEP မှ ဆရာများသည် ကျောင်းသားများ၏ မိခင်ဘာသာစကား ဖြင့် စာသင်ကြားနိုင်ကြပြီး နိုင်ငံခြားဘာသာစကားဖြင့် ပြုစုထားသည့် ဖတ်စာများကို နားလည်စေရန် မိခင်ဘာသာစကားအသုံးပြုကာ ရှင်းပြနိုင်ကြသည်။ ပညာရေးဝန်ကြီးဌာန၏ သင်ရိုးကို အဓိကထား အသုံးပြုသည့် EBEP များသည် တိုင်းရင်းသားလူမျိုးဘာသာစကားများကို ထပ်တိုးဘာသာရပ်များ အနေဖြင့် ကျောင်းချိန်ပြင်ပတွင် သို့မဟုတ် သတ်မှတ်သင်ရိုးအတွင်း ထည့်သွင်းသင်ကြားစေသည်။ [၃၆] KED/KSEAG နှင့် Kachin EBEP များသည် အခြေခံပညာရေးအတွက် တိုင်းရင်းသားဘာသာစကားဖြင့် သင်ရိုးများ ရေးဆွဲထားပြီးဖြစ်သည်။ အချို့သော EBEP များ၏ MTB-MLE ဆောင်ရွက်ချက်များသည် အဆင့်မြင့်တင်ရန် အကြီးအကျယ် လိုအပ်နေသည်ကိုလည်း မမေ့သင့်ပါ။

**ရပ်ရွာပြည်သူများ သဘောထား -** ခြုံငုံသုံးသပ်ရလျှင် ရပ်ရွာများအနေဖြင့် ၎င်းတို့၏ EBEP များကို အရှိန် အဟုန်ဖြင့် ဆက်လက်ပံ့ပိုးနေကြမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနထက် EBEP များကို ပို၍ လိုလားကြောင်း ကိုလည်း အထင်အရှား သဘောထားပေးကြသည်။ EBEP ကျောင်းအများစုသည် ဒေသခံ ပြည်သူလူထုအသီးသီးထံမှ အလှူငွေများကို လက်ခံရရှိနေရသည်။ မိမိတို့သားသမီးများ ကျောင်းတက်ရောက်နေခြင်း မရှိသည့်တိုင် အလှူငွေထည့်ဝင်သူများရှိသည်။ ပြည်သူလူထုမှယင်းသို့ ကြည်ဖြူစွာ ထည့်ဝင်ရသည့် အကြောင်းရင်းပေါင်းများစွာရှိသည်။ EBEP များ ကောင်းစွာထူထောင်ထားနိုင်သည်ဆိုပါက တိုင်းရင်းသား ရပ်ရွာပြည်သူများအနေဖြင့် ၎င်းတို့၏ အမျိုးသားပညာရေးစနစ်အဖြစ် သဘောထားပြီး ဂုဏ်ယူဝမ်းမြောက်ကြသည်။ အချို့သော EAO ပညာရေးဌာန (EAO education departments (EAO-EDs) ပညာရေးအာဏာပိုင်အဖြစ် ဆယ်စုနှစ်ပေါင်းများစွာကပင် အခြေတကျရှိခဲ့ပြီဖြစ်ပြီး ယင်းစနစ်ဖြင့် ပညာတတ်မြောက်ခဲ့သည့် မိဘများကလည်း ယင်းစနစ်ကို အသိအမှတ်ပြုလက်ခံသည်။ အဖွဲ့အစည်းအသစ်အဖြစ် နေရာအသစ်တစ်ခုသို့ EBEPs များ စတင်ဝင်ရောက်သည်နှင့် ကျောင်းကော်မတီများ၊ မိဘများနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် MoE ထက် အားကောင်းသည်ကို တွေ့ရသည်။ ဝန်ထမ်းများနှင့် ဆရာများသည် ဒေသခံ ဘာသာစကားကို အသုံးပြုနိုင်၊ ဒေသခံဓလေ့များကို နားလည်ပြီး ကျေးရွာလူကြီးများ၊ ကျေးရွာခေါင်းဆောင်များ၊ ကျောင်းကော်မတီများနှင့် ယုံကြည်မှုတည်ဆောက်နိုင်ရန် အချိန်ယူနိုင်ခြင်းကြောင့် ပူးပေါင်းနိုင်မှုတွင် ပို၍ ထိရောက်သည်ကို တွေ့ရသည်။

ထို့ပြင် EBEP မှ ထောက်ပံ့ထားသည့် ဆရာများသည် ၎င်းတို့ လုပ်ငန်းခွင်ဝင်သည့် ရွာအနီးအနားမှ သို့မဟုတ် ရွာခံများကိုယ်တိုင် ဖြစ်နေကြသည်။ ဆရာများသည် ကျေးရွာအတွင်းသို့မဟုတ် အလွယ်တကူ ဆက်သွယ်နိုင်သည့် နေရာတွင် ရှိနေသည်ဖြစ်သောကြောင့် ကျောင်းပိတ်ရက်များတွင်လည်း တရင်းတနှီး ဆက်ဆံရေးရှိကြသည်။ အချို့သောနယ်မြေများတွင် EBEP ကျောင်းများမှ ဆရာများ နှုတ်ထွက်မှုနှုန်း မြင့်မားသည်လည်းရှိသကဲ့သို့ နှစ်ပေါင်းများစွာ ကျောင်းတစ်ခုတည်းတွင် နှစ်မြှုပ်သင်ကြားသည့် ဆရာများလည်း အများအပြားရှိသည်။ MoE မှ ဝန်ထမ်းဆရာများသည် မြို့ပြဒေသမှ လာရောက်ခြင်း၊ ယင်းဒေသသို့ အမြဲတမ်းနေထိုင်ရန် ပြောင်းရွှေ့လာရန် မဖြစ်နိုင်ခြင်းကြောင့် နှစ်ပေါင်းများစွာလုပ်ကိုင်နိုင်သည့် ဆရာများ အရေအတွက်မှာ နည်းသည်။

**ငြိမ်းချမ်းရေး နှင့် ပြန်လည်သင့်မြတ်ရေးအတွက် EBEP များကို အသုံးချခြင်း -** EBEP များကို တရားဝင်၊ အသိအမှတ်ပြုပြီး ပြည်ထောင်စုအတွင်းမှ အရေးကြီးသော အစုအဖွဲ့များအဖြစ် တန်ဖိုးထားရန် ဆောင်ရွက်နေသည့် အစိုးရသစ်၏ အားထုတ်မှုများသည် ငြိမ်းချမ်းရေးဆောင်ရွက်မှုကို များစွာ အထောက်အကူ ဖြစ်စေသည်။ ယင်းသို့ဆောင်ရွက်ခြင်းအားဖြင့် EAO များနှင့်၊ ရပ်ရွာပြည်သူလူထုများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပေါ် ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးကြောင့် အခြေကျပြီးစနစ်များနှင့် ဖွဲ့စည်းပုံများ ပျက်သွားမည်မဟုတ်ဘဲ အနာဂတ်နိုင်ငံတော်တွင် အခြေမပျက် ပါဝင်ပူးပေါင်းနိုင်ရန်ဖြစ်ကြောင်းကိုလည်း သက်သေပြနိုင်မည်ဖြစ်သည်။ ယုံကြည်မှုတည်ဆောက်ရန်၊ လက်နက်ပြဆက်ဆံ

[၃၅] ဗမာ နှင့် အင်္ဂလိပ် အသုံးပြုရသည့် သိပ္ပံဘာသာရပ်များမှအပ သင်ရိုးညွှန်းတမ်းအားလုံးသည် မွန်ဘာသာဖြစ်သည်။ ဘာသာရပ်အများစုမှာ အစိုးရ၏ ဗမာဘာသာ သင်ရိုးညွှန်းတမ်းကို ၁၉ ၉ ၀ နှစ်များတွင် မှီငြမ်း၊ ဘာသာပြန်ကာ အသုံးပြုခြင်းဖြစ်သည်။

[၃၆] ဥပမာ - ကချင် EBEP အများအပြားသည် ပညာရေးဝန်ကြီးဌာန သင်ရိုးညွှန်းတမ်းနှင့်အတူ တိုင်းရင်းသားဘာသာစကားကို တွဲသင်သည်။ ကောင်းဟက် ကွန်ယက်အတွင်းမှ ကျောင်းများသည် ရှမ်းဘာသာစကားကို ဘာသာရပ်အနေဖြင့် သတ်မှတ် သင်ကြားခြင်းမပြုသော်လည်း နွေရာသီ ရှမ်းဘာသာစကား သင်ခန်းစာအဖြစ် သင်ကြားပေးသည်။

ရေးမှ တန်းတူရေးသို့ ကူးပြောင်းရာတွင် လျင်မြန်စေရန် နိုင်ငံအစိုးရနှင့် EAO များ၊ ယခင်က အရေးယူ ဆက်ဆံခြင်းမခံရသည့် တိုင်းရင်းသား လူမျိုးစု၊ ဘာသာရေး၊ အရပ်ဖက်လူ့အဖွဲ့အစည်းများကြား အမှန်တကယ်၊ လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ပူးပေါင်းမှုများကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ MTB-MLE တိုးချဲ့ဆောင်ရွက်ကာ နိုင်ငံ၏ မတူကွဲပြားမှုများကို အမှန်တကယ် ကိုယ်စားပြုနိုင်သည့် အားလုံးပါဝင်သော ပညာရေးကဏ္ဍ တည်ဆောက်ခြင်းဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် များစွာ အထောက်အကူဖြစ်စေနိုင်သည်။

မယုံနိုင်လောက်အောင် ကြမ်းတမ်းသည့်အခက်အခဲအမျိုးမျိုးကြားမှ ၎င်းတို့ တည်ထောင်ထားသည့် ပညာရေးစနစ်သည် EAO များအဖို့၊ ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေများမှ ရပ်ရွာပြည်သူများကို ကိုယ်စားပြုရန် အကြောင်းရင်းအဖြစ်၊ ၎င်းတို့၏ တရားဝင်မှု လက္ခဏာတစ်ခုအနေဖြင့် ရံဖန်ရံခါတွင် မှတ်ယူကြသည်။ နယ်မြေတွင်း ဩဇာကြီးများသည် ဘာသာရေး သို့မဟုတ် အခြား ဩဇာရှိခေါင်းဆောင်များနှင့် ချိတ်ဆက်ထားသည့် EBEP များသည်လည်း ၎င်းတို့ လူမှုအသိုင်းအဝိုင်းအတွင်း အခိုင်အမာနေရာ ယူထားကြသည်။ ပညာရေးကဏ္ဍတွင် ပါဝင်နေသည့် EAO ခေါင်းဆောင်များနှင့် အခြား တိုင်းရင်းသား ခေါင်းဆောင်များအနေဖြင့် သမိုင်းတလျှောက် ဗြိတိသျှကိုလိုနီခေတ်အတွင်း၌ပင် အမှီအခိုမရှိ ကိုယ်ပိုင်အုပ်ချုပ်ခဲ့သည့်ကိစ္စကို ဖော်ထုတ်ပြောဆိုခြင်းဖြင့် ၎င်းတို့သည် တရားသဖြင့် ရပ်တည်နေကြောင်းကို သက်သေပြကြသည်။

စစ်ပွဲများ၊ ဖိနှိပ်မှုများကြုံတွေ့နေရသည့် တိုင်းရင်းသားလူမျိုးစု အများအပြားမှာ နိုင်ငံတော်ပေါ်တွင် နက်နက်ရှိုင်းရှိုင်း သံသယရှိနေကြဆဲဖြစ်သည်။ နိုင်ငံတော်နှင့် ပတ်သက်သမျှတွင် တပ်မတော်နှင့်သာ ရင်ဆိုင်ဖူးကြသောကြောင့် နိုင်ငံတော်ကို များစွာ သံသယရှိကြသည်။ အစိုးရအုပ်ချုပ်ရေးသို့ ဝင်ရောက်ခြင်းမရှိသေးသည့် ရပ်ရွာများ အထူးသဖြင့် EAO များ၏ စင်ပြိုင်အုပ်ချုပ်ရေးစနစ်များအောက်တွင် အခြေကျနေသည့် ရပ်ရွာများမှာ ၎င်းတို့ရပ်တည်ချက် လက္ခဏာနှင့် ဆက်နွယ်မေးခွန်းထုတ်ရင်းနှင့် ရပ်ရွာကျောင်းများကို ပြည်ထောင်စုပညာရေးစနစ်တွင် မည်သို့ပေါင်းထည့်မည်နည်း ဆိုသည်ကိုလည်း မေးမြန်းကြသည်။ ထို့ကြောင့် ပြန်လည်သင့်မြတ်ရေးဟုဆိုရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံဟူသော နိုင်ငံတော်အဝန်းအဝိုင်း အပြင်ဘက်တွင်ရှိခဲ့သည့် ရပ်ရွာများကို နိုင်ငံတော်အဝန်းအဝိုင်းအတွင်း ဆွဲသွင်းမည့် လုပ်ငန်းစဉ်ပါဝင်မည်ဖြစ်သကဲ့သို့ ၎င်းတို့ အဆင်ပြေစေရန်အတွက် ဒေသနှင့်ကိုက်ညီသည့် အဖွဲ့အစည်းများ၊ ကိုယ်စားပြုမှု အားကောင်းသည့် အဖွဲ့အစည်းများ ရှင်သန်စေရန် ခွင့်ပြုရန်လည်း လိုအပ်သည်။

## ၅။ ။ အခွင့်အလမ်း၊ အခက်အခဲ၊ အကြံပေးချက်များ

### ပထမအဆင့် ဆောင်ရွက်ခြင်း

**ကြုံတွေ့လာနိုင်သည့် အခက်အခဲများ -** နိုင်ငံအစိုးရ ဦးဆောင်မှု အောက်တွင် မတူညီကွဲပြားမှုများ တစ်စုတစ်စည်း ပန်းတိုင်တူဆောင်ရွက်နေသည့် ပညာရေးကဏ္ဍသို့ ဦးတည်ရန် အကျိုးသက်ဆိုင်သူများ အားလုံး ရည်မှန်းချက်ထား ကြိုးစားရမည်ဖြစ်သည်။ အားလုံးပါဝင်ရေးကို အမှန်တကယ်ဆောင်ရွက်နိုင်ရန်မှာ နိုင်ငံပြုပြင်ပြောင်းလဲမှု ကြီးကြီးမားမားပြုလုပ်မှသာ ဖြစ်နိုင်မည်ဟု တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်အများစုက ယူဆထားသည်။ ထို့ကြောင့် နိုင်ငံအစိုးရအနေဖြင့် နည်းပညာပိုင်း၊ မှန်ကန်သည့် အရည်အသွေးများ ပြုစုရုံနှင့် လုံလောက်ခြင်းမရှိသည်ကို သိရှိ သဘောပေါက်ရမည်ဖြစ်သည်။ အဓိက အကျိုးသက်ဆိုင်သူများအနေဖြင့် ၎င်းတို့စနစ်များ ပြုပြင်ပြောင်းလဲခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း တိုက်တွန်းအကြံပေးလိုပါသည်။

*__အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၁။ ။__ အစိုးရ၏ ပညာရေးရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်ရာတွင် တိုင်းရင်းသား လူမျိုးစုများ၏ အခြေခံပညာရေး ပံ့ပိုးသည့် အဖွဲ့အစည်းများကို လေးစားတန်ဖိုးထားရမည့် လုပ်ဖော်ကိုင်ဖက်များအဖြစ် ဆက်ဆံရန်။ တက်ကြွစွာ ပူးပေါင်းခြင်းမှ တဆင့် EBEP များကို ပံ့ပိုးရန်၊ လုပ်နိုင်ကိုင်နိုင်သည့်အခြေအနေ ဖန်တီးပေးရန် မူဝါဒများချမှတ်ရမည်။ ၎င်းတို့လုပ်ငန်းဆောင်ရွက်မှုများကို သေးသိမ်အောင် ဆောင်ရွက်ခြင်းများကို ရှောင်ကြဉ်ရမည်။*

*__အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၂။ ။__ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် EBEP များကို ပြည်ထောင်စုအတွင်းမှ အားထားရသည့် အစုအဖွဲ့များအဖြစ် အခိုင်အမာ အသိအမှတ်ပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း၏ ရေတိုအကျိုးအားဖြင့် အပစ်အခတ်ရပ်စဲရေးပေါ် ထားရှိသည့် ယုံကြည်မှုကို မြှင့်တင်နိုင်မည်ဖြစ်သကဲ့သို့ စစ်မှန် သော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ထောင်ရာတွင်လည်း တဖက်တလမ်းမှ အထောက်အပံ့ပြုသည်။*

*__EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၁။ ။__ ပညာရေးဝန်ကြီးဌာန နှင့် EBEP လုပ်ငန်းများသည် တစ်ခုနှင့် တစ်ခု အပြန်အလှန် အမှီသဟဲဖြစ်၊ အထောက်အပံ့ပြုစေနိုင်ရန် အတွက် အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ မြှင့်တင်နိုင်ရန် EBEP များအနေဖြင့် အားထုတ် ဆောင်ရွက်သင့်သည်။ လက်ရှိအစိုးရသည် ပညာရေးကဏ္ဍစီမံခြင်း အပါအဝင် ပြည်သူလူထုကို အုပ်ချုပ် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် လူထုက ဒီမိုကရေစီနည်းဖြင့် ရွေးချယ်တင်မြှောက်*

*__နိုင်ငံတကာ အလှူရှင်အသိုင်းအဝိုင်းသို့ တိုက်တွန်း အကြံပြုချက် ၁။ ။__ ပဋိပက္ခများ ဆက်လက်ရှိနေသရွေ့ နိုင်ငံ၏ ပညာရေးရည်မှန်းချက်များ ပြည့်မီရန်အတွက် နှင့် ပဋိပက္ခများကြားတွင် ဘက်လိုက်မိခြင်း မရှိစေရန် MoE နှင့် EBEP စနစ် နှစ်မျိုးလုံးကို ပံ့ပိုးရမည်ဖြစ်သည်။ EBEP များကို နိုင်ငံတွင်းရှိ အခက်ခဲဆုံး ရပ်ရွာပြည်သူများအတွက် ပညာရေးဆောင်ရွက်ပေးခြင်း နှင့်၊ MTB-MLE ပို၍ တွင်ကျယ်လာစေရန်အတွက် စွမ်းဆောင်ပေးနိုင်သည့် လုပ်ငန်းကျွမ်းကျင် အတွေ့အကြုံရှိ လုပ်ဖော်ကိုင်ဖက်အဖြစ် သတ်မှတ်ရမည်ဖြစ်သည်။*

**EBEP များကို တရားဝင်အသိအမှတ်ပြုခြင်း -** EBEP များကို အသိအမှတ်ပြုသည့် ပထမအဆင့်အနေဖြင့် NLD အစိုးရသည် ၎င်းတို့ကို အသိအမှတ်ပြုရမည်။ အခြေခံပညာရေးအတွက် ၎င်းတို့ လက်ရှိဆောင်ရွက်ပေးနေသည်များကို အသိအမှတ်ပြုရမည်။ ပုံစံအမျိုးမျိုး၊ ဆက်နွယ်မှုအမျိုးမျိုးဖြင့် ရှိနေသည့် EBEP များသည် ကျောင်းပညာရေး၊ နိုင်ငံ၏ အခြေခံပညာရေးအတွက် အရေးကြီးသူများဖြစ်ကြောင်းကို ပွင့်လင်းစွာ အသိအမှတ်ပြုရမည်ဖြစ်ပြီး ရပ်ရွာများနှင့် နိုင်ငံတကာ အစုအဖွဲ့များမှ ရန်ပုံငွေများ လက်ခံနိုင်သည်ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။

*__အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၃။ ။__ အခြေအနေ တစ်စုံတစ်ရာသတ်မှတ်ခြင်း သို့မဟုတ် မှတ်ပုံတင်ရမည်ဟု သတ်မှတ်ထားခြင်းများ မရှိစေဘဲ EBEP များကို တရားဝင် ဥပဒေအရ အသိအမှတ်ပြုပေးရမည်။*

**ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဆောင်ရွက်ခြင်း -** ယခုစာတမ်းငယ်တွင် ဖော်ပြထားသည့် အခက်အခဲများ ပြေလည်ရန် အစိုးရနှင့် EBEP များကြားတွင် စနစ်တကျ ဆက်သွယ်မှု၊ ညှိနှိုင်းဆောင်ရွက်များ လိုအပ်သည်။ အချို့သောနေရာများတွင် ပူးပေါင်းဆောင်ရွက်မှု အနည်းငယ် ရှိနေပြီဖြစ်သည်။ ဆရာများနှင့် ဒေသအုပ်ချုပ်ရေးမှူးများ ပါဝင်သည့် ဒေသအဆင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကရင်နှင့် မွန်ပြည်နယ်များတွင် UNICEF က ဦးဆောင်ကျင်းပသည့် တရားဝင် ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေးများကဲ့သို့သော ရှိနှင့်ပြီးသော ပူးပေါင်းမှုများကို ခိုင်မာကျယ်ပြန့်အောင် ထပ်ဆင့်တည်ဆောက်သွားရန် လိုအပ်သည်။

ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေး အဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် လက်တွေ့ရင်ဆိုင်နေသည့် ပြဿနာများကို သင့်တော်သည့် အုပ်ချုပ်ရေးအဆင့်တွင် ဖြေရှင်းနိုင်ရန်၊ မဟာဗျူဟာများနှင့် ရည်ရွယ်ချက်များ ပြည့်မီစေရန်အတွက် ပြည်ထောင်စုအဆင့်တွင် ပူးပေါင်းဖြေရှင်းခြင်း အစရှိသော ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှု ပါဝင်ရမည်ဖြစ်သည်။ EBEP များနှင့် ပညာရေးအဖွဲ့အစည်းများအားလုံး ရည်မှန်း ချက်တစ်ခုတည်းတွင် ဝိုင်းဝန်းအားထုတ်နိုင်ရန်အတွက် အားလုံးပါဝင်နိုင်ရေးကို ရည်ရွယ်လျက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်မှာ အစိုးရ၏ တာဝန်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အစိုးရသည် ပညာရေးမဟာဗျူဟာများကို

ဦးဆောင်ရန်အတွက် လူထုမှ ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်ထားကြောင်းကိုလည်း EBEP များက အသိအမှတ်ပြုရန် လိုသည်။ EBEP များအနေဖြင့် ပညာရေးဝန်ကြီးဌာန အစီအစဉ်များနှင့် ကိုက်ညီမှုရှိပြီး အစိုးရ၏ ရည်မှန်းချက်များ ပြည့်မီစေရန် တတတ်တအားပါဝင်နေကြောင်း သက်သေပြနိုင်သည်ဆိုပါက အစိုးရ၏ အထောက်အပံ့အများအပြား ရရှိမည်ဖြစ်သကဲ့သို့ နိုင်ငံတကာဖွံ့ဖြိုးရေး အဖွဲ့များထံမှလည်း အများအပြား ရရှိမည်ဖြစ်သည်။

***အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၁။ ။*** *သင့်တော်သည့် အုပ်ချုပ်ရေးအဆင့်များတွင် ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ရန်တရားဝင်လမ်းကြောင်းသတ်မှတ်ထားရမည်။*

***အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၂။ ။*** *ပညာရေးမဟာဗျူဟာများ၊ လုပ်ငန်းစဉ်များ၊ ဦးစားပေးကိစ္စများနှင့် အောက်ခြေအဆင့် ပူးပေါင်းမှုများ ချောမွေ့ကျယ်ပြန့်စွာ ဖြစ်ပေါ်လာစေရန်အတွက် ပြည်ထောင်စုအဆင့် ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်သည့် လမ်းကြောင်း သတ်မှတ်ဖော်ထုတ်ထားရမည်။*

***အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၄။ ။*** *အခြားသော ပညာရေးအဖွဲ့အစည်းများကို လေးစားတန်ဖိုးထားခြင်းဖြင့် အားလုံးပါဝင်သည့် ပညာရေးစီမံကိန်းနှင့် မူဝါဒများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ရမည်။*

***EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၂။ ။*** *ပညာရေးဝန်ကြီးဌာနသည် ပညာရေးမဟာဗျူဟာများ ချမှတ် ရာတွင် အဓိက တာဝန်ရှိဖြစ်သည်ကို အသိအမှတ်ပြုရမည်။ အစိုးရ၏ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့် အလိုက်သင့် ညှိနှိုင်း ဆောင်ရွက်ပါက EBEP များအဖို့ အကျိုးများနိုင်သည်။*

***နိုင်ငံတကာ အလှူရှင်အသိုင်းအဝိုင်းသို့ တိုက်တွန်းအကြံပြုချက် ၂။ ။*** *ပူးပေါင်းညှိနှိုင်းမှုများဆောင်ရွက်ခြင်းကို ဆက်လက်အားပေးရန်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဦးဆောင်လက်ကမ်းရန်။*

## အပစ်အခတ်ရပ်စဲရေးနယ်မြေများသို့ ပညာရေးဝန်ကြီးဌာန လုပ်ငန်းတိုးချဲ့မှုများ

အသုံးစရိတ်နှင့် နယ်မြေသစ်များအတွင်း ဝင်ရောက်လုပ်ကိုင်ခွင့်ရလာသောကြောင့် ပညာရေးဝန်ကြီးဌာနသည် အပစ်အခတ်ရပ်စဲထားသည့်နယ်မြေသစ်များတွင် အလုံးအရင်းနှင့်လုပ်ငန်းတိုးချဲ့လာသည်။ ယင်းနေရာများသည် တင်းမာမှုများရှိနေဆဲနေရာများဖြစ်ပြီး EBEP မှ ပညာရေးထောက်ပံ့မှုများ ပြုလုပ်ထားသည့် နေရာများဖြစ်သည်။ ကရင်တွင် ယင်းကဲ့သို့ တိုးချဲ့မှု အများအပြားတွေ့ရသည်။ KSEAG/KED တို့ လုပ်ငန်းဆောင်ရွက်ထားသည့်နေရာတွင် ဝင်ရောက်တိုးချဲ့ခြင်းဖြစ်သည်။ ဝေးလံခေါင်ဖျားဒေသများမှ ပြည်သူများ၏ ပညာရေး အဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်လျက် ပညာရေးဌာနက လုပ်ငန်းတိုးချဲ့ခြင်းဖြစ်သော်လည်း အမှန်တကယ်ဆောင်ရွက်သည့်အခါတွင် လက်တွေ့လုပ်ငန်းအကောင်အထည်ဖော်မှု အခက်အခဲ၊ နိုင်ငံရေး ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေပြီး အပစ်အခတ်ရပ်စဲရေးအပေါ် ယုံကြည်မှုကို ထိခိုက်စေကာ၊ ပညာရေးလုပ်ငန်း ဆောင်ရွက်နေခြင်းကိုလည်း နှောင့်နှေးသွားစေသည်။

**အပစ်အခတ်ရပ်စဲရေးနှင့်ဆိုင်ပြီး EAO တို့၏ ပူပန်မှုများနှင့် ပေါ်ပေါက်လာနိုင်သည့် ဆိုးကျိုးများ** - ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းများ အလျင်အမြန်တိုးချဲ့ခြင်းသည် ရံဖန်ရံခါတွင် နိုင်ငံရေးသဘောဆန်သည်ကို တွေ့ရသည်။ နိုင်ငံအစိုးရအနေဖြင့် ယင်းနေရာများကို မည်သည့်အခါကမှ အပြည့်အဝထိန်းချုပ်နိုင်ခြင်း မရှိသည့်အပြင် ပညာရေးကိစ္စများကိုလည်း EBEP များက အပြည့်အဝ တာဝန်ယူထားသည့် နေရာများဖြစ်သည်။ အစိုးရအနေဖြင့် ဆွေးနွေးမှုများဖြင့် နိုင်ငံရေးသဘောတူညီချက် ရယူရန်အစား အပစ်အခတ်ရပ်စဲရေးနှင့်အတူ ဖွံ့ဖြိုးရေးများဆောင်ရွက်ခြင်းဖြင့် နယ်မြေများရယူရန် ရည်ရွယ်သည်ဟူသော သံသယသည် KNU နယ်မြေတွင် ခိုင်မာသထက် ခိုင်မာလာသည်။ KNU အာဏာပိုင်များ၏ မြေပြင်အဆင့်တွင် တုန့်ပြန်မှုများမှာ တစ်ခုနှင့်တစ်ခု တခြားစီဖြစ်သော်လည်း အစိုးရ၏ ရည်ရွယ်ချက်ပေါ် သံသယရှိသူ အများအပြားရှိသည်။ အစိုးရအနေဖြင့် တည်ရှိနေပြီးဖြစ်သော ပညာရေးအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုသည်ဟု ခေါင်းဆောင်ပိုင်းမှ အလေးအနက်ထားပြောဆိုလေ့ရှိသည်။ KNU ဗဟိုကော်မတီဝင် တစ်ဦးက "အစိုးရက ရွာတွေထဲကိုသွားတယ်၊ လူတွေကို အများကြီးလုပ်ပေးတယ်။ ဒါနဲ့ လူထုက အစိုးရဟာ သူတို့အတွက် ကောင်းကျိုးဆောင်ရွက်ပေးတယ်လို့ ထင်သွားကြတယ်။ အဲ့နောက်မှာ ပိုကြီးမားတဲ့ နိုင်ငံရေးပြဿနာတွေ၊ အမှန်တကယ်ပြောင်းလဲရမဲ့ ကိစ္စတွေကို နားမလည်ကြဘူး" ဟု ရှင်းပြသည်။[၃၇]

ပညာရေးဝန်ကြီးဌာနဝင်ရောက်လာမှုပေါ်တွင် ပြည်သူများ၏ တုန့်ပြန်မှုမှာ မိမိကိုယ်ပိုင်ခံစားချက်၊ အာဏာပိုင်အမျိုးမျိုးနှင့် ဆက်ဆံနေရမှုပေါ် မူတည်လျက် အမျိုးမျိုးကွဲပြားကြသည်။ အချို့သော ရပ်ရွာများသည် EAO များထံသို့ သတင်းပို့သည်။ EAO မှ ပညာရေးဝန်ကြီးဌာန ဝင်ရောက်ခွင့်ရှိမရှိကို ဆုံးဖြတ်သည်။ အချို့ရပ်ရွာများကတော့ ရပ်ရွာသဘောအခြေခံကာ ဆုံးဖြတ်သည်။ EBEP ဆရာများအတွက် ရပ်ရွာမှ ငွေကြေး သို့မဟုတ် ရိက္ခာများကို တာဝန်ယူပံ့ပိုးရသည် ဖြစ်သောကြောင့် ရပ်ရွာမှ ငွေကုန်ကြေးကျခံရန်မလိုဘဲ ဆရာရရှိမည့် အစိုးရ၏ အစီအစဉ်သည် စိတ်ဝင်စားစရာဖြစ်နေသည်။ သို့သော်လည်း အစိုးရဆရာများသည်လည်း ရပ်ရွာများအတွက် အပိုငွေ ကုန်ကျစေသည်များလည်း မကြာမကြာကြုံတွေ့ရသည်။ ယင်းသို့ ငွေကြေးကုန်ကျရသည့်တိုင် ရပ်ရွာများအနေဖြင့် EBEP ကျောင်းများကို ဆက်လက်ထားရှိစေလိုကြပြီး ပေါင်းစပ်ကျောင်းများအဖြစ် ဖွင့်လှစ်ခြင်းကို ဦးတည်သွားစေသည်။ အစိုးရအထောက်အပံ့ကို ပြတ်ပြတ်သားသားငြင်းပြီး ၄င်းတို့၏

[၃၇] KNU တွဲဖက်အထွေထွေအတွင်းရေးမှူး ၂၊ ပဒိုသောသီဘိုး နှင့်မေးမြန်းခြင်း (ဖေဖော်ဝါရီ ၂၀၁၄)

EBEP နှင့်သာ ပညာရေးခရီးဆက် သည့် ဖြစ်စဉ် အများအပြားရှိသည်။ အစိုးရအနေဖြင့် ပညာရေးကို အသုံးပြုပြီး ၎င်းတို့ကို ပျော့ညံ့သွားစေရန် အားထုတ်နေသည်ဟု ကျေးရွာလူကြီးတစ်ဦးက အစိုးရအထောက်အပံ့ နှင့်ဆိုင်ပြီး ထုတ်ဖော် ပြောဆိုသည်။

အစိုးရပညာရေးအသုံးစရိတ် မြင့်တက်လာခြင်း၊ EBEP များသည် နေရာအနှံ့ဖြန့်ကျက်ရန် အင်အားမရှိခြင်း၊ ပညာရေးစရိတ်များကို ရပ်ရွာမှသာ တာဝန်ယူရန် မတတ်နိုင်ခြင်းတို့သည် ပညာရေးဝန်ကြီး ဌာန လုပ်ငန်းတိုးချဲ့မှုကို ဖြစ်ပေါ်စေခဲ့သည့် ကိစ္စများဖြစ်သည်။ KED တာဝန်ခံ ပဒိုလာစေးက "ကျနော်တို့အနေနဲ့ ဆရာတွေကို ပံ့ပိုးနိုင်ခြင်း မရှိတော့ အစိုးရက သူတို့ဝန်ထမ်းတွေကို လွှတ်လိုက်တယ် " ဟု အတည်ပြု ပြောခဲ့သည်။[၃၈]

**လူ့စွမ်းအား အရင်းအမြစ်များ ဖြုန်းတီးခြင်း** - ရပ်ရွာကိုယ်ထူကိုယ်ထ ကျောင်းများသို့ ပညာရေးဝန်ကြီး ဌာနမှဆရာများ စေလွှတ်လိုက်ခြင်း ကြောင့် မိမိရွာတွင် နှစ်ပေါင်းများစွာ နှစ်မြှုပ်ဆောင်ရွက်ခဲ့သည့် ဆရာ များ အပါအဝင် ရာနှင့်ချီသည့် EBEP ဆရာများသည် ၎င်းတို့ကျောင်း များမှ ထွက်ခွာသွားရသည်။ Karen Teacher Working Group (KTWG) မှ ပြုလုပ်ခဲ့သည့် စစ်တမ်းအရ အင်တာဗျူးပြုလုပ်ခဲ့သည့် ရပ်ရွာ ၃၂ ခုမှ ဒေသခံ KED/KSEAG ဆရာ ၃၈ ရာခိုင်နှုန်းသည် လုပ်ငန်းခွင်မှ ထွက်ခွာသွားခဲ့ရသည်။ ရပ်ရွာများအတွက် ပညာရေး လိုအပ်ချက်များစွာ ရှိနေသည့်အခြေအနေတွင် ရင်းမြစ်များကို ကောင်းစွာအသုံးမချနိုင်ခြင်းကို သက်သေပြလျက်ရှိသည်။ ဝန်ထမ်း ခန့်ထားခြင်းကို စနစ်တကျ ညှိနှိုင်းဆောင်ရွက်နိုင်သည်ဆိုပါက ပညာ ရေးလိုအပ်ချက်အများအပြားကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

ပထမအဆင့်အနေနှင့် ကျေးလက်အခေါင်အဖျားဒေသတွင် ပညာရေး ကိစ္စရပ်များ ဆောင်ရွက်မည့် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများဖြစ် သော မြို့နယ်ပညာရေးမှူး၊ အထက်တန်းပြဆရာများ အနေဖြင့် ကျောင်း သို့မဟုတ် ရပ်ရွာနှင့် တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်ခြင်းအစား ၎င်းတို့ ကူညီမည့်၊ ပံ့ပိုးမည့်ကျောင်းများကို ထောက်ပံ့နေသည့် ပညာရေးအဖွဲ့အစည်းများနှင့် မဖြစ်မနေဆက်သွယ် ဆောင်ရွက်ရမည် ဟု သတ်မှတ်ထားနိုင်သည်။ ကရင်ဒေသမှ ရပ်ရွာများသည် ရရှိလာ သည့် အထောက်အပံ့အသစ်များကို KED သို့မဟုတ် KNU နှင့် ညှိနှိုင်း ပြီး ပံ့ပိုးရန်အတွက် အလေးအနက်တိုက်တွန်းသည်ကို တွေ့ရသည်။ သို့သော်လည်း အစိုးရအနေဖြင့် ဆောင်ရွက်ပေးခြင်းမရှိသဖြင့် ရလဒ် များမှာ ရောထွေးနေသည်ကိုတွေ့ရသည်။ EBEP လွှမ်းမိုးသည့် နေရာ များတွင် EBEP များအနေဖြင့် အစိုးရထံမှ အထောက်အပံ့များ ရရှိကြ သည်။ သို့သော်လည်း ထောက်ပံ့မှုများကိုအကောင်းဆုံးအသုံးချနိုင်ရန် အတွက် ညှိနှိုင်းမှုများ ထိရောက်စွာ ဆောင်ရွက်ရန် ရှိ မရှိ၊ အခြေကျ နေပြီဖြစ်သည့် ဖွဲ့စည်းပုံများ၊ ဦးစားပေးကိစ္စရပ်များ ဆက်လက် ဆောင်ရွက်နိုင်ခြင်း ရှိ မရှိမှာ မရမရာဖြစ်နေသည်။[၃၉]

***အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၅။ ။*** *ရပ်ရွာနယ်မြေအသစ်များ တွင် အထောက်အပံ့ပေးရန် စီစဉ်သည့်အခါတိုင်း သို့မဟုတ် ဆရာများစေလွှတ်ရန် စီစဉ်သည့်အခါတိုင်း ယင်းဒေသတွင် ရှိ နေသည့် ပညာရေးအဖွဲ့အစည်းများ အားလုံးနှင့် အကြံယူ ဆွေးနွေးမှုများ ပြုလုပ်ရန်။*

မကြာခဏ လုပ်ငန်းထပ်လေ့ရှိသည့် နေရာများတွင် ပညာရေးဝန်ကြီး ဌာန အဓိကတာဝန်ယူသည့် နေရာ၊ EBEP များ အဓိကတာဝန်ယူသည့် နေရာ အစရှိသဖြင့် ခွဲခြားသတ်မှတ်ရန်လိုသည်။ အနည်းဆုံး အနေ ဖြင့် လက်ရှိအနေအထားကို တရားဝင်ဖြစ်ကြောင်း နှစ်ဖက် အသိ အမှတ်ပြုရန် လုပ်ငန်းထပ်မှု အများဆုံး နယ်မြေတွင် ဒေသအလိုက် စည်းမျဉ်းများ သတ်မှတ်ထားနိုင်သည်။

***အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၃။ ။*** *နယ်မြေ ပိုင်းခြားသတ်မှတ်ရန် ဖြစ်နိုင်သည့်နေရာများတွင် ဒေသအဆင့် ညှိနှိုင်းပူးပေါင်းခြင်းဖြင့် နယ်မြေပိုင်းခြားရန်။ နှစ်ဖက်စလုံး ဝင်ရောက်သည့် နေရာအများအပြားရှိသည်ကို လည်း နှစ်ဖက်မှ လက်ခံရန်။*

ပြဿနာဖြစ်ပွားမှု ရှောင်ရှားနိုင်ရန် နှင့် ပညာရေးဝန်ကြီးဌာနမှ ဆရာ များ၏ လုံခြုံရေးစိတ်ချရစေရန်အတွက် ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှု များ၊ ဆရာခန့်ထားမှုများသည် ဒေသခံ EAOများ (ယင်းနယ်မြေတွင် ဆောင်ရွက်နေသည့် EBEP များနှင့် ချိတ်ဆက်မှု ရှိနိုင်သကဲ့သို့ ချိတ်ဆက်ထားခြင်း မရှိသည်လည်း ဖြစ်နိုင်သည်) မှ သဘောတူညီ ချက်နှင့် ဆောင်ရွက်ရမည်။ ထိုအတိုင်းလက်တွေ့ဆောင်ရွက်မည် ဆိုပါက လုပ်ငန်းဆောင်ရွက်မှုတွင် များစွာရှုပ်ထွေးမည်ဖြစ်ပြီး ဖြစ်နိုင် မည်မဟုတ်ပါ သို့မဟုတ် လက်ခံနိုင်မည် မဟုတ်ပါ။ ၎င်းတို့ကိုယ်စား ပြုသည့် ရပ်ရွာပြည်သူများ၏ EAO များပေါ်ထောက်ခံမှုများ ကွဲပြား ခြင်း၊ ရံဖန်ရံခါ ရပ်ရွာများမှ အထောက်အပံ့ခံလိုသည့် အချက်များ ကြောင့် ရှုပ်ထွေးမှုများပေါ်ပေါက်စေမည်ဖြစ်သည်။ တရားဝင် ခွင့်ပြု ချက်များရရှိနိုင်သည်ဆိုပါက ဆရာများအတွက် လုံခြုံရေးစိတ်အေးရ မည်ဖြစ်ပြီး အစိုးရ၏ အစီအစဉ်များသည်လည်း ပို၍ခိုင်မာစွာ ဖြစ်ထွန်း နေမည်ဖြစ်သည်။

***အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၆။ ။*** *ပညာရေးဝန်ကြီးဌာနမှ ဆရာများ သို့မဟုတ် ရပ်ရွာသို့ အခြားပုံစံဖြင့် ကူညီမှုများမပြုမီ ရည်မှန်းထားသည့်ဒေသတွင် အခိုင်အမာ သြဇာလွှမ်းမိုးထား သည့် EAO များနှင့် တိုင်ပင်ဆွေးနွေးမှုများ အမြဲတမ်းပြုလုပ်ရန် လိုအပ်သည်။*

ပညာရေးနှင့်ဆိုင်သည့် ပံ့ပိုးမှုများစတင်ပြုလုပ်မည်ဆိုပါက ကျောင်း အဆင့်တွင် EBEP၊ ပညာရေးဝန်ကြီးဌာန နှင့် ရပ်ရွာများ (ကျောင်း

---

[၃၈] KED တာဝန်ခံ ပဒိုလာစေ နှင့် မေးမြန်းခြင်း (စက်တင်ဘာ ၂၀၁၅)

[၃၉] အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပညာရေးဝန်ကြီးဌာန ဆောင်ရွက်ချက်များကို တူးတူးခါးခါး ဆန့်ကျင်သည့် EAO သို့မဟုတ် EBEP များ လွှမ်းမိုးထားသည့် နေရာအချို့ရှိနေဆဲဖြစ်သည်။

ကော်မတီများ၊ မိဘများ၊ ရပ်ရွာကလေးစားသည့် ဒေသခံဆရာများ၊ ကျေးရွာခေါင်းဆောင်များပါဝင်လျက်) အနေဖြင့် တရားဝင်ဆွေးနွေးမှု များပြုလုပ်ရန်လိုသည်။ ယင်းသို့ ဆွေးနွေးခြင်းဖြင့် မည်သည့်အဖွဲ့ အစည်းမှ မည်သည့်ပုံစံ အထောက်အပံ့များရနိုင်ပြီး မည်သည့် အထောက်အပံ့ကို လက်ခံမည် အစရှိသဖြင့် ရပ်ရွာမှ ဆုံးဖြတ်နိုင်မည် ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ပဋိပက္ခများကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်ကာ ပညာရေးကိစ္စများတွင် ရပ်ရွာမှ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်သြဇာသက်ရောက်စေရန် လမ်းခင်းပေးနိုင်မည်ဖြစ်သည်။

***အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၄။ ။*** *ရပ်ရွာကိုယ်ထူကိုယ်ထကျောင်းများသို့ အထောက်အပံ့များပေးတော့မည်ဆိုလျှင် ပညာရေးဝန်ကြီးဌာန၊ EBEP နှင့် ရပ်ရွာတို့ စုပေါင်းဆွေးနွေးပြီး မည်ကဲ့သို့သော အထောက်အပံ့ပေးမည် လက်ခံမည်ကို ဆုံးဖြတ်ရမည်။ ပထမဆုံးအနေဖြင့် စနစ်နှစ်ခုလုံးမှ အထောက်အပံ့များ လက်ခံနိုင်မှုပေါ်တွင် ဘုံသဘောတူညီချက် ဖော်ထုတ်ရမည်။*

ယုံကြည်မှုအတိုင်းအတာတစ်ခုထိရရှိလာပါက MoE နှင့် EBEP တို့ သည် ညှိနှိုင်းရေး အစည်းအဝေးများ ပြုလုပ်လျက် ဒေသတစ်ခုအတွက် ပူးပေါင်းမဟာဗျူဟာချမှတ်ကာ အဖွဲ့အစည်းအလိုက် မတူညီသည့် တာဝန်များခွဲဝေယူခြင်း၊ နှစ်ဖက်လုံးဝင်ရောက်နေသည့်နေရာများတွင် ပူးတွဲတာဝန်ယူခြင်းများကို ဆောင်ရွက်သင့်သည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် အလွန်သတိထားရမည့် ကိစ္စဖြစ်ပြီး နေရာတိုင်းတွင် ဖြစ်မြောက်နိုင်မည်မဟုတ်ပါ။ အစိုးရ၊ EAO နှင့် EBEP များကြားမှ ဆက်ဆံရေးအားကောင်းသည့် နေရာများတွင် စမ်းသပ်ဆောင်ရွက်ခြင်းဖြင့် ပြုပြင်ဆောင်ရွက်ရမည့်ကိစ္စများကို ဖော်ထုတ်နိုင်မည် ဖြစ်သည်။

***အစိုးရ နှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၅။ ။*** *သင့်တော်သည့် အုပ်ချုပ်ရေး အဆင့်တိုင်း အဆင့်တိုင်းအတွက် မဟာဗျူဟာကျ ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်သည့် လမ်းကြောင်းများ ရှာဖွေရန်။*

***နိုင်ငံတကာ အလှူရှင် အသိုင်းအဝိုင်းသို့ တိုက်တွန်းအကြံပြုချက် ၃။ ။*** *ဒေသတွင် ဆောင်ရွက်နေသည့်အဖွဲ့များရှိသည်ဆိုပါက ပူးတွဲမြေပုံထုတ်ခြင်းအပါအဝင် သတင်းအချက်အလက်မျှဝေခြင်း၊ လုပ်ငန်းအစီအစဉ်ဆွဲခြင်းများတွင် နိုင်ငံတကာအဖွဲ့ အစည်းများအနေဖြင့် ဝင်ရောက် ကူညီပေးနိုင်သည်။*

## ပေါင်းစပ်ကျောင်းများကို အသိအမှတ်ပြုခြင်း နှင့် စီမံခန့်ခွဲခြင်း

ပညာရေးကဏ္ဍတိုးတက်စေရန် ညှိနှိုင်းပူးပေါင်းမှုဖြင့် ဆောင်ရွက်ရမည့် အရေးကြီးကိစ္စရပ်မှာ ပေါင်းစပ်ကျောင်းများကို တရားဝင် အသိအမှတ်ပြုခြင်းဖြစ်သည်။ ပေါင်းစပ်ကျောင်းများဟုဆိုရာတွင် MoE က လာရောက်ဖွင့်လှစ်ထားသည်ဖြစ်သော်လည်း EBEP သို့မဟုတ် ရပ်ရွာက ဆရာရှာဖွေခန့်ထားပြီး ဒေသခံဘာသာစကားနှင့် အခြားဘာသာရပ်များ သင်ကြားသည့် ကျောင်းများလည်းပါဝင်သည်။ ရံဖန်ရံခါ လိုအပ်ချက်ဖြည့်ဆည်းရန် သက်သက်ဖွင့်ထားသည့် ကျောင်းများလည်း ယင်းစာရင်းတွင် ပါဝင်သည်။ ပေါင်းစပ်ကျောင်းများသည် များစွာသောကောင်းကျိုးများ ဖြစ်ထွန်းစေနိုင်သည်။ ပေါင်းစပ်ကျောင်းများကြောင့် ထောင်နှင့် သောင်းနှင့်ချီသည့် ကျောင်းသားများသည် MTB-MLE ကို မြည်းစမ်းခွင့်ရပြီး တစ်ဖက်တွင်လည်း MoE က အပြည့်အဝထောက်ခံသည့် ပညာရေးကို ရရှိကြသည်။ ပညာရေးပံ့ပိုးသည့် အဖွဲ့အစည်းတိုင်း ငွေကြေး၊ အတတ်ပညာ မပြည့်စုံသည့် အခြေအနေမျိုး၊ အစိုးရကလည်း MTB-MLE မပံ့ပိုးနိုင်သည့် အခြေအနေမျိုးတွင် ရပ်ရွာလိုအပ်ချက်ပြည့်မီစေရန် ပေါင်းစပ်ကျောင်းများ ထူထောင်ခြင်းဖြင့် ရင်းမြစ်များ စုပေါင်းသုံးစွဲနိုင်သည်။ ရရှိလာသည့် အရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ရန်၊ ရပ်ရွာလိုအပ်ချက်များ ပြည့်မီစေရန်၊ ပဋိပက္ခဖြစ်နိုင်ချေများ လျော့ကျသွားရန်အတွက် အခက်အခဲအမျိုးမျိုးကို ဖြေရှင်းရန်လိုအပ်သည်။

EBEP အထောက်အပံ့ခံကျောင်းများသို့ MoE မှ ဆရာများကို ပထမဆုံးအကြိမ် စေလွှတ်သည့်အခါတွင် မည်သို့စီမံမည်နှင့် ပတ်သက်ပြီး EBEP များနှင့် ညှိနှိုင်းမှု မရှိ သို့မဟုတ် ရှိသည်ဆိုရုံမျှသာရှိသည်။ MoE-KED/KSEAG ပေါင်းစပ်ကျောင်း ၃၇၉ ခုအနက် ၃၁ ကျောင်းမှ အပ ကျန်ရှိသည့် ကျောင်းများအားလုံးတွင် အစိုးရသည် စီမံသည့် တာဝန်ကို ခိုင်ခိုင်မာမာရယူထားသည်။ ငွေကြေးသုံးစွဲနိုင်ခြင်းကြောင့်လည်းကောင်း၊ အချို့သောကျောင်းများတွင် တပ်မတော်က ကျောင်းကော်မတီကို ဖိအားပေးသည့်အတွက်ကြောင့်လည်းကောင်း ဖြစ်သည်။ ယင်းအတွက်ကြောင့် ကျောင်းတွင်းဖြစ်ပေါ်သည့် အရေးအရာ အများစုတွင် အစိုးရသည် အသာစီးရနေသည်။ EBEP များအနေဖြင့် ဆယ်စုနှစ်များစွာ ပညာရေးအာဏာပိုင်အဖြစ် တာဝန်ယူခဲ့သည့် နေရာများတွင်လည်း အစိုးရကသာ ဦးဆောင်ဆုံးဖြတ်သည် ဖြစ်သောကြောင့် တင်းမာမှုများစွာ ဖြစ်ပေါ်ရသည်။ ပြဿနာအစုံအလင်ကို အောက်တွင်ဖော်ပြထားပါသည်။

MoE အရှိန်အဟုန်ဖြင့် လုပ်ငန်းချဲ့ထွင်ခြင်းမှ ပေါ်ပေါက်လာသည့် ပြဿနာမှာ အများစုဖြစ်သည်။ အခြေကျပြီးဖြစ်သော ပေါင်းစပ်ကျောင်းများသည်လည်း တူညီသည့်အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကြရသည်။ ပြဿနာအများစု၏ အရင်းခံမှာ MoE အနေဖြင့် ပေါင်းစပ်ကျောင်းများကို တရားဝင် အသိအမှတ်မပြုခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျောင်းများ၏ အုပ်ချုပ်စီမံရေး၊ ငွေရေး ကြေးရေး၊ စာမေးပွဲစစ်ခြင်းနှင့် အခြားအကြောင်းအရာများ တိတိကျကျ ဆောင်ရွက်ရန် ပညာရေးအဖွဲ့အစည်းများအနေဖြင့် အခက်တွေ့ကြရသည်။

**ဘာသာစကား၊ ယဉ်ကျေးမှု နှင့် အမျိုးသားစိတ်ဓာတ် -** အမျိုးသားစိတ်ဓာတ်နှင့် ဆက်စပ်နေသည့် ကိစ္စရပ်များအပြင် ဘာသာစကား ပြဿနာသည် မကြာခဏအငြင်းပွားရသည့် ကိစ္စဖြစ်သည်။ KED/KSEAG စနစ်အောက်တွင် ရှိခဲ့သည့်ကျောင်းများတွင် စကောကရင်စကားကို အဓိကဘာသာရပ်တစ်ခုအနေနှင့် သင်ယူကြရပြီး သင်ကြားရာတွင်လည်း စကောကရင်ကို အသုံးပြုပြီး သင်ကြားခြင်းဖြစ်သော

ကြောင့် အခြေ အနေပေးသည်ဆိုပါက KED/KSEAG ဆရာများကို ဆက်လက်ခန့်ထားရန် ရပ်ရွာများက တိုက်တွန်းကြသည်။

MoE ဆရာများ ရောက်လာပြီးနောက် ဒေသခံဘာသာစကား သင်ကြားမှုကို ကန့်သတ်ခြင်း၊ ကျောင်းချိန် ပြင်ပတွင်သာ သင်ကြားစေခြင်း၊ အချို့သော အတန်းများတွင်သာ သင်ကြားစေခြင်း နှင့် ပိတ်ပင်ခြင်းများ ပြုလုပ်သည့် ကျောင်းများလည်းရှိပြီး အရေအတွက် အတိအကျသိရခြင်းမရှိသေးပါ။ KTWG က လေ့လာခဲ့ သည့် ရပ်ရွာ ၃၂ ခု အနက်မှ ၁၂ ခုက ကရင်ဘာသာစကားကို ဘာသာရပ်တခုအနေဖြင့် သင်ကြားခြင်းကို ပိတ်ပင်ခံထားရသည်ဟု ဆိုသည်။[၅၀]

Women and Child Rights Project (WCRP) နှင့် Human Rights Foundation of Monland (HURFOM) တို့မှ MNED အထောက်အပံ့ခံ မွန်အမျိုးသားကျောင်းသို့ ပေးအပ်သည့်အခါ လိုက်လျောရသည့် တောင်းဆိုချက်များကို မှတ်တမ်းတင်ထားခဲ့ရာ မွန်ဘာသာကို ကျောင်းချိန်ပြင်ပတွင် သင်ကြားစေခြင်းလည်း ပါဝင်ခဲ့သည်။ MoE ဝန်ထမ်းဆရာများကို ကျောင်းများသို့ ပေးပို့ခြင်းဖြစ်သောကြောင့် ယင်းသို့ ပြောင်းလဲစေမှု ဟုတ် မဟုတ်ကို အတိအကျမသိရပါ။[၅၁] မွန်ဘာသာစကားကို ကျောင်းချိန်အတွင်း ဘာသာရပ် တစ်ခုအနေဖြင့် သင်ကြားခွင့်မပြုပါက ပေါင်းစပ်ကျောင်းများ ထူထောင်ခြင်းကို ထောက်ခံမည် မဟုတ်ဟု MNEC/MNED ကမူဝါဒချမှတ်ထားသည်။

EBEP မှ ဆရာများအနေဖြင့် ပေါင်းစပ်ကျောင်းများတွင် ဒေသခံဘာသာစကား၊ သမိုင်း သို့မဟုတ် အခြားတိုင်းရင်းသား ဘာသာရပ်များကို ကျောင်းချိန်တွင်း သင်ကြားပေးသော်လည်း ကျောင်းသားများ သို့မဟုတ် အုပ်ချုပ်ရေးမှူးများအနေဖြင့် ဦးစားပေးခြင်းမရှိပါ။ အတန်းအောင်ရန် သို့မဟုတ် MoE ရည်မှန်းချက်ပြည့်မီရေးအတွက် အရေးမပါသောကြောင့်ဖြစ်သည်။

သင်ကြားမှုတွင်အသုံးပြုသည့် ကြားခံဘာသာစကား နှင့်ပတ်သက်ပြီး ပြဿနာများရှိနေသေးသည်။ ၂၀၁၄ အမျိုးသား ပညာရေးဥပဒေအရ အခြေခံပညာအဆင့်တွင် ဗမာဘာသာနှင့်တွဲပြီး တိုင်းရင်းသားဘာသာစကားတစ်ခုကို သင်ကြားရေးဘာသာစကားအဖြစ် အသုံးပြုနိုင်သည်ဟုဆိုထားသော်လည်း သင်ရိုးညွှန်းတမ်းများနှင့် ဆရာကိုင်လမ်းညွှန်တို့မှာ ဗမာစကားပြော ကျောင်းသားများအတွက် ဗမာဘာသာဖြင့် ရေးသားထားခြင်းဖြစ်သည်။

**စီမံရေးရာဆောင်ရွက်မှု ကွဲပြားခြင်း၊ နည်းစနစ်မကျသော လုပ်ဆောင်မှုများ၊ ရပ်ရွာနှင့် ဆက်ဆံရေး အားနည်းခြင်း -** စနစ်နှစ်ခု၏ စီမံရေးရာ ဆောင်ရွက်မှုပုံစံများ ကွဲပြားခြင်းကြောင့်လည်း ပြဿနာများ ရှိလာသည်။ အစီရင်ခံခြင်း ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း ဆောင်ရွက်ပုံများ၊ အချိန်ဇယား သတ်မှတ်သည့်စနစ်များ၊ စာသင်ခန်း အရွယ်အစား အစရှိသဖြင့် ကွဲပြားမှုများကြောင့် မကျေလည်မှုများရှိသည်။ ထို့ပြင် ဝေးလံခေါင်ဖျားသည့်ဒေသများတွင် အသစ်ရောက်လာသည့် အစိုးရဆရာများ၏ ဝန်ထမ်းကောင်း ဆရာကောင်း မပီသသည့် အမူအကျင့်များရှိနေကြောင်း တိုင်ကြားမှုအများအပြားရှိသည်။ အထူးသဖြင့် ကျောင်းပျက်ကွက်ခြင်းဖြစ်သည်။

ဆရာများအကျင့်ပျက်မှုနှင့် ပတ်သက်ပြီး KHRG မှ မေးမြန်းမှုများ ပြုလုပ်သည့်အခါ မြို့နယ် ပညာရေးမှူးများ စောင့်ကြည့်မှုမရှိခြင်း၊ အသက်ငယ်ရွယ်ပြီး အရည်အချင်းနိမ့်ခြင်း၊ အလုပ်ကို အလုပ်ဟု သဘောမထားခြင်း တို့ကြောင့်ဖြစ်သည်ဟု အဖြေပေးကြသည်။ အသစ်ရောက်လာသည့် MoE ဆရာများနှင့် အဆင်ပြေသည့် ဆက်ဆံရေး ထူထောင်ရာတွင်လည်း ရပ်ရွာသားများသည် အခက်အခဲများ ရင်ဆိုင်ရသည်။ ရံဖန်ရံခါ ဆရာများကို နေအိမ်၊ ရိက္ခာနှင့် အခြား ဝေယျာဝစ္စများ ထောက်ပံ့ရသည်များလည်း ရှိသည်။

**EBEP ဆရာများ၏ ခံယူချက်နှင့် ရပ်တည်ချက် -** MoE ဝန်ထမ်းဆရာများ၏ ဆရာမပီသမှုများ အထင်အရှားရှိသော်လည်း KSEAG ဆရာများကို MoE မှ အကြီးအကဲများနှင့် လုပ်ဖော်ကိုင်ဖက်များက မတူမတန်ဆက်ဆံသည်ဟု ခံစားနေရသည်။ ဝန်ကြီးဌာနက ၎င်းဆရာများကို တရားဝင်အသိအမှတ်ပြုမှု မရှိခြင်း၊ ၎င်းတို့သင်ကြားသည့် ဘာသာရပ်မှာ တန်းတူရည်တူ သတ်မှတ်မခံရခြင်းကြောင့် ခွဲခြားဆက်ဆံ ခံနေရခြင်းဖြစ်သည်။

**ပေါင်းစပ်ကျောင်းများ အသိအမှတ်ပြုရေးအတွက် တိုက်တွန်းအကြံပြုချက်များ -** ပေါင်းစပ်ကျောင်းများ အဖြစ် EBEP မှလည်း ပံ့ပိုးမှုများရနေသည့် ကျောင်းများကို မှတ်တမ်းတင်ခြင်း၊ အသိအမှတ်ပြုခြင်းများကို MoE အနေဖြင့် စတင်ဆောင်ရွက်သင့်နေပြီဖြစ်သည်။ EBEP များနှင့် ပူးပေါင်းပြီး ပေါင်းစပ်ကျောင်း ထူထောင်ခြင်း၊ စီမံခြင်းအတွက် တရားဝင် လုပ်ထုံးလုပ်နည်းများ ပြုစုသင့်သည်။ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ရပ်ရွာ၏ လိုအပ်ချက်များ၊ အခြားသော ပညာရေးဦးတည်ချက်များနှင့် အညီ ပညာရေးအဖွဲ့ အစည်းတစ်ခုချင်းစီ၏ ဆောင်ရွက်နိုင်စွမ်း အမြင့်ဆုံးကို ရရှိရန်အတွက် ရည်ရွယ်လျက် ဆောင်ရွက်သင့်သည်။

ပေါင်းစပ်ကျောင်းများစီမံရာတွင် ကီစွရပ်အမျိုးမျိုးအတွက် စဉ်းစားလျက်ဆောင်ရွက်ရန် လိုအပ်သည်။ စနစ် ၂ ခုမှ ဆရာများခန့်ထားခြင်းမှသည် ကျောင်းထောက်ပံ့စရိတ်၊ တိုင်းရင်းသားဘာသာစကား သင်ကြားချိန် နှင့် ဦးစားပေးဘာသာရပ်များ ရွေးချယ်ခြင်းထိ အစစအရာရာ အသေးစိတ် စဉ်းစားဆောင်ရွက်ရန်လိုသည်။

ကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်းအခြေအနေကွာခြားလှသဖြင့် ယင်းဆုံးဖြတ်ချက်များကို MoE နှင့် EBEP များ အဆင့်မြင့်ပိုင်းတွင် ချမှတ်ထားသည့် လမ်းညွှန်များ၊ ကန့်သတ်ချက်များအောက်တွင် ကျောင်းတစ်ကျောင်းခြင်းအလိုက် ဆောင်ရွက်ပါက အကောင်းဆုံးဖြစ်

[၅၀] KTWG (2016). ယင်းစာတမ်းတွင် ၃၈ ရာခိုင်နှုန်းဟု ဖော်ပြထားသည်။
[၅၁] WCRP and HURFOM, pp. 28-29.

သည်။ ယင်းကိစ္စများနှင့်ပတ်သက်ပြီး ညှိနှိုင်းပေါင်းစပ်မှုများ ပို၍ အားကောင်းစေရန် MoE EBEP များနှင့် ရပ်ရွာမှပါဝင်သည့် ကျောင်း ဦးဆောင်ရေး ကော်မတီမှတဆင့် ဆောင်ရွက်သင့်သည်။ ကျောင်း ကော်မတီများ၊ မိဘများ၊ ဒေသခံဝါရင့်ဆရာများမှ ရပ်ရွာများ ကိုယ်စား ပြု ပါဝင်ပေးနိုင်သည်။ အဆင့်မြင့် စီမံမှုပိုင်းမှ ချမှတ်ထားသည့် လမ်းညွှန်ချက်များ၊ ကန့်သတ်ချက်များတွင် တိုင်းရင်းသား ဘာသာ စကား သင်ကြားခြင်းနှင့် အခြား တိုင်းရင်းသားဘာသာရပ်များ သင်ကြားခြင်းကို ဦးစားပေးအဖြစ်ထည့်သွင်းရမည်။

***အစိုးရသို့ တိုက်တွန်းအကြံပေးချက် ၇။ ။*** *EBEP မှလည်း အထောက်အပံ့များရရှိသည့် ကျောင်းများကို ပေါင်းစပ်ကျောင်း များအဖြစ် တရားဝင် အသိအမှတ်ပြု၊ မှတ်တမ်းတင်ရမည်။*

***အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပေးချက် ၆။ ။*** *ပေါင်းစပ်ကျောင်းများ စီမံရန်အတွက် လမ်းညွှန်ချက်များနှင့် ကျောင်းအဆင့် ဦးဆောင်ရေးကော်မတီကို ဖွဲ့စည်းပါ။*

ဝေးလံခေါင်ဖျားသည့် ဒေသများသို့ စေလွှတ်ခန့်ထားသည့် ဆရာများ ဆရာဂုဏ်နှင့်အညီ ဆောင်ရွက်နိုင်ရန် MoE အနေဖြင့် ဖြေရှင်းရန် လိုအပ်သည်။ ရပ်ရွာများ၏ လက်ခံမှု၊ ဝန်ကြီးဌာန လုပ်ငန်းအောင်မြင်မှု အတွက် ဆရာများ၏ ကဏ္ဍမှာ အထူးအရေးပါသောကြောင့်ဖြစ်သည်။ ဆရာများ ဆရာပီသစွာကျင့်ကြံနိုင်ရန်အတွက် အကြံပြုတိုက်တွန်းရန် မှာ စာတမ်း၏ ရည်ရွယ်ချက်တွင် မပါရှိပါ။ သို့သော်လည်း ယင်း ပြဿနာများသည် မိမိရပ်ရွာတွင် တာဝန်ထမ်းဆောင်နေသည့် ဒေသခံဆရာများ၏ သဘောထားပေါ်တွင်လည်း သက်ရောက်မှုများရှိ သည်။ MoE အနေဖြင့်လည်း ၎င်းတို့ဝန်ထမ်းဆရာများကို တစ်နယ် တစ်ကျေးမှ ခေါ်ယူခန့်ထားခြင်းထက် ရှိနှင့်ပြီးသား အရင်းအမြစ်များကို ထိထိရောက်ရောက်ပံ့ပိုးရန် လိုအပ်သည်။ နေ့စားအဖြစ်ခန့်ထားသည့် ဆရာများသည်လည်း ဆရာတစ်ဦးတွင်ရှိရမည့် သတ်မှတ်ချက်များ ပြည့်မှီခြင်းမရှိခြင်းကြောင့် ရှိနှင့်ပြီး ဆရာများကို ထိရောက်စွာ ပံ့ပိုးခြင်း သည် လုပ်ငန်းတွင်ကျယ်စေမည်ဖြစ်သည်။

***အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၈။ ။*** *ဝေးလံခေါင်ဖျားသည့် တိုင်းရင်းသားနယ်မြေများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာများသည် ဆရာပီသစွာ ဆောင်ရွက်နိုင်ရန်၊ ရပ်ရွာနှင့် လုပ်ငန်းသဘောအရ လူမှုရေးသဘောအရ ဆက်ဆံရေးကောင်း များ ထူထောင်ထားနိုင်ရန် လေ့ကျင့်ပံ့ပိုးပေးရမည်။*

MoE ဆရာများ ခွဲခြားဆက်ဆံခြင်းကြောင့်ပေါ်ပေါက်လာသည့် မကျေ လည်မှုများ၊ နိမ့်ချဆက်ဆံခြင်းကြောင့် ဆရာများကြား ပေါ်ပေါက် လာသည့် ခံစားချက်များသည် လုပ်ငန်းတွင်ကျယ်ရေးကို နှောင့်နှေးစေ သကဲ့သို့ ကလေးငယ်များအတွက်လည်း ဥပမာဆိုးဖြစ်သည်။ အထူး သဖြင့် လူမျိုးရေး နှင့် နိုင်ငံရေးကိစ္စရပ်များ ပါဝင်နေသည့် အခါမျိုးတွင် ဖြစ်သည်။ အစိုးရအနေဖြင့် ပြည်ထောင်စုတွင် ပါဝင်လိုသည့် ၎င်းတို့ ဆန္ဒကို လျစ်လျူရှုသည် သို့မဟုတ် ၎င်းတို့လိုလားသည့် ဒေသ ယဉ်ကျေးမှု တန်ဖိုးနှင့် ကိုက်ညီသည့် ပညာရေး လိုလားမှုပေါ်တွင် အလေးထားမှုမရှိဟူသော သဘောသက်ရောက်စေသည် ဖြစ်သော ကြောင့် ယင်းပြဿနာများသည် တိုင်းရင်းသားလူမျိုးစုများ၏ မကျေ နပ်မှုများကို ပို၍ ဆိုးဝါးစေသည်။ MoE နှင့် EBEP မှ ဆရာများ၊ ကျောင်းအုပ်ကြီးများအနေဖြင့် ၎င်းတို့ သတ်မှတ်ချက်၊ စည်းကမ်းများ၊ လက်တွေ့ဆောင်ရွက်ပုံ များနှင့်ပတ်သက်ပြီး နှစ်ဖက်လျှော့ချရန် တိုက်တွန်းခြင်း၊ ပံ့ပိုးပေးခြင်းများကို မဖြစ်မနေဆောင်ရွက်ပေးရန် လို သည်။

***အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၇။ ။*** *ပေါင်းစပ်ကျောင်းများတွင် သဘောကြည်ဖြူစွာ လက်တွဲ လုပ်နိုင်ရန် MoE နှင့် EBEP တို့ ပူးပေါင်း နည်းလမ်းရှာသင့်သည်။*

## ကျောင်းသား အရည်အသွေးဆန်းစစ်ခြင်း၊ အရည်အသွေး သတ်မှတ်ခြင်း၊ စနစ် ၂ ခုကြား လွှဲပြောင်းခြင်း

အရည်အသွေးဆန်းစစ်ခြင်း၊ အရည်အသွေးသတ်မှတ်ခြင်း၊ MoE နှင့် EBEP စနစ်များကြား လွှဲပြောင်းခြင်းတို့နှင့်ပတ်သက်ပြီး ဖြေရှင်းရန်ကိစ္စ အများအပြားရှိသည်။ EBEP အရည်အသွေး နှင့် အတန်းကို အသိ အမှတ်မပြုခြင်း၊ စနစ် ၂ တစ်ခုမှ တစ်ခုကူးပြောင်းရာတွင် EBEP ကျောင်းသားများ ကြုံတွေ့ရသည့် အခက်အခဲအမျိုးမျိုး၊ MoE စနစ် အနေဖြင့် ကျောင်းသားများ၏ တိုင်းရင်းသားဘာသာစကား တတ် မြောက်မှုပေါ်တွင် ဆန်းစစ်နိုင်မှုမရှိခြင်း အစရှိသည့် ကိစ္စရပ်များဖြစ် သည်။

MoE ကျောင်းများသို့ ဝင်ရောက်ခွင့်ရရန်အတွက် တရားဝင် အသိ အမှတ်ပြုထားသည့် စာရွက်စာတမ်းများ သို့မဟုတ် အရည်အသွေးများ ရှိရန်မှာ EBEP များ မကြာခဏထောက်ပြသည့် အခက်အခဲကြီးများ ဖြစ်သည်။ ပထမဆုံးအနေဖြင့် မိဘများ နှင့် ကျောင်းသားများသည် ၎င်းတို့ အရည်အချင်းများကို အသိအမှတ်ပြု ခံလိုကြသည်။ သို့မဟုတ် အနိမ့်ဆုံးအဆင့်အနေဖြင့် ရောက်ရှိခဲ့သည့် အတန်းကို အစိုးရမှ တရားဝင် အသိအမှတ်ပြုသည်ကို လိုလားကြသည်။ သို့မှသာ နိုင်ငံ တစ်ဝှမ်းမှ အခွင့်အလမ်းများကို တန်းတူရယူနိုင်မည်ဖြစ်သည်။ ထို့ပြင် မူလတန်းအဆင့်များတွင် ရွာရှိ EBEP သို့မဟုတ် MoE ကျောင်းများတွင် ပညာသင်ကြားကြမည်ဖြစ်သော်လည်း အလယ်တန်းရောက်ပါက အနီးဆုံးရှိ အလယ်တန်းကျောင်းများတွင် စနစ်တူသည် ဖြစ်စေ မတူ သည်ဖြစ်စေ တက်ရောက်ကြတော့မည်ဖြစ်သည်။ ခြုံငုံလေ့လာကြည့် ပါက EBEP များ၏ အလယ်တန်းကျောင်းများ ဥပမာအားဖြင့် ထိုင်း နိုင်ငံ ဒုက္ခသည်စခန်းများမှ ကျောင်းများသည် MoE ဆရာများ လက်ခံ ရာတွင် အခက်အခဲမရှိကြောင်း ထုတ်ဖော်ပြောဆိုသည်။ MoE ကျောင်းတွင် အလယ်တန်း အထက်တန်း တက်ခဲ့သူပေါင်း ထောင်နှင့် ချီပြီးလည်း ယင်းကျောင်းများတွင် ဆက်လက် တက်ရောက်ခဲ့ဖူးကြ သည်။ EBEP စနစ်မှ MoE စနစ်သို့ ကူးပြောင်းရာတွင်မှ အခက်အခဲ များစွာရှိသည်။

EBEP ကျောင်းများမှ MoE စနစ်သို့ ကူးပြောင်းတက်ရောက်ရန် အားထုတ်ခဲ့သည့်ကလေးများကို Save the Children မှ မေးမြန်းချက်

အရ အရည်အချင်းစစ်စာမေးပွဲအမျိုးမျိုး ဖြေဆိုရသည်၊ အခကြေးငွေများ ပေးသွင်းရပြီး စာရွက်စာတမ်းများလည်း တောင်းခံခြင်းခံရသည်။ ကျောင်းအုပ်ကြီးကို လာဘ်ထိုးရသည့် ဖြစ်စဉ်တစ်ခု လည်းရှိသည်ကို တွေ့ရသည်။[၄၂] မိဘများ၊ ကျောင်းကော်မတီ အဖွဲ့ဝင်များ၊ EBEP ဆရာများ နှင့် အုပ်ချုပ်သူများ အဆိုအရ မအောင်မြင်သည့် ကျောင်းသားများကို လက်မခံခြင်း သို့မဟုတ် အတန်း ၁ တန်း လျော့ပေးခြင်း သို့မဟုတ် အတန်းပေါင်းများစွာ လျော့ပေးခြင်းများနှင့် ရင်ဆိုင်ကြရသည်။ မေးခွန်းအသုံးပြုမှုမှာလည်း မေးခွန်းထုတ်ဖွယ်ဖြစ်သည်။ ကျောင်းသားများအနေဖြင့် ကျော်လွန်ခဲ့ပြီးနှစ်မှ စာများ မှတ်မိနေရန်မှာ မဖြစ်နိုင်သလောက်ဖြစ်သောကြောင့် ဖြစ်သည်။[၄၃] အားလုံးခြုံပြောရလျှင် ပြောင်းရွှေ့သည့်စနစ်သည် တစ်သမတ်တည်း မရှိဘဲ ကျောင်းသားများအနေဖြင့် ၎င်းတို့အနာဂတ်နှင့် ပတ်သက်ပြီး မရေမရာမှုများ အကြီးအကျယ်ခံစားရစေသည်။ ပညာရေးနှင့် နီးစပ်မှု ရှိရန် ဆောင်ရွက်နိုင်ပေးခြင်းမရှိပဲ ကျောင်းတက်လိုစိတ်ကိုလည်း လျော့ကျသွားစေသည်။

အချို့သော EBEP အထောက်ပံ့ခံရပ်ရွာကျောင်းများ၊ သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ဘုန်းတော်ကြီးသင်ကျောင်းများသည် MoE သင်ရိုးညွှန်းတမ်းကို အသုံးပြုပြီး MoE စာမေးပွဲများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲများ ဝင်ရောက်ဖြေဆိုနိုင်သည်။ ကျောင်းသားများအနေဖြင့် မြို့ပေါ်ရှိ MoE အလယ်တန်း၊ အထက်တန်းကျောင်းများသို့ အလွယ်တကူ ရွှေ့ပြောင်းတက်ရောက်နိုင်ကြသည်။ ယင်း EBEP များသည် MoE စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်ရေးကို အဓိကထားသဖြင့် ဒေသခံဘာသာစကားများ ဦးစားပေးသင်ကြားခြင်း သို့မဟုတ် ဒေသနှင့်ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများအသုံးပြုခြင်းကို စွန့်လွှတ်လိုက်ရသည်။

အမျိုးသားစံသတ်မှတ်ချက်များနှင့် ယှဉ်ထိုးပြီး ကျောင်းသားများ၏ သင်ယူမှု တိုးတက်မှုအခြေအနေကို ဆန်းစစ်နိုင်သော ပိုမျှမျှတသည့် စနစ် (ဆန်းစစ်ခြင်းနှင့်သတ်မှတ်ခြင်း) တစ်ခုအသုံးပြုသွားရန် NESP မှ ရည်ရွယ်ချက်ထားရှိထားသည်။[၄၄] ယင်းစနစ်အလုပ်လုပ်ပုံ၏အပြောင်းကြောင့် ပညာရေးပံ့ပိုးနေသည့်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ကိုယ်ပိုင်နည်းကို အသုံးပြုရင်း ကျောင်းသားများကို MoE စာမေးပွဲများ ဝင်ရောက်ဖြေဆိုနိုင်စေရန် သင်ကြားပြင်ဆင်ပေးနိုင်တော့မည်ဖြစ်သည်။ ထိုကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှုနှင့်အတူ အရေးတကြီးဆောင်ရွက်ရမည့် ကိစ္စတစ်ခုမှာ တိုင်းရင်းသားဘာသာရပ်များကို အခြားဘာသာရပ်များတန်းတူ အမှတ်ပေး အရာသွင်းရန်ဖြစ်သည်။ MoE စနစ်နှင့် EBEP စနစ်များ လိုက်ဖက်ညီ ဆောင်ရွက်စေရေးအတွက် တိုက်တွန်းမှုများ ပြုလုပ်ရမည်ဖြစ်ပြီး ကျောင်းသားများအားလုံးသည်လည်း တူညီသည့် ပညာရေး အညွှန်းကိန်းတစ်ခုသို့ ဦးတည်လျှောက်လှမ်းနေစေရန်လည်း ဆောင်ရွက်ရန် လိုအပ်သည်။

MoE ၏ ဆန်းစစ်မှု၊ အရည်အချင်းသတ်မှတ်မှု မူဘောင်တွင် တိုင်းရင်းသားဘာသာစကား ထည့်သွင်းထားမှု မရှိခြင်းကလည်း EBEP များအနေဖြင့် ၎င်းတို့ကိုယ်ပိုင် သင်ရိုးပြုစုကာ အသုံးပြုလိုသည့် ဆန္ဒကို အဓိကတွန်းအားပေးသည့် အကြောင်းအရာဖြစ်သည်။ တိုင်းရင်းသားဘာသာစကား ဆန်းစစ်မှုမရှိခြင်းကလည်း MoE ကျောင်း များနှင့် ပေါင်းစပ်ကျောင်းများတွင် MTB-MLE စနစ်များ အောင်မြင်ရေးကို အတားအဆီးဖြစ်စေသည်။ အတန်းသစ် တက်ရောက်နိုင်ရန်အတွက် ယင်းဘာသာရပ်များကို အောင်မြင်အောင် ဖြေဆိုရန် မလိုခြင်းကြောင့် အလေးအနက်ထားခြင်း မရှိကြသော ကြောင့် ဖြစ်သည်။

**ရေရှည်ပြုပြင်ပြောင်းလဲမှု -** အထက်ဖော်ပြပါ ပြဿနာများကို ရေရှည်သဘော ဖြေရှင်းခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်သည်။ နိုင်ငံတွင် ကျင့်သုံးနေသည့် ဆန်းစစ်မှုနှင့် အရည်အချင်းသတ်မှတ်သည့် မူဘောင်များကို ထိထိရောက်ရောက် ပြုပြင်ပြောင်းလဲရန်လိုအပ်သည်။ အားလုံးပါဝင်ပြီး အမျိုးအစားစုံလင်သော စနစ်၊ ပညာရေး အဖွဲ့အစည်းများ အားလုံးကို ပံ့ပိုးပြီး အားကောင်းစေသောစနစ်၊ MTB-MLE စနစ်ကို အားပေးသည့် ပညာရေးကဏ္ဍဖြစ်ပေါ်လာရေးအတွက် အထက်ပါ ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည်။ အမျိုးသားစံသတ်မှတ်ချက်များနှင့် ယှဉ်ထိုးပြီး ကျောင်းသားများ၏ သင်ယူမှု တိုးတက်မှု အခြေအနေကို ဆန်းစစ်နိုင်စေရန် ပိုမျှမျှတသည့် စနစ် (ဆန်းစစ်ခြင်းနှင့်သတ်မှတ်ခြင်း) တစ်ခုအသုံးပြုသွားရန် NESP မှ ရည်ရွယ်ချက်ထားရှိထားသည်။[၄၅] ယင်းစနစ် အလုပ်လုပ်ပုံ၏အပြောင်းကြောင့် ပညာရေးပံ့ပိုးနေသည့် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ကိုယ်ပိုင်နည်းကို အသုံးပြုရင်း ကျောင်းသားများကို MoE စာမေးပွဲများ ဝင်ရောက် ဖြေဆိုနိုင်စေရန် သင်ကြားပြင်ဆင်ပေးနိုင်တော့မည် ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသား ဘာသာစကားနှင့် အခြားတိုင်းရင်းသား ဘာသာရပ်များကို တရားဝင်စစ်ဆေးမှုကို စတင် အသုံးပြုသင့်သည်။ အခြေအနေပေးပါက ပြည်ထောင်စု တစ်ခုလုံး အသုံးပြုသင်ကြားသည့် ဘာသာရပ်များကို ဒေသခံဘာသာစကားဖြင့် သင်ကြားနိုင်ရန် ခွင့်ပြုပေးသင့်သည်။ ယင်းအပြောင်းအလဲများသည် ပညာရေးဝန်ကြီးဌာန၏ ကျောင်းများနှင့် ပေါင်းစပ်ကျောင်းများတွင် ယင်းဘာသာရပ်များပေါ်တွင် အလေးထားမှုကို တိုးတက်လာစေမည် ဖြစ်သကဲ့သို့ EBEP များအနေဖြင့်လည်း MoE သင်ရိုးညွှန်းတမ်းများမှ

---

[၄၂] Dare (2015).

[၄၃] အတန်းတင်ခြင်းနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်မှာ များစွာ ကျပ်တည်းသည်။ အတန်းတင်စာမေးပွဲကျပါက အတန်းသစ်မတင်ပေးခြင်းသည် ကျောင်းသားများ၏ ကျောင်းတက်လိုစိတ်ပေါ်တွင် အဆိုးသက်ရောက်မှုများစွာရှိသည်။ Hayden and Martin (2013)၊ p. 49

[၄၄] ပညာရေးဝန်ကြီးဌာန (၂၀၁၆) - ၂၀၁၅ နှစ်ကုန်ပိုင်းတွင် ဖြန့်ဝေခဲ့သည့် NESP မူကြမ်းတွင် သင်ယူနိုင်မှု စံသတ်မှတ်ချက်များသည် ကလေးငယ်၏ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးမှု၊ သက်တမ်းတလျှောက် သင်ယူမှုများ ပြုလုပ်သွားနိုင်သည့် အရည်အချင်းများနှင့် ဆက်စပ်တိုင်းတာမည်ဟု အလေးအနက်ဖော်ပြထားသည်။

[၄၅] ပညာရေးဝန်ကြီးဌာန (၂၀၁၆) - ၂၀၁၅ နှစ်ကုန်ပိုင်းတွင် ဖြန့်ဝေခဲ့သည့် NESP မူကြမ်းတွင် သင်ယူနိုင်မှု စံသတ်မှတ်ချက်များသည် ကလေးငယ်၏ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးမှု၊ သက်တမ်းတလျှောက် သင်ယူမှုများ ပြုလုပ်သွားနိုင်သည့် အရည်အချင်းများနှင့် ဆက်စပ်တိုင်းတာမည်ဟု အလေးအနက်ဖော်ပြထားသည်။

အချို့ကို အသုံးပြုလာစေရန်၊ MoE စာမေးပွဲအတွက် ကျောင်းသားများကို ပြင်ဆင်သင်ကြားပေးစေရန် တွန်းအားပေးနိုင်မည်ဖြစ်သည်။ နောင်တွင် အစိုးရအနေဖြင့် EBEP များ အသိအမှတ် ပြုထားသည့် အရည်အချင်းများကို ပြန်လည်စစ်ဆေးရန် လုပ်ငန်းစဉ်များ စနစ်တကျ ဆောင်ရွက်လာနိုင် သည်။ အထူးသဖြင့် တိုင်းရင်းသား ဘာသာစကား ဘာသာရပ်များတွင်ဖြစ်သည်။

***အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၉။ ။*** *ပညာရေးဝန်ကြီးဌာန၏ သင်ရိုးညွှန်းတမ်းနှင့် ဆန်းစစ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၏ လုပ်ငန်းအစိတ်အပိုင်းအနေဖြင့် MTB-MLE စနစ်ကို မြှင့်တင်ရန်၊ အမျိုးအစားစုံလင်ပြီး အားလုံးပါဝင်နိုင်သည့် ပညာရေးကဏ္ဍ ပေါ်ပေါက်လာရန်အတွက် EBEP နှင့် MoE စနစ်များ ကြားဟန်ချက်ညီရန်လည်း ဆောင်ရွက်သွားသင့်သည်။ MoE နှင့် EBEP များကြား တိုက်ရိုက် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခြင်းဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် များစွာ မြန်ဆန်သွက်လက်လာမည်ဖြစ်သည်။ စနစ်များကြားတွင် အဖုအထစ်မရှိ အပြန်အလှန် အကျိုးပြုလာနိုင်မည်ဖြစ်သကဲ့သို့ ပညာရေးဝန်ကြီးဌာန မူဘောင်များသည်လည်း မြန်မာ့ပညာရေးကဏ္ဍတွင် ပုံစံမျိုးစုံဖြင့် တည်ရှိနေသည့် အမျိုးအစား စုံလင်ကွဲပြားမှုကို ချောမွေ့စွာဖြစ်ထွန်းစေမည်ဖြစ်သည်။ လက်ရှိကျင့်သုံးနေသည့် သင်ရိုးများ၊ ဆန်းစစ်မှု မူဘောင်များကို နှိုင်းယှဉ်သုံးသပ်နိုင်ရန် အတွက် ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့်လိုအပ်သည်။ စနစ် တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနိုင်ရန် ချဉ်းကပ်ပုံများ ပြောင်းလဲပူးပေါင်းရန် လိုအပ်သည့်နေရာများ ဖော်ထုတ်ရန်လည်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။*

***အစိုးရသို့ တိုက်တွန်း အကြံပြု ချက် ၁၀။ ။*** *သင်ရိုးညွှန်းတမ်း၊ ဆန်းစစ်မှု မူဘောင်များ ပြုပြင်ပြောင်းလဲရာတွင် EBEP များကို ဖြစ်နိုင်သမျှ ပါဝင်စေရန်။*

***EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၃။ ။*** *အစိုးရဆောင်ရွက်သည့် သင်ရိုးညွှန်းတမ်းနှင့် ဆန်းစစ်မှု မူဘောင်များ ပြုပြင်ပြောင်းလဲရာတွင် ပါဝင်ပြီး၊ အမြင်သဘောထားများ တင်ပြရန်၊ စနစ်များကြား အပြန်အလှန်အကျိုးပြုရေးကို ပံ့ပိုးပေးရန်။*

***အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၈။ ။*** *ပညာရေးစနစ်များတစ်ခုနှင့်တစ်ခုအပြန်အလှန်အကျိုးပြုခြင်းကို မြှင့်တင်နိုင်ရန်အတွက် ပူးပေါင်းသုတေသနပြုလုပ်ခြင်း၊ ပူးပေါင်း သင်ရိုးရေးဆွဲခြင်းများ ဆောင်ရွက်ရန်။*

***နိုင်ငံတကာအလှူရှင်အသိုင်းအဝိုင်းသို့တိုက်တွန်းအကြံပြုချက် ၄၊၈။ ။*** *ပညာရေးစနစ်များ တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးပြုခြင်းကို မြှင့်တင်နိုင်ရန်အတွက် ပူးပေါင်းသုတေသန ပြုလုပ်ခြင်း၊ ပူးပေါင်း သင်ရိုးရေးဆွဲခြင်းများ ဆောင်ရွက်ခြင်းကို ပံ့ပိုးရန်*

**အမြန်ဆုံး အကောင်အထည်ဖော်ရမည့် ရေတိုကိစ္စရပ်များ -** အထက်ဖော်ပြခဲ့ပါ ရေရှည် လုပ်ငန်းများ အောင်မြင်ရန်အတွက်မှာ ညှိနှိုင်းခြင်း၊ အပေးအယူ ဆွေးနွေးခြင်းများကို နှစ်ပေါင်းများစွာ အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်သည်။ သို့သော်လည်း လက်ရှိ အတန်းပညာသင်ယူနေသည့်ကျောင်းသားများနှင့် နီးနီးစပ်စပ် အနာဂတ်အတွက် ပြဿနာများ ပြေလည်စေရန် အမြန်ဆုံးအကောင်အထည်ဖော်နိုင်သည့် ရေတိုကိစ္စရပ် များစွာရှိသည်။

EBEP ကျောင်းများတွင် တက်ရောက်ခဲ့ဖူးသည့် ကျောင်းသားများ၊ ဗမာဘာသာစကား ကျွမ်းကျင်မှုအားနည်းသည့် ကျောင်းသားများ အပါအဝင် ကျောင်းသားများအားလုံး ကျောင်းအပ်နှံပြီး ကျောင်းတက်ရောက်နိုင်ရေးကို ပညာရေးဝန်ကြီးဌာနအနေနှင့် ဦးစားပေးအဖြစ် ဆောင်ရွက်သင့်သည်။ ကျောင်းအပ်နှံခွင့်သည် အပိုငွေကြေးပေးနိုင်မှု သို့မဟုတ် ပုဂ္ဂိုလ်ရေးခင်မှုပေါ်တွင် မှီခိုနေခြင်း မရှိစေရ။ လာဘ်ပေးလာဘ်ယူခြင်းသည် အစိုးရ၏ အခြေခံဥပဒေဆိုင်ရာ ကတိကဝတ်ဖြစ်သော ကလေးငယ်များအားလုံး ပညာသင်ယူသွားနိုင်ရေး နှင့် ဆန့်ကျင်သည်ဖြစ်သောကြောင့် ပညာရေးဝန်ကြီးဌာန အနေဖြင့် မည်သည့်အခြေအနေတွင်မှ သည်းခံ ခွင့်လွှတ်ခြင်း မပြုသင့်ပါ။

***အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၁၁။ ။*** *EBEP ကျောင်းများတွင် တက်ရောက်ဖူးခဲ့သူများ၊ ဗမာစကား ကောင်းစွာ တတ်မြောက်ခြင်း မရှိသည့် ကလေးငယ်များအပါအဝင် ကလေးများအားလုံး အခြေခံပညာသင်ယူခွင့်ကို အပြည့်အဝ သင်ကြားခွင့်ရရန် ဆောင်ရွက်ရမည်။*

ပညာရေးဝန်ကြီးဌာနကျောင်းများအနေဖြင့် EBEP များက ထုတ်ပေးလိုက်သည့် ကျောင်းပြောင်းလက်မှတ်ပါ အတန်းအတိုင်း လက်ခံနိုင်ရန် အခြေခံစနစ်တစ်ခုကို ပြုစုရမည်။ အတန်းစစ်စာမေးပွဲစနစ်ကို အသုံးပြုမည် ဆိုပါက ရှင်းလင်းသည့်မူဝါဒများ ရှိရမည်။ သို့မှသာ EBEP များအနေဖြင့် ပြောင်းရွှေ့လိုသည့် ကျောင်းသားများကို ပြင်ဆင်သင်ကြားပေးနိုင်မည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ချက်များနှင့်အတူ MoE နှင့် EBEP တို့ သည် ကျောင်းပြောင်းခြင်းနှင့်ပတ်သက်ပြီး ပို၍ စနစ်ကျသော သတ်မှတ်ချက်များ၊ ပုံသေမှုများကို ပူးပေါင်း ဖော်ထုတ်ထားရမည်။

***အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၉။ ။*** *EBEP ကျောင်းများနှင့် ပညာရေးဝန်ကြီးဌာနကျောင်းများ ရွှေ့ပြောင်းတက်ရောက်ရာတွင် လွယ်ကူစေရန် အခြေခံသတ်မှတ်ချက်များ ချမှတ်ထားရမည်။*

- *ပညာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသည့် EBEP များမှ ထုတ်ပေးသည့် ကျောင်းပြောင်းလက်မှတ်*
- *အတန်းစစ်စာမေးပွဲများအတွက် ပုံသေမူဝါဒ အသုံးချခြင်း*

***အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၁၀။ ။*** *ကျောင်းသားအရွှေ့အပြောင်းအတွက် ပုံသေဖြစ်သည့်၊ စနစ်တကျဖြစ်သည့် သတ်မှတ်ချက်များကို အစိုးရနှင့် EBEP တို့ နီးနီးကပ်ကပ် ပူးပေါင်းလျက်ဖော်ထုတ်ရန်။*

ယင်းသတ်မှတ်ချက်များ ဖော်ထုတ်သတ်မှတ်ရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာ အကူအညီ ရယူလျက် ဆောင်ရွက်နိုင်သည်။ ပညာရေးဝန်ကြီးဌာနနှင့် EBEP များ၏ လက်ရှိအသုံးပြုနေသည့် သင်ရိုးများ၊ ဆန်းစစ်မှု သတ်မှတ်ချက်များကို နှိုင်းယှဉ်လေ့လာခြင်း၊ EBEP မှ ကျောင်းသားများ ပညာရေးဝန်ကြီးဌာန၏ကျောင်းများသို့ရွှေ့ပြောင်းတက်ရောက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ အတန်းလျှော့ခံရသည့် ကျောင်းသားများနှင့် အတန်းအလျှော့မခံရသည့် ရွှေ့ပြောင်း ကျောင်းသားများကြား နှိုင်းယှဉ်လေ့လာချက်၊ လက်ရှိအခြေအနေတွင် EBEP မှ MoE စနစ်သို့ ကူးပြောင်းခြင်းကို မည်သို့ကိုင်တွယ်ရမည် အစရှိသည် ခေါင်းစဉ်များကို သုတေသနပြုလေ့လာသင့်သည်။

***အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၁၁။ ။*** *အသစ်ဖော်ထုတ်ထားသည့် သုတေသနရလဒ်များ၊ ကျောင်းသားများကို စောင့်ကြည့်ခြင်း၊ ကျောင်းဆောင်ရွက်ပုံများကို လေ့လာပြီး ရရှိလာသည့် အချက်အလက်များပေါ် အခြေခံပြီး ကျောင်းပြောင်းခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ဖော်ထုတ်သင့်သည်။*

***နိုင်ငံတကာ အလှူရှင်အသိုင်းအဝိုင်းသို့ တိုက်တွန်းချက် ၅။ ။*** *အခြေခံသုတေသနပြုလုပ်ခြင်း၊ ကျောင်းသားနှင့် ကျောင်းများကို စောင့်ကြည့်ခြင်းတို့တွင် နိုင်ငံတကာ အလှူရှင်များအနေဖြင့် အစိုးရနှင့် EBEP များကိုပံ့ပိုးပေးသင့်သည်။*

ကျောင်းအပ်နှံပြီးသည့် ကျောင်းသားများအနေဖြင့် အခြေခံမကောင်း၍ သော်လည်းကောင်း၊ ဘာသာစကား အခက်အခဲကြောင့်သော်လည်းကောင်း ကျောင်းစာလိုက်နိုင်ခြင်းမရှိပါက အပိုအထောက်အကူများ ပေးအပ်ခြင်းဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်များကို အမြင့်ဆုံးအဆင့်ထိ မြှင့်တင်ပေးရမည်။ ဗမာစကားမပြောသူ အများစု ပါဝင်သည့်အတန်းများတွင် ၎င်းတို့မိခင်ဘာသာစကားဖြင့် ပြောဆိုနိုင်သည့် ဆရာမ သို့မဟုတ် လက်ထောက်များရှိရမည်။ ကျောင်းသားများသည် ၎င်းတို့နှင့်သင့်တော်သည့် အတန်းများတွင် တက်ရောက်နိုင်ရန် ပညာရေးဝန်ကြီးဌာနက အသေအချာ စစ်ဆေး ဆောင်ရွက်သင့်သည်။ နောက်ကျနေခဲ့ခြင်းကြောင့် ကျောင်းထွက်ခြင်းများ လျော့သွားစေရန် ဆောင်ရွက်ပေးရမည်။

***အစိုးရသို့ အကြံပြုတိုက်တွန်းချက် ၁၂။ ။*** *EBEP ကျောင်းများမှ ပြောင်းရွှေ့လာသူများအဖို့ ၎င်းတို့၏ သင်ယူတတ်မြောက်မှုကို မြှင့်တင်ပေးရန်၊ ဘာသာစကား၊ ပညာရပ်ဆိုင်ရာ အခက်အခဲ အားနည်းမှုများကို ပြန်လည်ကုစားပေးရန် ထပ်တိုးထောက်ပံ့မှုများ အသေအချာပြုလုပ်ပေးရမည်။*

***အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၁၃။ ။*** *EBEP ကျောင်းများမှ ရွှေ့ပြောင်းလာသည့် ကျောင်းသားများကို ၎င်းတို့နှင့် သင့်တော်မှုအရှိဆုံးအတန်း၊ ၎င်းတို့သင်ယူမှုကို အများဆုံး အကျိုးပြုမည့် အတန်းတွင် တက်ရောက်စေရမည်။*

EBEP များအနေဖြင့် အဆင့်မြင့်ပညာရေးလမ်းကြောင်းကို စီစဉ်ပေးနိုင်ခြင်း မရှိသည့်အခါတွင် ကျောင်းသားများသည် ရွှေ့ပြောင်း ပညာရှာကြတော့မည်ကို ကြိုတင်သိထားပြီး ယင်းကျောင်းသားများအနေဖြင့် ဗမာစကား ရေရေလည်လည် ပြောတတ်စေရန်သင်ကြားပေးရမည်။ ဖြစ်နိုင်ပါက အတန်းစစ် စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ စတင် ပြုလုပ်ပေးထားရမည်။ အထက်ဖော်ပြခဲ့ပါအတိုင်း ပညာရေးဝန်ကြီး ဌာနနှင့် EBEP တို့သည် ကျောင်းသားရွှေ့ပြောင်းခြင်းနှင့် ပတ်သက်ပြီး အတည်တကျဖြစ်စဉ်တစ်ခုကို သဘောတူညီနိုင်ခဲ့သည် ဆိုပါက ယင်းပြင်ဆင်မှုများသည် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

***EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၄။ ။*** *ကျောင်းပြောင်းကာ ပညာရှာမည့်လမ်းကို ရွေးချယ်မည်ဆိုပါက ကျောင်းသားများအနေဖြင့် ပညာရေးဝန်ကြီးဌာနကျောင်းတွင် အလွယ်တကူ တက်ရောက်နိုင်ရန်အတွက် EBEP များအနေဖြင့် တာဝန်ယူပြင်ဆင်သင်ကြားပေးထားရမည်။*

ပြုပြင်ပြောင်းလဲမှုကို ကဏ္ဍတစ်ခုလုံးအဆင့် ဆောင်ရွက်ခြင်းမပြုမီ ပညာရေးဝန်ကြီးဌာန စာမေးပွဲများတွင် တိုင်းရင်းသား ဘာသာစကား ဘာသာရပ်များကို အခြားဘာသာရပ်များနည်းတူ အလေးပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ရေတိုအစီအစဉ်များ ဖော်ထုတ်သင့်သည်။ KSEAD/KED နှင့် KNED ကဲ့သို့သော EBEP များမှ အရည်အသွေးသတ်မှတ်ချက်များကို လက်ခံအသိအမှတ်ပြုနိုင်မည့် နည်းလမ်းများကိုလည်း ပြင်ဆင်ထားရမည်။ သောင်းဂဏန်းမဟုတ်သည့်တိုင် ထောင်နှင့်ချီသော ဒုက္ခသည် ကျောင်းသားများသည် EBEP ကျောင်းများမှ အသိအမှတ်ပြုလက်မှတ်များ ရရှိထားကြသူများဖြစ်သည်။ ယင်းလက်မှတ်ရရှိသူ အများစုမှာ မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်လာရန် အစိုးရက မျှော်လင့်နေသူများဖြစ်သည်။ အစိုးရအနေဖြင့် ယင်းအသိအမှတ်ပြုလက်မှတ်များပါ အရည်အချင်းသည် MoE၏ အတန်းသတ်မှတ်ချက်နှင့် တန်းတူမှု ရှိမရှိ သုံးသပ်ပြီး သင့်တော်သည့် အဆင့်အတိုင်း တရားဝင်အသိအမှတ်ပြု ရမည်ဖြစ်သည်။ မူအရဆိုလျှင် ယင်းသတ်မှတ်ချက်များကို ပညာရေးဝန်ကြီးဌာန သတ်မှတ်ချက်များနှင့်အညီ သဘောထား အသိအမှတ်ပြုသင့်သည်။

***အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၁၄။ ။*** *ဆန်းစစ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည့်အခါတွင် တိုင်းရင်းသား ဘာသာရပ်များသည်လည်း အခြားသော ဘာသာရပ်များ နည်းတူ ကျောင်းအုပ်ချုပ်သူများ၊ ကျောင်းသားများမှ အလေးထားလေးစားလာစေရန်လည်း ဆောင်ရွက်ရမည်။*

***အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၁၅။ ။*** *EBEP အသိအမှတ်ပြုအရည်အချင်းများကို အသိအမှတ်ပြုနိုင်ရန် ပြီးပြည့်စုံသည့်စနစ်တစ်ခု ပြုစုနေစဉ်တွင် EBEP များမှ ထုတ်ပေးလိုက်သည့်*

*အသိအမှတ်ပြုလွှာများကို အစိုးရအနေဖြင့် တရားဝင် အသိအမှတ်ပြု လက်ခံရန် လုပ်ငန်းများ စတင်သင့်သည်။ ကရင် နှင့် ကရင်နီ EBEP များ၏ ဒုက္ခသည်စခန်းမှ ကျောင်းများမှ ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်သည် လူသိများသည်။ အခြားယုံကြည်စိတ်ချရသည့် အဖွဲ့အစည်းမှ ထုတ်ပေးသည်များလည်း ရှိနိုင်သည်။*

## EBEP အရည်အသွေးနှင့် ငွေကြေးပံ့ပိုးမှု

EBEP များအဖို့ ၄င်းတို့ပံ့ပိုးသည့် ပညာရေး အရည်အသွေးတိုးတက်စေရန်အတွက် ဆောင်ရွက်ရာတွင် အခက်အခဲ ကြီးကြီးမားမားများရှိသည်။ အချို့သော အခက်အခဲများသည် MoE အနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဆင်တူသည်။ သို့သော်လည်း ငွေကြေးချို့တဲ့ခြင်း၊ ဆရာနှုတ်ထွက်မှုများခြင်း၊ ရေရှည် မဟာဗျူဟာများဆွဲရာတွင် အခက်အခဲများရှိခြင်းကို အဓိက ကြုံတွေ့ကြရသည်။

**ငွေကြေး နှင့် ပံ့ပိုးမှုများ** - ဒေသခံရပ်ရွာတစ်ခုလုံးမှ အလှူငွေ ကောက်ခံလေ့ရှိပြီး ရပ်ရွာတစ်ခုလုံးအနေဖြင့် ဝိုင်းဝန်းထည့်ဝင်ရန်၊ ဝန်းရံကြရန် ဒေသခေါင်းဆောင်များ၏ တိုက်တွန်းကောက်ခံ စုစည်းပေးမှု ပေါ်တွင် လည်းရံဖန်ရံခါမှီခိုနေရသည်။ ဆရာများလစာအတွက် မိဘများမှ အထူးလှူဒါန်းသည်များရှိသည်။ အစိုးရကျောင်းများသည်လည်း ရပ်ရွာများ၏ပံ့ပိုးမှုတွင် မှီခိုနေသည်ကိုလည်း သိထားရန်လိုအပ်သည်။ အစိုးရကျောင်းကော်မတီသည် အပိုရန်ပုံငွေများ စုစည်းတတ်လေ့ရှိသောကြောင့် မိဘများအနေဖြင့် ၄င်းတို့ ကလေးများကို ကျောင်းထားရန် တရားဝင်မဟုတ်သည့် ကောက်ခံမှုများ၊ ပေးသွင်းရမှုများကို ပေးသွင်းရင်း ဝန်ပိနေကြသည်။

BEP များသည် ရပ်ရွာများမှ ပံ့ပိုးသည့် ရန်ပုံငွေများအပြင် နိုင်ငံတကာ အလှူရှင်များ၊ အထူးသဖြင့် INGO များနှင့် စုပေါင်း ရန်ပုံငွေမှ ပံ့ပိုးမှုများပေါ်တွင်မှီခိုနေရသည်။ စီမံကိန်းအလိုက် ငွေကြေးထောက်ပံ့သည် ဖြစ်သောကြောင့် ရေရှည် အစီအစဉ်ရေးဆွဲရာတွင် အခက်အခဲရှိသည်။ EAO မှ တာဝန်ယူ အုပ်ချုပ်နေသည့် နယ်မြေများတွင်မူ ၄င်းတို့မှ အချို့သော ပံ့ပိုးမှုများပြုလုပ်ပေးသည်။ အပစ်အခတ်ရပ်စဲထားပြီး ဝင်ငွေလမ်းကြောင်း တည်ငြိမ်သည်ဆိုပါက ပံ့ပိုးမှုရရှိရန် သေချာသလောက်ဖြစ်သည်။ တိုင်းရင်းသားဒေသများတွင် ပညာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားခြင်းမဟုတ်ပဲ အစိုးရအထောက်အပံ့ရရှိသည့် တစ်ခုတည်းသော ကျောင်းအမျိုးအစားမှာ သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ဘုန်းတော်ကြီးသင်ကျောင်းများဖြစ်သည်။ အခြားဘာသာရေးနှင့် ဆက်နွယ်သည့်ကျောင်းများကို အစိုးရ ထောက်ပံ့ခြင်းမရှိပါ။

**ဆရာများ၏ လစာရိက္ခာနှင့် သင်တန်းပေးခြင်း** - ဆရာလစာမှာ အလွန်နိမ့်ပြီး ၁ နှစ်ထက်ပို၍ထောက်ပံ့နိုင်မည်ဟု အာမခံနိုင်ခြင်းမရှိပါ။ ယင်းကိစ္စသည် EBEP များ ထပ်တလဲလဲ ရင်ဆိုင်ရသည့် အခက်အခဲကြီးဖြစ်သည်။ မူလတန်းလွန် ပေါင်းစပ်ကျောင်းတစ်ခုမှ MoE ကျောင်းအုပ်ဆရာကို မွန်ဘာသာ ပညာရေးအရည်အသွေး ကောင်းမွန်စေရန် မည်သည့်အခက်အခဲရှိသနည်းဟု မေးမြန်းသည့်အခါတွင် MNED ဆရာများကို ခန့်ထားရေးဖြစ်သည်ဟုဆိုသည်။ မွန်ဘာသာ သင်ကြားရေးအတွက် အစိုးရမှ လစာအနည်းငယ်သာ ထောက်ပံ့သည်။ " MNED ဆရာ အနေနဲ့ ဆက်လက် လုပ်ကိုင်ဖို့ ခက်ပါတယ် " ဟု ပြောသည်။ EBEP ဆရာများ လုပ်ငန်းခွင်တွင် မြဲနေရေးမှာ ၄င်းတို့၏ ပုဂ္ဂိုလ်ရေးအရ စိတ်ပါဝင်စားမှု၊ ရပ်ရွာအကျိုး သယ်ပိုးလိုသည့် စိတ်ထားများပေါ်တွင် မူတည်နေလေ့ရှိသည်။ EBEP အများစုတွင် ဆရာများကို စနစ်တကျသင်တန်းပေးရန်အတွက် လုံလောက်သည့် ငွေကြေးပြင်ဆင်ထားနိုင်ခြင်းမရှိပါ။ အလုပ်ထွက်သည့်နှုန်းမှာလည်း မြင့်မားသည်ဖြစ်သောကြောင့် လုပ်ငန်းခွင်ဝင်နေသည့် ဆရာများကို သင်တန်းအမြဲအရပေးနိုင်ရန်မှာလည်းအခက်အခဲရှိနေပြန်သည်။ ကျောင်းသုံးပစ္စည်းမလုံလောက်မှုမှာ အားလုံးရင်ဆိုင်နေရသည့် ပြဿနာဖြစ်သည်။

အားလုံးအတွက် ပညာရေးဟုရည်ရွယ်လျက် နိုင်ငံ၏ ပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော် ရာတွင် EBEP များကို နိုင်ငံတွင်းရှိ အဝေးလံဆုံးဒေသများ၊ အောက်ခြေလူတန်းစားများအတွက် ပညာရေးပံ့ပိုးပေးနိုင်သည့် တန်ဖိုးထားဆက်ဆံရမည့် လုပ်ဖော်ကိုင်ဖက်များအဖြစ် သတ်မှတ်ရမည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများအတွက် နိုင်ငံရေးအဖြေမရမချင်း EBEP များသည် နိုင်ငံအစိုးရနှင့် ကင်းလွတ်နေမည်ဖြစ်သကဲ့သို့ ပညာရေးစရိတ်အတွက် ပြည်သူ့ဘဏ္ဍာမှ ထုတ်ယူသုံးစွဲသည့်အခါလည်း ၄င်းတို့ကို စာရင်းမှ ဖယ်ထုတ်ထားအုံးမည်ဖြစ်သည်။ နောင်လာမည့် ၅ နှစ်မှ ၁၀ နှစ်အတွင်း အလှူရှင်များအနေဖြင့် EBEP များသို့ ပုံမှန်ပံ့ပိုးမှုများဆက်လက်ပြုလုပ်သင့်သည်။ အဓိက ရည်ရွယ်ချက်ကြီး ၂ ခုကို အဓိက ထားလျက် ပံ့ပိုးမှုများ ဆက်လက်ပြုလုပ်သင့်သည်။

- ပညာရေးဝန်ကြီးဌာနမှ ဆရာများ လစာနီးပါး EBEP ဆရာများကို လစာတိုးပေးရန်၊ ပုံမှန်ပေးနိုင်ရန်
- စနစ်များ အားကောင်းရေးနှင့် မဟာဗျူဟာရေးဆွဲနိုင်ရန် EBEP များ နှင့် ရေရှည်လက်တွဲ ပူးပေါင်းဆောင်ရွက်ရန်

မြန်မာ့ပညာရေးမြှင့်တင်မှု လက်တွဲဆောင်ရွက်ရေးအဖွဲ့ (MEC) သည် အလှူရှင်များစုပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့် အဆင့်တစ်ခုဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် MEC မှ မဟာဗျူဟာ တစ်ခုကို ပြုစုခဲ့သည်။ တိုင်းရင်းသား နှင့် ဘုန်းတော်ကြီးသင်ပညာရေးစနစ်များကို အားကောင်းစေရန်အတွက် ပညာရေးစနစ်များကြား နီးစပ်မှုရှိရေး၊ မူဝါဒပိုင်းဆိုင်ရာ ပူးပေါင်းနိုင်ရေးကို အထူးအာရုံစိုက်ဆောင်ရွက်သွားရန် ဟူသော မဟာဗျူဟာကို ချမှတ်ခဲ့သည်။[၄၆] World Education၊ Child's Dream၊ Save the Children ကဲ့သို့သော INGO များသည်လည်း EBEP များနှင့် ဆက်ဆံရေးကောင်းစွာရှိထားကြပြီး နိုင်ငံတကာ အကူအညီများ အဓိက ဝင်ရောက်သည့် လမ်းကြောင်းများ အဖြစ်

[၄၆] မြန်မာ့ပညာရေးမြှင့်တင်မှု လက်တွဲဆောင်ရွက်ရေးအဖွဲ့ (၂၀၁၆)၊ စာမျက်နှာ ၄

ဆက်လက်ကူညီနေကြဆဲဖြစ်သည်။

***နိုင်ငံတကာ အလှူရှင်အသိုင်းအဝိုင်းသို့ တိုက်တွန်းအကြံပြုချက်။ ။*** *EBEP များကို ရည်ရွယ်ချက် ၂ ခုအတွက် ပုံမှန်တည်ငြိမ်သည့် အထောက်အပံ့များဆက်လက်ပံ့ပိုးသင့်သည်။ EBEP ဆရာများ လစာတိုးပေးနိုင်ရန် လစာပုံမှန်ပေးနိုင်ရန် နှင့် စနစ်ပိုမိုအားကောင်းလာစေရန် ရေရှည်ပူးပေါင်းမှုများကို ပံ့ပိုးအားပေးရန်။*

***EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၅။ ။*** *ယုံကြည်ရသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် မိမိစနစ်အားကောင်းရေးကို အဖွဲ့အစည်း၏ မဟာဗျူဟာတွင် ဦးစားပေးထည့်သွင်းရန်။ အထူးသဖြင့် အစဉ်အမြဲတိုးတက်နေသည့် အစိုးရ၏ ဝန်ဆောင်မှုများနှင့် တန်းတူလိုက်နိုင်ရန် ရည်ရွယ်ပြင်ဆင်ရန်။*

***နိုင်ငံတကာအလှူရှင်အသိုင်းအဝိုင်းသို့တိုက်တွန်းအကြံပြုချက် ၆။ ။*** *နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းများသည် EBEP အခြေအနေနှင့်သော်လည်းကောင်း၊ ၄င်းတို့ လုပ်ငန်းဆောင်ရွက်သည့်ပုံစံနှင့်သော်လည်းကောင်းအံဝင်ခွင်ကျဖြစ်စေရန် စီမံကိန်းအစောပိုင်း အဆင့်များမှနေ၍ EBEP များနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။*

EAO များအနေနှင့်လည်း ပညာရေးအပါအဝင် လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘတ်ဂျက်များတိုးမြှင့် ချထားနိုင်ရန် အားထုတ်သင့်သည်။ ဒေသခံပြည်သူများပေါ်တွင် အခွန်အခများ တိုးကောက်ခြင်းဖြင့် ဘတ်ဂျက်မြှင့်တင်ရန်မဟုတ်ဘဲ အခြားနည်းလမ်းဖြင့် ပံ့ပိုးရန်ဖြစ်သည်။အခွန်အခသည်ဒေသခံများကိုဖိစီးသည့်သဘောရှိသောကြောင့် တတ်နိုင်သမျှရှောင်ရှားပြီး ကုမ္ပဏီကြီးများထံမှ အခွန်ကောက်ယူခြင်း၊ အခကြေးငွေ စုဆောင်းခြင်း များဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။

***EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် ၆။ ။*** *EAO ပညာရေးဌာန ဘတ်ဂျက်များကို မြှင့်တင်သင့်သည်။*

**ပြည်သူ့ဘဏ္ဍာဖြင့်ဆောင်ရွက်ခြင်း** - ပညာရေးဝန်ဆောင်မှု အားလုံးကို နိုင်ငံတွင်းမှ ထောက်ပံ့နိုင်ပါက အကောင်းဆုံးဖြစ်သည်။ သို့သော်လည်း EBEP များအတွက် ထိရောက်အလုပ်ဖြစ်သော ပြည်သူ့ဘဏ္ဍာဖြင့် ပံ့ပိုးမှုလုပ်ငန်းစဉ်များ ပေါ်ပေါက်လာရန်မှာ အချိန်ယူရမည်ဖြစ်သည်။ ယုံကြည်မှုတည်ဆောက်ရန်လိုအပ်သကဲ့သို့ ပါဝင်သည့် အစုအဖွဲ့များ အားလုံးကြားတွင် နည်းပညာဆိုင်ရာ အခက်အခဲများဖြေရှင်းရေးနှင့်ပတ်သက်ပြီး အသေးစိတ် ဆွေးနွေးညှိနှိုင်းမှုများလည်းရှိရန်လိုအပ်သည်။ အချို့သော EBEP များအတွက်မူ နိုင်ငံရေး အဖြေတစ်ခုရရှိပြီး နိုင်ငံတွင်လည်း ပြုပြင်ပြောင်းလဲမှု အကြီးအကျယ်ဆောင်ရွက်နိုင်သည့်အခါတွင်မှ ယင်းကဲ့သို့ ပြည်သူ့ဘဏ္ဍာမှ ငွေကြေး ပံ့ပိုးမှုလက်ခံရန် ဖြစ်နိုင်မည်ဖြစ်သည်။ ကမ္ဘာတဝှမ်းတွင်လည်း နိုင်ငံအစိုးရအနေဖြင့် အခြား ပညာရေးအဖွဲ့အစည်းများကို ထောက်ပံ့ရန် ပြည်သူ့ဘဏ္ဍာကို အသုံးပြုခြင်းမှာ ထူးခြားသည့် ကိစ္စမဟုတ်ပါ။ MoE နှင့် EBEP များသည်လည်း ယင်းကဲ့သို့ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းများ ဆွေးနွေးနိုင်ရန်အတွက် တရားဝင် ညှိနှိုင်းမှုလုပ်ငန်းစဉ်များကို အသုံးပြုသင့်သည်။ လက်ရှိအချိန်တွင် ဆွေးနွေးမှုအချို့ ပြုလုပ်ပြီးနေပြီဖြစ်သည်။ ပိုမိုရင်းနှီးသည့် ဆက်ဆံရေး တည်ဆောက်ရန်၊ ငွေကြေးပံ့ပိုးရန်နှင့် ဖြန့်ဝေရန် နည်းလမ်းများ စမ်းသပ်ဖော်ထုတ်ရန်အတွက် ရှေ့ပြေးစမ်းသပ်မှုများ ပြုလုပ်ပါက အကျိုးဖြစ်ထွန်းနိုင်သည်။ နိုင်ငံတကာ အလှူရှင်များအနေဖြင့်လည်း ယင်းကိစ္စကို ပံ့ပိုးပေးနိုင်သည်။

EBEP များအတွက် အစိုးရမှ ငွေကြေးပံ့ပိုးပေးနိုင်ရန် အစီအစဉ်များချမှတ်နိုင်သည့်တိုင် လက်နက်ကိုင် ပဋိပက္ခများ အဆုံးသတ်စေရန်အတွက် ပြီးပြည့်စုံပြီး ရေရှည်သဘောဆောင်သည့် သဘောတူညီချက်မရခဲ့ပါက EBEP များသည် ပဋိပက္ခပြန်လည်ဖြစ်ပွားမည့်အခြေအနေအတွက် အသင့်အနေအထား ပြင်ဆင်ထားရအုံးမည် ဖြစ်သည်။ ပြည်သူ့ဘဏ္ဍာဖြင့် ထောက်ပံ့မှုများကို ရုတ်တရက် ဖြတ်တောက်လိုက်သည်ဆိုပါက ပဋိပက္ခဖြစ်ပွားရာ ဒေသများနှင့် IDP စခန်းများတွင် လုပ်ငန်းလည်ပတ်နိုင်ရန် အလှူရှင်များအနေဖြင့် အသင့်ပြင်ဆင်ထားရမည်ဖြစ်သည်။

***အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၁၃။ ။*** *EBEP လုပ်ငန်းများကို ပြည်သူ့ဘဏ္ဍာဖြင့် ပံ့ပိုးနိုင်ရန် နည်းလမ်းရှာဖွေထားရန်။*

***နိုင်ငံတကာအလှူရှင်အသိုင်းအဝိုင်းသို့တိုက်တွန်းအကြံပြုချက် ၇။ ။*** *EBEP များကို ပြည်သူ့ဘဏ္ဍာအသုံးပြုလျက် ထောက်ပံ့ရန် အစိုးရနှင့် EBEP တို့၏ အားထုတ်မှုကို ပံ့ပိုးရန်၊ ပဋိပက္ခများ တဖန်ဖြစ်ပွားလာပါက ပံ့ပိုးမှုအဆက်ပြတ်မသွားစေရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်။*

***အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၁၆။ ။*** *ပညာရေးဝန်ကြီးဌာနမှ ဝင်ရောက်နိုင်ခြင်းမရှိသည့် နေရာများမှ ကျောင်းများကို သာသနာရေးဝန်ကြီးဌာနမှတဆင့် တိုးချဲ့ပံ့ပိုးရန်။*

**တရားဝင်အသိအမှတ်ပြုခြင်း** - EBEP ဆရာများ၊ ကျောင်းများ၊ လေ့ကျင့်ရေးဌာနများကို အပြည့်အဝ အသိအမှတ်ပြုနိုင်ရန် နည်းလမ်းများကို ဖော်ထုတ်ရမည်။ အရည်အသွေးကောင်းမွန်ရန်နှင့် ပို၍ကောင်းမွန်သော စည်းမျဉ်းစည်းကမ်းများ အသုံးချနိုင်ရန်အတွက် အသိအမှတ်ပြုမှု လိုအပ်သည်။ မည်သည့်ပုံစံကို အသုံးပြုသည်ဖြစ်စေ EBEP များကို ပြည်သူ့ဘဏ္ဍာငွေဖြင့် ပံ့ပိုးသည်ဆိုပါက ဗဟိုမှ စည်းကမ်းချခြင်း၊ စောင့်ကြည့်ခြင်းသည် အနည်းနှင့်အများ တွဲလျက်ပါလာမည်ဖြစ်သည်။ မည်သို့ဆိုစေကာမူ နိုင်ငံအစိုးရအနေဖြင့် EBEP များကို ၄င်းတို့ထိန်းချုပ်မှုအောက်သို့ သွတ်သွင်း နိုင်ရန် အားထုတ်ခြင်းသို့မဟုတ် နှောင်းကြိုးတသီတသန်းနှင့် ငွေကြေးပံ့ပိုးမှုများပြုလုပ်ခြင်း၊ အသိအမှတ်ပြုခြင်းများအစား ယုံကြည်မှုတည်ဆောက်နိုင်ရန် အဓိကထားသင့်သည်။ အစိုးရထိန်းချုပ်မှုအောက်သို့ ကျရောက်ခြင်း၊

ကိုယ်ပိုင်လုပ်ပိုင်ခွင့်များ ဆုံးရှုံးရသည့်အတွက် EBEP များအနေဖြင့် ဆန့်ကျင်မှုများ ရှိလာနိုင်သော်လည်း ပုံမှန်အားဖြင့်ဆိုလျှင် ၄င်းတို့၏ ဆောင်ရွက်ချက်များ၊ ဝန်ဆောင်မှုများအတွက် တရားဝင် အသိအမှတ်ပြုမှုကို ရရှိရန် ပို၍မက်မောလေ့ရှိကြသည်။ ထို့အတွက်ကြောင့် တရားဝင် အသိအမှတ်ပြုမှုကို ဆောင်ရွက်ပေးခြင်းဖြင့် နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်သည်။

***အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၁၇။ ။*** *လွတ်လပ်သော EBEP များကို အသိအမှတ်ပြုရန် နည်းလမ်းများကို ဖော်ထုတ်ပြီး ၄င်းတို့နှင့် ဆွေးနွေးရန်။*

***EAO/EBEP သို့ တိုက်တွန်းအကြံပြုချက် ၇။ ။*** *EBEP များအနေဖြင့် နိုင်ငံအစိုးရမှ အသိအမှတ်ပြုဌာနမှ တရားဝင် အသိအမှတ်ပြုမှု ရယူသင့်သည်။*

## ကိုး။ အဓိကမေးခွန်းပုစ္ဆာများနှင့် ဆက်လက်လေ့လာဖတ်ရှုရန်

**ဆွေးနွေးရမည့်အမေးပုစ္ဆာများ**

၁။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် EBEP စနစ်များ နှင့် ဆရာများကို အကောင်းဆုံးဖြစ်အောင် မည်သို့ ပံ့ပိုးပေးနိုင်မည်နည်း။ စနစ်များကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန် မည်သို့ ဆောင်ရွက်နိုင်မည်နည်း။

၂။ ပညာရေးအဖွဲ့အစည်းတစ်ခုခြင်း၏ အားသာချက်များကို အကောင်းဆုံးအသုံးချနိုင်ရန် ပေါင်းစပ်ကျောင်းများကို မည်သည့်နည်းဖြင့် တရားဝင်စေမည်နည်း။

၃။ ပညာရေးနှင့်ပတ်သက်ပြီး ရပ်ရွာ၏ ဦးဆောင်မှုကဏ္ဍ မပျက်စေဘဲ ပုဂ္ဂလိကဝန်ဆောင်မှုအတွက် ငွေကြေးစိုက်ထုတ်သုံးစွဲရခြင်း၊ အစိုးရ ကျောင်းများတွင်လည်း ငွေကြေးစိုက်ထုတ်သုံးစွဲရခြင်းများကို လျှော့ချရန်အတွက် မည်ကဲ့သို့သော ဘက်ဂျတ်၊ ငွေကြေးသုံးစွဲမှု များ ပြုလုပ်ရန် လိုအပ်သနည်း။

၄။ ပညာရေးဆောင်ရွက်နေသည့် အဖွဲ့အစည်း အများအပြားအနက်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများက ယုံကြည်တန်ဖိုးထား ရသည့် လုပ်ဖော်ကိုင်ဖက်အဖြစ် အသိအမှတ်ပြုစေရန် EBEP များအတွက် မည်သည့်နည်းလမ်းသည် အသင့်တော်ဆုံးဖြစ်သနည်း။

၅။ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဦးဆောင်ရန်အတွက် လူထုက ရွေးချယ်ထားသည့် အစိုးရ၏ အစီအစဉ်များနှင့် ၎င်းတို့၏ အစီအစဉ် များ ကိုက်ညီမှုရှိစေရန် EBEP များနှင့် အခြားပညာရေးအဖွဲ့အစည်းများအနေဖြင့် မည်သို့ဆောင်ရွက်နိုင်မည်နည်း။

၆။ ပဋိပက္ခဖြစ်ပွားနေသည့်ဒေသများတွင် ထိရောက်အောင်မြင်သည့် ပညာရေးဆိုင်ရာ ညှိနှိုင်းမှုများ ပေါ်ပေါက်လာစေရန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်က မည်သို့ ကူညီပေးနိုင်မည်နည်း။ ပညာရေး နယ်ပယ် တွင် ပူးပေါင်းဆောင်ရွက်မှုများက ဖက်ဒရယ်စနစ်ကျင့်သုံးသည့် အစိုးရ ပေါ်ထွက်လာရေးအတွက် မည်သို့ ကူညီပေးနိုင်သနည်း။

## ဆက်လက်လေ့လာဖတ်ရှုရန်


Callahan, Mary. 2003. "Language Policy in Modern Burma." In *Fighting Words: Language Policy and Ethnic Relations in Asia,* edited by Michael Brown and Sumit Ganguly, 143-175. Cambridge: MIT Press.

Hayden, Martin, and Richard Martin. 2013. "Recovery of the Education System in Myanmar" Journal of International and Comparative Education 2 (2): 47-57.

Jolliffe, Kim. 2014. "Ethnic Conflict and Social Services in Myanmar's Contested Regions". The Asia Foundation. Available at: http://asiafoundation.org/publication/ethnic-conflict-and-social-services-in-myanmars-contested-regions/

Jolliffe, Pia. 2016. *Learning, Migration and Intergenerational Relations: The Karen and the Gift of Education*. Basingstoke: Palgrave Macmillan UK.

Karen Teacher Working Group – KTWG. 2016. *Impact of the Daily-Wage Teacher (DWT) Policy on Education in Karen Areas*.

Kyaw Yin Hlaing. 2007. "The Politics of Language Policy in Myanmar: Imagining Togetherness, Practicing Difference?" In *Language, Nation and Development in Southeast Asia,* edited by Lee Hock Guan and Leo Suryadinata. Singapore: Institute of Southeast Asian Studies.

Lall, Marie, and Ashley South. 2011. *Education, Conflict and Identity: Non-State Ethnic Education Regimes in Burma.* Education Support Program Working Paper No. 54. Privatisation in Education Research Initiative. Available at: http://www.periglobal.org/role-state/document/education-con%EF%AC%82ict-and-identity-non-state-ethnic-education-regimes-burma.

Lenkova, Polina. 2015. *Conflict Sensitivity in Education Provision in Karen State.* Thabyay Education Foundation. Available at: http://www.thabyay.org/uploads/2/6/7/4/26749033/cs_ed_prov_karen.pdf.

Myanmar Education Consortium. 2016. *Myanmar Education Consortium Program Strategy.* January 2016.

Myanmar Ministry of Education. 2016. *National Education Strategic Plan: Policy and Programming Framework.*

Salem-Gervais, Nicolas, and Metro, Rosalie. 2012. "A Textbook Case of Nation Building:
The Evolution of History Curricula in Myanmar." *Journal of Burma Studies* 16 (1): 27-78.

South, Ashley, and Marie Lall. 2016. *Schooling and Conflict: Ethnic Education and Mother-tongue-based Teaching in Myanmar.* The Asia Foundation. Available at: http://asiafoundation.org/publication/schooling-and-conflict-ethnic-education-and-mother-tongue-based-teaching-in-myanmar/.

Speers Mears, Emily, Poul Erik Rasmussen, Liza May Thet Thet Oo, and Zaceu Lian. 2015. *Analysis of Education Services in Contested Areas of Myanmar: Final Report.* Myanmar Education Consortium. Available at: https://mecmigration.files.wordpress.com/2016/05/mec-contested-areas-report-july-20151.pdf.

World Education. 2016. "School Committees and Community Engagement in Education in Karen State".

The Asia Foundation
Improving Lives, Expanding Opportunities

No.17, Thu Khi Tar Street
Pyi Thar Yar Residence Lane 1
15 Ward, Bauk Htaw, Yankin Township
Yangon, Myanmar